# The HOT NEWS weekly

Vol- 3, No-147 , 5 - 11 Jul , 2013

E-mail - admin@hotnewsweekly.com





❛❛ သတ္တုကျောက်များကိုပန်းမော် လွယ်ဂျယ်လမ်းမှ ကားကြီးပေါင်း အစီးရေ(၃၀၀) ကျော်ဖြင့်တရုတ်ပြည်သို့ နေ့စဉ်အစီး (၅၀) ကျော် တိုက်ရိုက်တင်ပို့နေကြောင်း… ရွှေဖြူ၊ ရွှေခဲ၊ ကြေးနီ၊ ဘော်စတဲ့ဒြပ်စင်အနည်းဆုံး(၇) မျိုးပါသည့် သတ္တုကျောက်ဆိုတာ ဒါပဲနေမှာ တချို့ကားတွေကနောက် ပိတ်အဖုံးပါပြီး တစ်ချို့ကားတွေမှာ နောက်ပိတ်အဖုံးမပါဘဲ၊ ကားပေါ်မှာတစ်တောင်ခွဲ၊ နှစ်တောင်ခန့် အမြင့်သာတင်ထားပေမဲ့ ကားလေးထုပ်ကတော့စန်နေပြီ။ အလေးချိန်အလွန်စီးပြီး ယခုလဆန်းလမ်းအလွန်ဆိုးလာသဖြင့် လျှော့တင်နေကြကြောင်းသိရသည်။ တရုတ်ပြည် အရောက်ကား တင်ခ-တစ်တန် (၆၀၀၀ဝိ/)တောင်ပေးကြောင်း။ ဘယ်လိုဒြပ်စင်တွေပါပြီး ဘယ်လောက်တန်ဖိုးကြီးသည်မသိ။နည်းပညာမ ရှိ၍ မိမိတိုင်းပြည်မှာမသန့်စင်နိုင်တာ…❜❜

❛❛ ကျွန်းခွဲသား၊ သံမလန်းတွေအဖုံး အကာမပါဘဲ တရားမဝင်သွားနေကြတာ တပ်ဂိတ်၊ ရဲဂိတ်တွေကမဖမ်းဘူးလား”ဟု မေးကြည့်ရာ သူက “အေးဆေးပါ၊ ဘာမှမတင်ဘဲ ကားအလွတ်ဖြတ် ရင်တော့ ဂိတ်တွေကသိပ်မကြည့်ဘူး။ စိတ်ဆိုးတယ်”တဲ့…❜❜

❛❛ မိုးရွာတုန်းရေခဲ၊ အခြေအနေကောင်းတုန်းလေး စီးပွားရှာရတာ၊ သတ္တုတွင်းဝန်ကြီးဌာန - - - သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်လို့ ကားမှန်မှာရေးကပ်ထားတာမို့ ဘယ်ဂိတ်ကမှ မတောင်းရဲ၊ မစစ်ရဲ၊ မရစ်ရဲဘူး…❜❜

စာ ၂၂ သို့

လာဘ်စားမှုအများဆုံးကျောင်း ၁၉ ကျောင်း တိုင်းဒေသကြီး အစိုးရယော်ထုတ်ခြင်းမဟုတ်သော်လည်း သတိထားစောင့်ကြည့်နေရသည့်အနေအထားရှိ စာ ၄ သို့







မြန်မာလို အစအဆုံးအသုံးပြုနိုင်သည်။

- တစ်မူထူးခြားသော အရေးပေါ်အကူအညီ ခလုတ်ပါရှိခြင်း
- ကြီးမားသော တို့ထိခလုတ်များ
- ဖုန်းလိုင်းကတ်/စနစ် (၂)မျိုး အသုံးပြုနိုင်ခြင်း

GSM WCDMA

ဖုန်း - ၀၁ ၃၇၈၅၅၅ (လိုင်းခွဲ - ၂၀၂)၊ ၀၉ ၅၁၇၂၃၀၀ ,www.jas.com.mm , Email: info@jas.com.mm

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul 2013

# အမေရိကန်လွတ်လပ်ရေးနေ့နှင့် မြန်မာ-အမေရိကန်ဆက်ဆံရေး

မောင်ကျော်

၁၇၇၆ ခု ဇူလိုင်လ ၄ ရက်နေ့တွင် လွတ်လပ်ရေးကြေညာခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ ယနေ့ ဇူလိုင်လ ၄ ရက်နေ့သည် ၂၃၇ နှစ်မြောက်လွတ်လပ်ရေးနေ့ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့အချိန်အခါသမယတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြားအဆင့်ရှိသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်နိုင်ခဲ့ကြသည့် နှစ်နိုင်ငံ ဆက်ဆံရေး တစ်စိတ်တစ်ပိုင်းကို တင်ပြအပ်သည်။

**မြန်မာ-အမေရိကန်ဆက်ဆံရေးအစ ဆရာယုဒသန်က**

မြန်မာသက္ကရာဇ် ၁၁၇၄ (အေဒီ ၁၈၁၂)တွင် အမေရိကန်သာသနာပြုဆရာယုဒသန်(မစ္စတာဂျပ်ဆင်)နှင့် ဇနီးတို့သည် မြန်မာနိုင်ငံသို့ လာရောက်နေထိုင်ခဲ့ကြပြီး ဘကြီးတော်မင်းတရားကြီးလက်ထက်အင်္ဂလိပ်-မြန်မာပထမစစ်ဖြစ်သောအခါ ဆရာယုဒသန်မှာ အင်္ဂလိပ်သူလျှိုတစ်ဦးအဖြစ် မသင်္ကာမှုဖြင့်ဖမ်းဆီးခံခဲ့ရသည်။

ခရစ်နှစ် ၁၈၅၈ ခုနှစ် မင်းတုန်းမင်းလက်ထက်တွင် ၁၅ ဆက်မြောက် အမေရိကန်သမ္မတ ဗျူကနင်က သံအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ရာမှ မြန်မာ-အမေရိကန် သံတမန်ဆက်ဆံရေး စတင်ခဲ့သည်။ ထိုသံအဖွဲ့တွင် မစ္စတာကင်းကိတ်ဆိုသူ



လည်း ပါ၏။ ၎င်းသည် ရန်ကုန်မြို့ဝန်၏ အိမ်ဝင်းအား မြင်းစီးဝင်ခဲ့ရာမှ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ စစ်ဖြစ်သည်အထိ ဗြိုဟ်မွှေခဲ့သူ အမေရိကန် အမျိုးသားအဖြစ် မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ခံထားရသူတည်း။

**ခေတ်သစ်မြန်မာ-အမေရိကန် ဆက်ဆံရေး**

အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံဆိုင်ရာသံရုံးကို ၁၉-၉-၄၇ တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပြီး သံရုံးယာယီတာဝန်ခံအဖြစ် မစ္စတာအားလ်ပါ



သမ္မတဂျွန်ဆင်

ကား(Mr. Earl L. Packer)ကို ခန့်အပ်ခဲ့ပြီး ၁၇-၁၀-၁၉၄၇ တွင် အမေရိကန်ဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် မစ္စတာဂျေကလားဟာဒယ်လ် (H.E.J Klah Huddle)ကို ခန့်အပ်ခဲ့သဖြင့် မြန်မာ-အမေရိကန်သံတမန်ဆက်ဆံရေးမှာလွတ်လပ်ရေးမတိုင်မီကပင်ရှိနေခဲ့သည်။ မြန်မာ့လွတ်လပ်ရေးရရှိသည့် ၄-၁-၁၉၄၈ တွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပထမဆုံးပေးပို့ကြသူ နိုင်ငံခေါင်းဆောင်များအနက် သမ္မတထရူးမင်းမှာ ထိပ်ဆုံးမှ ပါဝင်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံအား ကမ္ဘာ့ကုလသမဂ္ဂ၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေး လုံခြုံရေးကောင်စီတွင် အဆိုတင်ရာတွင်လည်း အမေရိကန်က ချွင်းချက်မရှိ ထောက်ခံခဲ့သည်။

ထိုစဉ်က တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း တပ်မတော်ကာကွယ်ရေးဦးချုပ်အဖြစ် အမေရိကန်ပြည်ထောင်စုသို့ ကြိမ်ဖန်များစွာ သွားရောက်ခဲ့ပြီး အမေရိကန်-မြန်မာ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲအောင်တည်ဆောက်နိုင်ခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၆၆ ခုနှစ်တွင် အမေရိကန် သမ္မတကြီးလင်ဒန်ဂျွန်ဆင်၏ ဖိတ်ကြားခြင်းကို ခံခဲ့ရသည်။

သမ္မတဦးသိန်းစိန်လက်ထက်တွင် မြန်မာ-အမေရိကန်ဆက်ဆံရေး ပုံမှန်ဖြစ်လာခဲ့သည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် နှစ်ပေါင်း ၅၀ အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် အမေရိကန်အစိုးရ၏ ထိပ်တန်းအရာရှိကြီးတစ်ဦးဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံတွင် သံအမတ်ကြီးအဆင့်သံတမန်ဆက်ဆံရေးထူထောင်ရန် မစ္စတာဒဲရစ်မစ်ချဲလ်အား ရွေးချယ်ခဲ့ရာ ဆီးနိတ်မှ အတည်ပြုခဲ့သဖြင့် ၂၂ နှစ်တာကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပထမဆုံးသောအမေရိကန်သံအမတ်ကြီးအဖြစ် ၂၀၁၂ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိသည်။

ထို့အပြင် အမေရိကန်သမ္မတကြီးအိုဘားမားသည် နှစ်ပေါင်း ၅၀ ကျော်အတွင်း မြန်မာနိုင်ငံသို့ လာရောက်သည့် ပထမဆုံးသော အမေရိကန်သမ္မတကြီးအဖြစ် ၂၀၁၂ခုနှစ် နိုဝင်ဘာ ၁၉ရက်နေ့တွင် ရောက်ရှိခဲ့ပြီး သမ္မတအိုဘားမား၏ ဖိတ်ကြားချက်အရ မြန်မာသမ္မတကြီး ဦးသိန်းစိန်သည် ၂၀၁၃ ခုနှစ် မေလ ၂၀ ရက်တွင် အမေရိကန်ပြည်ထောင်စုသို့ နိုင်ငံခေါင်းဆောင်တစ်ဦးအဖြစ် ၅၅ နှစ်တာကာအတွင်း ပထမဆုံးသွားရောက်ခဲ့သဖြင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် မြန်မာ-အမေရိကန်ဆက်ဆံရေးကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း တင်ပြလိုက်ရသည်။

# ဒေါက်ဆိတ်ဖွားဆိုသည်မှာ အမှောင်ထဲမှ ခဲနှင့်ထုသူသာဟု စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌကဆို

ပြည်ထောင်စုလွှတ်တော်တွင် ဒေါက်တာဆိတ်ဖွား၏ Above the Law ဆောင်းပါးပါ ဝေဖန်ချက်နှင့် ပတ်သက်၍ စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာ၊ ပြည်ထောင်စုလွှတ်တော်နာယက၏ အစီရင်ခံစာနှင့် ပြည်ထောင်စုလွှတ်တော်၌ တင်ပြဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက်ဒေါက်တာဆိတ်ဖွားသည် မည်သူမည်ဝါတိတိကျကျဖော်ထုတ်ခဲ့ခြင်းမရှိဘဲ နောက်ဆုံးတွင် ထပ်မံမပြုလုပ်ရန်သတိပေးမှုဖြင့်သာအဆုံးသတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒေါက်တာဆိတ်ဖွားဆိုသူနှင့် ပတ်သက်၍ စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြညိမ်းက ဒေါက်တာဆိတ်ဖွားပါ ဂျာနယ်များတွင် ပါဝင်ခဲ့သူများကို ခေါ်ယူမေးမြန်းမှုများပြုလုပ်ခဲ့ပါတယ်။ ဒေါက်တာဆိတ်ဖွားပါအမည်ဖြင့် ရေးသားသော ဆောင်းပါးကို လေ့လာရာတွင် နိုင်ငံတော်သမ္မတကြီးဟု အစချီ သုံးနှုန်းထားပါတယ်။ များသောအားဖြင့် ထောက်ပြဝေဖန်သူများသည် စကားလုံးသုံးစွဲမှုများတွင် သတိထားပြီး၊ ဆင်ခြင်သုံးစွဲမှုများတွင် သတိထားပြီး၊ ဆင်ခြင်သုံးစွဲလေ့မရှိပါဘူး။ တချို့ Account များသည် စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး နောက်ဖျက်သိမ်းသွားပါကြောင်း အချို့ဝက်ဘ်ဆိုက်တွေကို ပိတ်လိုက်သော်လည်းပဲ တချို့ဝက်ဘ်ဆိုက်များမှာ ပိုမိုများပြားလာပါကြောင်း၊ တချို့မှာ ခရီးသွားနေကြောင်း၊ တချို့မှာ မတွေ့ရတော့တဲ့အဖြစ်မျိုးနဲ့ ကြုံတွေ့နေရပါကြောင်း သိရပါသည်။

သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေး ဒုတိယဝန်ကြီး ဦးရဲထွဋ်က ၎င်းသည် ဒေါက်တာဆိတ်ဖွားမဟုတ်ကြောင်း ငြင်းဆိုခဲ့ပြီးဒေါက်တာဆိတ်ဖွားကလောင်ရှင် ရေးသားသည့် ဆောင်းပါးကို ပြန်ကြားရေးဝန်ကြီးဌာနက ရေးသားရန် ညွှန်ကြားချက်လုံးဝ မရှိပါကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။ ထို့ပြင် ဦးခင်မောင်ညို (ဘောဂဗေဒ)က ၎င်း၏ ဂျာနယ်တွင်ဖော်ပြခဲ့သော ဒေါက်တာဆိတ်ဖွားဆောင်းပါးသည်အင်တာနက်မှ တစ်ဆင့် ၎င်း၏ကိုယ်ပိုင်မေးလ်ဖြင့် ပြန်လည်ရယူ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ထည့်သွင်းဖော်ပြခဲ့သော ဆောင်းပါးနှင့်ပတ်သက်၍ မိမိတွင်သာ တာဝန်ရှိပါကြောင်း ဖြေကြားခဲ့သည်ဟု သိရသည်။

ဒေါက်တာဆိတ်ဖွားဘလော့ဂ်ကို ဒေါက်တာစိုးရင် အဆိုတင်မှ သိရှိရပါကြောင်း ဖြေကြားခဲ့သည်ဟု သိရသည်။ ဒေါက်တာဆိတ်ဖွား ဘယ်သူလဲဆိုသည်ကို ဦးရဲထွဋ်ကိုသာ မေးကြည့်ပါဟုပြောခဲ့ရခြင်းမှာ ယခင်က သမ္မတရုံးနှင့် မီဒီယာအကြား၊ ဆက်ဆံရေးအပိုင်း တာဝန်ယူခဲ့သော်လည်း ၈. ၁. ၂၀၁၃ မှစ၍ တရားဝင်ပြောရေးဆိုခွင့်ရှိသူမှာ ဦးရဲထွဋ်ဖြစ်၍ ညွှန်းဆိုခြင်း ဖြစ်ပါကြောင်း၊ စစ်အောင်ကို မိမိမသိပါကြောင်း သမ္မတရုံးညွှန်ကြားရေးမှူး ဦးဇော်ဌေးက ပြောကြားခဲ့သည်ဟု သိရသည်။

ပြည်ထောင်စုလွှတ်တော်သို့ စုံစမ်းရေး ကော်မရှင်ဥက္ကဋ္ဌ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ဆုံးဖြတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။

လွှတ်တော်နာယက၏ ဆုံးဖြတ်ချက်အပိုဒ်(၆)တွင် ကော်မရှင်၏ အစီရင်ခံစာပါ အချက်အလက်များကို လေ့လာခြင်းအားဖြင့် ဒေါက်တာဆိတ်ဖွားသည် ဝါဒဖြန့်ချိရေးအုပ်စုတစ်စုဝင် ပုဂ္ဂိုလ်တစ်ဦးဖြစ်နိုင်ကြောင်း၊ ယင်း၏ ရေးသားချက်မှာလည်း ဥပဒေအကိုးအကားနှင့်လွှတ်တော်၏လုပ်ငန်းများကို တည့်မတ်ပေးလိုသောစေတနာမှန်ဖြင့် ဝေဖန်ထောက်ပြပေးခြင်းမျိုးမဟုတ်ဘဲ အဂတိတရား တစ်ပါးပါးကို အမိပတိထား၍ စိတ်လိုက်မာန်ပါ ရေးသားပုတ်ခတ်ခြင်းသာဖြစ်ကြောင်း ပေါ်လွင်ပါသည်။

အပိုဒ် (၇) မူလက ဒေါက်တာ ဆိတ်ဖွားဆိုသူကို ဖော်ထုတ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်အသီးသီးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ဓလေ့ထုံးတမ်းများနှင့် စနစ်တကျ ရှင်းပြရန် နာယကက ရည်သန်ခဲ့သော်လည်း ဒေါက်တာဆိတ်ဖွားဆိုသူသည် မိမိရေးသားချက်၏ အမှန်တရားကို တာဝန်ယူ၍ရင်ဆိုင်ဖြေရှင်းရဲသူမဟုတ်သည့်အပြင် လွှတ်တော်မှာ လာရောက်ဖြေကြားသူတစ်ဦး၏ အသုံးအနှုန်းအရ ဆိုရပါက အမှောင်ထဲမှ ခဲနှင့်ထုသူသာ ဖြစ်နေသောကြောင့် လွှတ်တော်က ပြန်လည်ရှင်းလင်းပြရန် လိုအပ်ခြင်း မရှိကြောင်း တွေ့ရှိရသည်ဟု မှတ်ချက်ပေးထားသည်။

ထို့နောက် ဒေါက်တာဆိတ်ဖွားဆိုက်တွင် ဇန်နဝါရီ ၂၀ ရက်ကတင်ထားသောတောင်းပန်ခြင်းကိုလက်ခံသော်လည်းစာနယ်ဇင်းသမားဟူသည် အမှန်ကို အမှန်အတိုင်းရေးရမည်၊ ရေးရဲသည်ကိုလည်း အထောက်အထားခိုင်ခိုင်လုံလုံဖြင့် မှန်ကန်ကြောင်းတာဝန်ယူရမည်ဖြစ်၍ နောက်နောင်တွင် ဤကဲ့သို့ လုံးဝမပြုရန် ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် သတိပေးလိုက်သည်ဟု ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြောကြားခဲ့ကြောင်း သိရှိရသည်။

နိုးဝင်းနိုင်

# UMFCCI အမှုဆောင်သစ်ရွေးချယ်ပွဲ ပွင့်လင်းမြင်သာမှုမရှိဟုဆို

ဇွန် ၁၅ ရက်နေ့ နံနက် ၈ နာရီမှစ၍ နာရီ ၂၀ နီးပါးကျင်းပရွေးချယ်ခဲ့သည့် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)၏အမှုဆောင်သစ် ရွေးချယ်ပွဲသည် ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုမရှိခြင်း၊ ရွေးချယ်ပွဲတွင်အရွေးခံရသည့် အလုပ်အမှုဆောင် ၆၉ဦး၏ အမည်စာရင်းစာရွက်နှင့် ဗဟိုအလုပ်အမှုဆောင်(၅၅)ဦး၏ အမည်စာရင်းတို့အား လူတစ်စုမှ လက်သိပ်ထိုးဝေငှ၍ မဲပေးစေခိုင်းမှုများနှင့် အခြားမသမာသော နည်းများတွေ့ရှိရသည်ဆိုကာ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်း အဝေးမကျင်းပမီ အများဆန္ဒနှင့်အညီ ရွေးချယ်ပွဲအား ပြန်လည်ကျင်းပနိုင်ရန် အသင်းသူ အသင်းသားအချို့ လက်မှတ်ရေးထိုး၍ နိုင်ငံတော်သမ္မတထံ တိုင်ကြားစာ ပေးပို့တောင်းဆိုခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါအသင်းသားများက ကုန်သည်စက်မှုအသင်း၏ အလုပ်အမှုဆောင်ရွေးချယ်ပွဲ၏ ရွေးကောက်ပွဲကျင်းပသည့်စနစ်မှာ မှားယွင်းနေကြောင်း၊ ထိုသို့မှားယွင်းနေမှုမှာ ဆန္ဒမဲပေးမည့်အသင်းများက ပထမအဆင့်အဖြစ် အလုပ်အမှုဆောင်(EC)ဖြစ်လိုကြောင်း အဆိုတင်သွင်းသူ ၁၁၉ ဦးအနက်မှ ၆၉ ဦးကိုရွေးချယ်ပြီး အလိုအလျောက် အလုပ်အမှုဆောင်ဖြစ်ခွင့်ရသည့် ကုန်သည်စက်မှုအသင်း၏ ညီနောင်အသင်း ၅၉ သင်းမှ အသင်းကိုယ်စားလှယ်များကို ရွေးချယ်ခဲ့ကြောင်း၊ ဒုတိယအဆင့်ရွေးချယ်မှုအဖြစ် အဆိုပါအလုပ်အမှုဆောင် ၁၂၈ဦးအနက်မှ အလုပ်အမှုဆောင်နှင့်ဗဟိုအလုပ်အမှုဆောင် သက်တမ်း တစ်ကြိမ်ရှိပြီးသူများထဲမှ ၈၀ဦးကဗဟိုအလုပ်အမှုဆောင်ဖြစ်လိုကြောင်း အဆိုပြု၍ ၎င်းတို့ထဲမှ ဗဟိုအလုပ်အမှုဆောင် ၅၅ ဦးကို အလုပ်အမှုဆောင် ၁၂၈ ဦးကသာ ပြန်လည်ဆန္ဒပြုရွေးချယ်ရပြီး အသင်းသူအသင်းသားများက ရွေးချယ်တင်မြှောက်ခွင့်မရှိကြောင်း၊ တတိယအဆင့်အနေဖြင့် ဗဟိုအလုပ်အမှုဆောင် ရွေးချယ်ခံရသူများထဲမှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးများ၊ စာရင်းစစ်တို့ကို ၎င်းတို့ဗဟိုအလုပ်အမှုဆောင် အချင်းချင်းကသာ ရွေးချယ်ရသဖြင့် ဆန္ဒမဲပေးသူ အသင်းသားကိုယ်စားလှယ်များအနေဖြင့် အလုပ်အမှုဆောင်ရွေးချယ်သည့်အဆင့်ကိုသာ မဲပေးရွေးချယ်ခွင့်ရှိပြီး ကျန်အဆင့်များတွင် ပါဝင်မဲပေးပိုင်ခွင့်မရှိသဖြင့် အသင်းသားကိုယ်စားလှယ်များမှ အစမှအဆုံး ရွေးချယ်တင်မြှောက်ခြင်းသာလျှင် ဒီမိုကရေစီနည်းကျကျ စစ်မှန်သောရွေးချယ်တင်မြှောက်မှုဖြစ်ကြောင်း ဖော်ပြကာ အဆိုပါ ရွေးချယ်ပွဲအား ပြန်လည်ကျင်းပခွင့်ရရှိရန် နိုင်ငံတော်သမ္မတထံ ပေးပို့တင်ပြခဲ့ကြောင်း သိရသည်။ ဝင်းကိုကို

# စစ်ဘေးရှောင်တွေ မလုံခြုံသေးလို့ ပြန်မလာသေးတာ

နေရပ်စွန့်ခွာထွက်ပြေးသူများ တိုင်းပြည်အေးချမ်းသာယာ၍ ပြန်လာပါက ၎င်းတို့အတွက် ပြည်တွင်းတွင် အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရန်နှင့် အစားအသောက်များကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက ပြောသည်။ ဇွန် ၂၁ ရက်က ငြိမ်းချမ်းရေးစင်တာတွင် ကျင်းပပြုလုပ်သော ကမ္ဘာ့ဒုက္ခသည်များနေ့အခမ်းအနားအဖွင့် မိန့်ခွန်းတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"IDP နဲ့ Refugee ကို သူများတွေက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ကြတယ်။ ကျွန်တော်တို့ အဓိပ္ပာယ်ဖွဲ့တာတော့ နယ်မြေမလုံခြုံလို့ထွက်ပြေးတာပဲ။ မလုံခြုံဘူးဆိုတာ အသက်အန္တရာယ်မလုံခြုံတာတို့၊ ဘဝမလုံခြုံတာတို့ဖြစ်တယ်။ လုံခြုံရင်ပြန်လာမှာပါ။ သူတို့ဆန္ဒကို တားလို့မရဘူး။ သူတို့နဲ့ကျွန်တော်တို့ ယုံကြည်မှုတည်ဆောက်နိုင်ရင် ပြန်လာမှာပါ။ ဘယ်သူမှ တားလို့မရဘူး။ သူတို့ပြန်လာတဲ့အခါ စနစ်တကျနဲ့ ဘဝလုံလုံခြုံခြုံရှိအောင် ကျွန်တော်တို့က လုပ်ပေးဖို့ပဲရှိတယ်။ IDP ကလည်း သူ့နယ်မြေမှာ မလုံခြုံလို့ထွက်ပြေးတာ။ သူတို့ပြန်လာရင် မိုင်းရှိတဲ့နေရာမှာ မိုင်းရှာပေးမယ်။ အိမ်ဆောက်ချထားမယ်။ အစားအသောက်ပေးမယ်။ ဒါတွေအားလုံးက အစိုးရတာဝန်ပါ"ဟု ၎င်းက ပြောသည်။

"အရပ်သားတွေကို ကျွန်တော်တို့ အမိန့်ပေးလို့မရဘူး။ သူတို့မလုံခြုံသေးလို့ မလာသေးတာ။ လုံခြုံရင်တားလို့မရဘူး"ဟု ဒုက္ခသည်များနေရပ်ပြန်လာမည့်အရေးနှင့်ပတ်သက်၍ ဦးအောင်မင်းကပြောသည်။ ပြည်တွင်းနေရပ်စွန့်ခွာလုပ်သား လေးသိန်းလေးသောင်းခြောက်ထောင်နှင့် ပြည်ပနိုင်ငံအချို့တွင် ခိုလုံနေထိုင်နေရသူ ဒုက္ခသည် သုံးသိန်းခွဲရှိပြီး ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသူ တရားမဝင်အလုပ်သမား နှစ်သန်းခန့်ရှိကြောင်း ဦးအောင်မင်း၏ ပြောကြားချက်အရသိရသည်။

**ဘိုဘိုမင်း၊ နောင်နောင်**


## Trademark Caution

**Mega Lifesciences Limited** (formerly known as **Medicap Limited**), a company organized and existing under the laws of Thailand and having its registered office at 384 Soi 6, Pattana 3 Road, Bangpoo Industrial Estate, Samutprakarn 10280, Thailand (hereinafter called the "Company") hereby declare that the company is the Owner and Sole Proprietor of the following trademarks.

ALERTEN Q 25 EMULCAP
**(Reg.no. 4/2585/2006)**

CALCIVITA FORTE
**(Reg.no 4/2586/2006)**

ACNOTIN 10
**(Reg.no. 4/2587/2006)**

BAROLE
**(Reg.no. 4/2992/2007)**

II Care
**(Reg.no. 4/2993/2007)**

Nat B
**(Reg.no. 4/2994/2007)**

PERGLIM
**(Reg.no. 4/2995/2007)**

Panfor SR
**(Reg.no. 4/2996/2007)**

NILGAR
**(Reg.no. 4/2997/2007)**

LIVOLIN
**(Reg.no. 4/508/2002 & 4021/2010)**

PLUS
**(Reg.no. 4/2880/1995 & 4/7813/2010)**

FERROVIT
**(Reg.no. 2876/1995 & 4/7814/2010)**

GINSOMIN
**(Reg.no. 505/2002 & 4/7815/2010)**

GERITON
**(Reg.no. 496/2002 & 4/7816/2010)**

COD LIVER OIL
**(Reg.no. 500/2002 & 4/7817/2010)**

PRENATAL
**(Reg.no. 498/2002 & 4/7818/2010)**

GILOBA
**(Reg.no. 497/2002 & 4/7819/2010)**

GING 500
**(Reg.no. 507/2002 & 4/7820/2010)**

CALCIVITA
**(Reg.no. 2875/1995, 6212/2007 & 4/7822/2010)**

NUTRIVITA
**(Reg.no. 2874/1995 & 4/7823/2010)**

VITACAP **(Reg.no. 2879/1995 & 4/7824/2010)**

TIRASE **(Reg.no. 4/2938/2010)**

The above trademarks are used in respect of : " Pharmaceutical and veterinary preparations; sanitary preparations for medical purposes; dietetic substances adapted for medical use, food for babies; plasters, materials for dressings; material for stopping teeth, dental wax; disinfectants; preparations for destroying vermin; fungicides, herbicides in **International Class 5**".

Any fraudulent imitation or unauthorized use of the above marks or other infringements whatsoever will be dealt with according to law.

For **Mega Lifesciences Limited,**
**U Kyaw Swa Myint Advocate (license no. 7266 ) LL.B, MPA.**
**Dated: July,4, 2013.**

## Trademark Caution

**Mega Lifesciences Limited** (formerly known as **Medicap Limited**), a company organized and existing under the laws of Thailand and having its registered office at 384 Soi 6, Pattana 3 Road, Bangpoo Industrial Estate, Samutprakarn 10280, Thailand (hereinafter called the "Company") hereby declare that the company is the Owner and Sole Proprietor of the following trademarks.

# STERCIA

**( Reg. No. 4/1736/2013 )**

The above trademarks are used in respect of :
" Pharmaceutical substances for medical use in **International Class 5 (Nice Classification 10th edition)** ".

Any fraudulent imitation or unauthorized use of the above marks or other infringements whatsoever will be dealt with according to law.

For **Mega Lifesciences Limited,**
**U Kyaw Swa Myint**
**Advocate ( License no. 7266 )**
**LL.B, MPA.**
**Dated: July,4, 2013.**

## Trademark Caution

**Mega Lifesciences Limited** (formerly known as **Medicap Limited**), a company organized and existing under the laws of Thailand and having its registered office at 384 Soi 6, Pattana 3 Road, Bangpoo Industrial Estate, Samutprakarn 10280, Thailand (hereinafter called the "Company") hereby declare that the company is the Owner and Sole Proprietor of the following trademarks.

# STERCAR

**( Reg. No. 4/1734/2013 )**

The above trademarks are used in respect of :
" Pharmaceutical substances for medical use in **International Class 5 (Nice Classification 10th edition)** ".

Any fraudulent imitation or unauthorized use of the above marks or other infringements whatsoever will be dealt with according to law.

For **Mega Lifesciences Limited,**
**U Kyaw Swa Myint**
**Advocate ( License no. 7266 )**
**LL.B, MPA.**
**Dated: July,4, 2013.**

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul 2013

# ငတ်နေတဲ့ဗိုက်တွေက ကျည်ဆန်ကိုမကြောက်ဘူးဟု ကိုထင်ကျော်ဆို

ပြီးခဲ့သည့်အစိုးရလက်ထက် ၁၉၉၁ ခုနှစ်ကတည်းက စစ်တပ်၏ သိမ်းယူခံခဲ့သော သယ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်ရပ်ကွက် အပိုင်း-၁/၂/၃ ဘိုးဘွားပိုင်မြေရှင်များ၏ ပဉ္စမအကြိမ်မြောက် ဆန္ဒပြပွဲတစ်ရပ်ကို ဇွန်လ ၂၇ရက် မနက် ၁၁ နာရီကမြို့တော်ခန်းမရှေ့၌ တရားဝင်ခွင့်ပြုမိန့်ဖြင့်ကျင်းပခဲ့ကြောင်းသိရသည်။ ရှေးဦးစွာ အခန်းအနားမှူးကရင်းမြေများသည် ဗိုလ်ချုပ်အောင်ဆန်း ၃နှစ်သားအရွယ်ဖြစ်သည့် ၁၉၁၈ ခုနှစ်ကာလကစပြီး နိုင်ငံတော်ကို အခွန်ဆောင်ထားခဲ့သော ဘိုးဘွားပိုင်မြေများဖြစ်ကြောင်း၊ လွန်ခဲ့သော ၁၉၉၁ခုနှစ်မှာ သိမ်းယူခံခဲ့ရတာဖြစ်ကြောင်းရှင်းပြပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် ဖွင့်လှစ်ကာ မဟာဗန္ဓုလပန်းခြံကို တစ်ပတ်လမ်းလျှောက် ဆန္ဒထုတ်ဖော်၍ မြေသိမ်းခံမြေပိုင်ရှင် တစ်ဦးဖြစ်သူ ပုဒ်မ ၁၈ဖြင့် တရားစွဲခံထားရသည့် ကိုစိန်သန်းက ကိုယ်တွေ့ ဖြစ်ရပ်များကို တင်ပြခြင်း၊ MDCF အဖွဲ့မှ ကိုဇာနည်က အစိုးရအဖွဲ့၏ အားနည်းချက်များကို သုံးသပ်ခြင်း၊မြေယာပြန်လည်ရရှိရေးကော်မတီက ကြေညာချက်ကို မနိုဘယ်က ဖတ်ကြားခြင်းနှင့် MDCF အဖွဲ့ခေါင်းဆောင် ကုန်ဈေးနှုန်းကျဆင်းရေး ကိုထင်ကျော်က ယနေ့ဖြစ်ပေါ်လျက်ရှိသော အခြေအနေများကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို နေ့လယ် ၁၂နာရီ မိနစ် ၃၀ခန့် တွင် ကြွေးကြော်သံများဖြင့် ရုပ်သိမ်းခဲ့ကြသည်။ သန့်ရှင်းသော အစိုးရအဖြစ် ဖော်ဆောင်နေသော ယနေ့ အစိုးရသည် ပြည်သူကို လက်တွေ့ကျကျ ချစ်သင့်ကြောင်းကို 'ကျန်စစ်သားမင်းကြီးလက်ထက်က ယာလက်ဖြင့် ဆန်ရေစပါးတို့ ပေးပြီးဘယ်လက်ဖြင့် ပိုးဖဲအဝတ်အထည်တို့ပေးခဲ့ပါတယ်။ ဒီနေ့အစိုးရ ကျန်စစ်သား မင်းလောက်ပဲ ပြည်သူတွေအပေါ် သဘောကောင်းရင် ကျွန်တော်တို့ ကျေနပ်ပါတယ်'ဟု ကိုဇာနည်က ပြောကြားလိုက်သည်။ ဆက်လက်ပြီး ကုန်ဈေးနှုန်းကျဆင်းရေးကို ထင်ကျော်က 'ပြည်သူတွေရဲ့ ဒုက္ခဆင်းရဲကို အစိုးရက တာဝန်ယူရမယ်။ ဒီကနေ့ သမ္မတဖြစ်ချင်နေတဲ့ သူတွေကို ပြောချင်တယ်။ သမ္မတတကယ်ဖြစ်ချင်ရင် ပြည်သူတွေရဲ့ဒုက္ခကို အရင်ရှင်းပေးပါ။ အရှင်းဆုံးပြောရမယ်ဆိုရင် ငတ်နေတဲ့ ဗိုက်တွေက ကျည်ဆန်ကို မကြောက်ဘူး'ဟု ပွင့်လင်းစွာ ပြောကြားသွားခဲ့သည်။



အဆိုပါ မြေများနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ ထိုက်တန်စွာ ဖြေရှင်းပေးရန်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဆင့်မြင့်အရာရှိများကို မှာကြားခဲ့ပြီး ဖြစ်သော်လည်း ယနေ့အထိ ဖြေရှင်းခြင်းနှင့် တာဝန်ယူမှု တစ်စုံတစ်ရာမရှိသေးကြောင်း မြေပိုင်ရှင်များ၏ အဆိုအရသိရသည်။ **ဇော်မြင့်**

## DKBA ငြိမ်းချမ်းရေးအဖွဲ့က ဒေသခံများ နိုင်ငံသားစိစစ်ရေးကတ် ရရှိရန်ကူညီ

ကရင်ပြည်နယ်၊ စုကလိမြို့နယ်ခွဲနှင့် ဝေါလေမြိုင်မြို့နယ်ခွဲအတွင်း ကျေးရွာများရှိ ဒေသခံပြည်သူတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးနိုင်ရန် ကလိုထူးဘောဒေသ (DKBA) ငြိမ်းချမ်း ရေးအဖွဲ့၊ မြဝတီဆက်ဆံရေးရုံးမှ ဗိုလ်ကြီးအဆင့်ရှိ စိုးမြင့်နှင့်မြဝတီ ခရိုင် လ. ဝ. ကရုံး၊ ခရိုင်ဦးစီးဌာနမှူး၊ ဦးအောင်ဝင်းသိန်းတို့ မြဝတီခရိုင် လ. ဝ. က ရုံးတွင် ၂၄-၆-၂၀၁၃ ရက်က ဆွေးနွေး ညှိနှိုင်းကြကြောင်း သတင်းရရှိသည်။ ကရင်ပြည်နယ်အတွင်း၌ အထူးဒေသများ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများရှိ ပြည်သူတို့ကို ၂၀၁၂/ ၂၀၁၃ ခုနှစ်များအတွင်း NRC အဖွဲ့နှင့် ကရင်ပြည်နယ် လ. ဝ. က အဖွဲ့တို့က နိုင်ငံသားစိစစ်ရေးကတ် ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်းများကို အခမဲ့အိမ်အရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသော်လည်း ယခု ၂၀၁၃ နှစ်ဝက် ကာလအထိ ဆက်လက်ဆောင်ရွက်ရန်ခက်ခဲနေသော ဒေသတချို့ကျန်ရှိသေးကြောင်းသိရ သည်။

အဆိုပါခက်ခဲဒေသများမှ ကလိုထူးဘော DKBA ငြိမ်းချမ်းရေးအဖွဲ့သည် ၎င်းတို့၏ ဒေသတွင်းရှိ ပြည်သူများ အမှန်တကယ်လိုအပ်နေကြသည့် နိုင်ငံသား စိစစ်ရေးကတ်ရရှိရန် မြဝတီခရိုင် လ. ဝ. ကရုံးသို့ သွားရောက်တွေ့ဆုံညှိနှိုင်းကြရာခရိုင်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်းကNRC အဖွဲ့ နှင့်ထပ်မံပေါင်းစပ်ညှိနှိုင်းပေးပြီးဖြစ်ကြောင်း၊ ညှိနှိုင်းမှုအရစုကလိမြို့နယ်ခွဲအတွင်းမှ ဆုံဆည်းမြိုင် ကျေးရွာ၊ ဝါးမီးထကျေးရွာ၊ သေဘောဘိုးကျေးရွာ၊ ဘလယ်ဒိုကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများ၊ ဝေါလေမြိုင်မြို့နယ်ခွဲအတွင်းမှ ရပ်ကွက်(၁)၊ မော်ခီးကျေးရွာ၊ ကုလားအော်ကျေးရွာ၊ ကော့ခဲကျေးရွာနှင့်အနီးပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများနိုင်ငံသားစိစစ်ရေးကတ်ပြားများ ၂၀၁၃ခုနှစ် ဇူလိုင်လအတွင်း ရွာအရောက်အခမဲ့ရရှိကိုင်ဆောင်နိုင်ကြတော့မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း စိစစ်ရေးကတ်မပြုလုပ်ကြရသေးသည့် ကျန်ရှိဒေသများအနေဖြင့်လည်း ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်း၊ အခမဲ့ဆောင်ရွက်နိုင်ရန် ငွေကြေးပူးပေါင်းပေးသည့် NRC အဖွဲ့အနေဖြင့်လည်းကရင်ပြည်နယ်မှာသတ်မှတ် ကာလအထိသာရှိနေမှာဖြစ်သလို လ. ဝ. ကဝန်ထမ်းများအနေဖြင့် လည်း အမြဲတစေ ကွင်းဆင်း ဆောင်ရွက်နိုင်ရန် ခက်ခဲမည်ဖြစ်ရာ ယခုချိန်မှာ ကျန်ရှိဒေသများ အနေဖြင့်လည်း နိုင်ငံသားစိစစ် ရေးကတ်ပြုလုပ်သင့်ပြီဖြစ်ကြောင်း မြဝတီခရိုင်လ. ဝ. က ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ **ပွင့်ဆန်း**



ကျွန်ုပ်၏ဝရဇာအား သီလအား ပညာအားတို့ဖြင့်ကျင့်ကြံမှုများ
အားထုတ်မှုတို့ကြောင့် ၂၂-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) တွင်
ကျွန်ုပ်၏အိမ်တွင်ရှိသည့် မြတ်စွာဘုရားကျောင်းဆောင်၊
ဘုရားပွဲ အုန်းတော်မှ "ဝ တစ်လုံး" စေတီပုံတော်ပေါ်ထွက်လာခဲ့ပါပြီ။

ပိတ်ဆွေတို့၏ ဘဝအကျိုးပေးအကြောင်းကံတရားများ
အစဉ်အမြဲကောင်းမွန်ပြည့်ဝနေစေရန်အတွက် ကျွန်ုပ်၏ဝရဇာအား၊ သီလအား၊
ပညာအားများကို အစွမ်းကုန်အသုံးပြု၍ စီရင်ထားသည့် "ဝတစ်လုံး"စေတီပုံတော်ပါ
သမ္မုဋ္ဌေအစီအရင်အဆောင်နှင့် သမ္မုဋ္ဌေမဟာသိဒ္ဓိအလင်းတိုင်ကို လှူဒါန်းပူဇော်ကြပါ။

**မန္တန်ဆရာကြီး ဦးထင်အောင်**

အမှတ် (၁)၊ (၁)လမ်းထိပ်၊ အနောက်ပေ(၅၀)လမ်းမကြီးပေါ်၊ အုတ်ကျင်း။
မာလာမြိုင် (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၂၁၈၆

FACES Media Group
E-mail. admin@hotnewsweekly.com

**အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်**
မမ
**အတိုင်ပင်ခံ**
မောင်ခိုင်ခန့်(အမျိုးသားစာပေဆု)
**အုပ်ချုပ်ရေးမှူး**
အာရဇာ
**အယ်ဒီတာ**
ကျော်စိန်၊ ဝင်းဇော်(သုံးဆယ်)၊ ဆောင်းအေးချမ်း၊ အန်ထော်ဇာ၊ သိုးထိန်း(မြန်မာပြည်သား)

**သတင်း အယ်ဒီတာ**
စွန်ရဲနက်(ရွှေမျက်ဝန်း)၊ ကျော်လီထွန်း။
**လ/ထ အယ်ဒီတာ (စီမံ)**
မိုးမြင့်ဆွေ
**လ/ထ အယ်ဒီတာ (သတင်း)**
စိုးဝင်းနိုင်၊ အောင်မျိုးဝင်း
**အကြီးတန်းသတင်းထောက်**
ဖြိုးအောင်၊
**သတင်းထောက်များ**
တူးတူး၊ဘိုဘိုမင်း၊ယဉ်ပပထွန်း၊ညီထွေး၊ ညီညီအောင်၊ဝင်းကိုကို၊နောင်နောင်၊ကျော်မာယ

**တပြင်**
နောင်တင်စိုး
**နယ်သတင်းထောက်များ**
မြင့်အောင်(နေပြည်တော်)
ငြိမ်းချမ်းကို (ပန်းတနော်)
စိုးမိုးကျော်(ရွှေဘို)
ဟသ်ာတောင်တွင်းကြီး
စိုးမိုးထွန်း(မုံရွာ)
အရိန္ဒမာ(ဘိုကလေး)
ကျော်ကျော်ဦး(မြစ်ကြီးနား)
ဦးတင့်လွင်(အေးအရဲ)
ဦးရွှေထူး(ပဲခူး)

**လိုက်ဖ်ဒိုင်း**
ဦးတင်ထွဏ်း
**ဘဏ္ဍာရေးနှင့် ငွေစာရင်း**
စုစုဖြိုးအောင်၊ သက်သက်စိုးဦး
**ဒီဇိုင်းအဖွဲ့**
ကိုမျိုး၊ နေလင်း
**စာစီ စာပြု**
နီနီ၊ ဝင်းဝင်း၊ စိုးမောင်၊ မြတ်သူ
**Website**
သော်ဇင်၊ အောင်သူလင်း
**ပင်တိုင်စာတ်ပုံ**
ခင်မောင်ဝင်း(ရွှေအင်းသား)၊

**ဈေးကွက်နှင့် ကြော်ငြာ**
နှင်းနုနုရီ
**ဖြန့်ချိရေးတာဝန်ခံ**
ဟန်ဝေမျိုး၊ ဖြိုးမောင်မောင်
**ပြင်ပဆက်သွယ်ရေး**
ဘိုဘိုထွန်း၊ ကောင်းဆက်လင်း၊ အောင်ဆက်ပိုင်၊ အေးကြူ
**ထုတ်ဝေသူ**
ဦးဝေဖြိုးမင်း(ယာယီ-၁၃၉၅)
**CTP Plate နှင့် ပုံနှိပ်**
Star
**စောင်ရေ - ၃၀၀၀**
**တန်ဖိုး - ၅၀၀**



# ဆက်သွယ်ရေးတင်ဒါကိစ္စမကျေနပ်လျှင် တရားစွဲနိုင်ဟုဆို

မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ပဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ(၂)ခုဖြစ်သော နော်ဝေကုမ္ပဏီ Telenor နှင့် ကာတာကုမ္ပဏီ Ooredoo တို့ကို ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက ဇွန် ၂၇ ရက်တွင် ရွေးချယ်ထုတ်ပြန်ခဲ့သည်။ အဆိုပါရွေးချယ်မှုနှင့်ပတ်သက်ပြီး မကျေနပ်ပါက တင်ဒါရွေးချယ်ရေး အဖွဲ့ကိုတရားစွဲဆိုနိုင်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းကပြောကြားကြောင်း သိရသည်။

အဆိုပါဆက်သွယ်ရေးလိုင်စင်ရွေးချယ်ခြင်းနှင့်ပတ်သက်ပြီး ကာတာအခြေစိုက်ကုမ္ပဏီကို လိုင်စင်ရွေးချယ်ပေးအပ်ခြင်းကြောင့် မလိုလားအပ်သည့်နောက်ဆက်တွဲပြဿနာများပေါ်ပေါက်လာနိုင်ကြောင်း၊ ဘာသာခြားအဖွဲ့အစည်းတစ်ခုဖြစ်၍ ပြည်သူများက ကန့်ကွက်မှုမျိုး ကြုံလာနိုင်ကြောင်းကို အင်တာနက်စာမျက်နှာများတွင် ဝေဖန်မှုများရှိနေကြောင်းသိရသည်။ရင်းနှီးမြှုပ်နှံမှုတွေကိုဖိတ်ခေါ်ရာမှာတန်းတူညီမျှအခွင့်အရေးပေးရကြောင်း၊ ဆက်သွယ်ရေးလိုင်စင်မှာဆို မလေးရှားလည်းဝင်ပြိုင်၊ အင်ဒိုနီးရှားလည်းဝင်ပြိုင်ကြောင်း၊ ကော်မတီက အသင့်တော်ဆုံးလို့ယူဆသူကိုရွေးကြောင်းသဘော မတူမကျေနပ်ရင်ရွေးတဲ့အဖွဲ့ မေးလို့ရကြောင်း၊ တရားစွဲလို့ရကြောင်းသိရသည်၊ ဆက်သွယ်ရေးလိုင်စင်ရွေးချယ်ပေးအပ်ရာတွင် နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် အဘက်ဘက်က လေ့လာသုံးသပ်ပြီး နိုင်ငံတကာစံနှုန်းများအတိုင်း ရွေးချယ်ပေးအပ်ခြင်းဖြစ်ကြောင်း၊ မည်သည့်ပယောဂမျှ ပါဝင်ခြင်းမရှိဘဲ စည်းမျဉ်းစည်း ကမ်းများနှင့်အညီ ပွင့်လင်းမြင်သာမှုအရှိဆုံးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဆက်သွယ်ရေးလိုင်စင်အတွက် ငွေကြေးအင်အားတောင့်တင်းမှု တစ်ခုတည်းဖြင့်သာဆုံးဖြတ်ခြင်း မဟုတ်ဘဲ ရွေးချယ်ရေးစည်းကမ်းပေါင်း ၂၀၀ ကျော်ရှိကြောင်း၊ ထိုအထဲမှ ပြည်သူအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်မည်ဟု ယူဆသူကိုသာ ရွေးချယ်ခြင်းဖြစ်ကြောင်း သိရှိရသည်။ *HNT*

# မြန်မာ့လေဆိပ်အချို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စက်တင်ဘာလတွင် စတင်မည်

အပြည်ပြည်ဆိုင်ရာလေဆိပ်များဖြစ်သည့် ရန်ကုန်-မန္တလေး၊ ဟံသာဝတီလေဆိပ်စီမံကိန်းများကို ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

ယင်းသို့တည်ဆောက်ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အား တစ်နှစ်လျှင် ခရီးသည် ခြောက်သန်းကိုင်တွယ်ဖြေ ရှင်းနိုင်သည့်လေဆိပ်အဖြစ်တိုးချဲ့တည်ဆောက်သွားရန်အတွက်ပုဂ္ဂလိကလုပ်ငန်းရှင်များကို တင်ဒါခေါ်ရာတွင် ကုမ္ပဏီ (၇) ဖွဲ့အနက်မှ (၁)ဖွဲ့ကိုရွေးချယ်မှာ ဖြစ်ပြီး ၎င်းရွေးချယ်မှုကို ဇူလိုင်လအတွင်း အပြီးသတ်ရွေးချယ် သွားမည်ဖြစ်ကာတည်ဆောက် ရေးလုပ်ငန်းကို စက်တင်ဘာလအတွင်း စတင်အကောင်အထည် ဖော်၍ လာမည့် ၂၀၁၅ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဟံသာဝတီလေဆိပ်ကို Air Bus 380 လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် ဒီဇိုင်းတည်ဆောက်မည်ဖြစ်ပြီး ခရီးသည်တင်လေယာဉ် အပြင် ကုန်တင်လေယာဉ်ကြီးများလည်း ဆင်းသက်နိုင်မည်ဖြစ်သည်။ အဆိုပါ လေဆိပ်သည် တစ်နှစ်လျှင် ခရီးသည်(၁၂)သန်း ကိုင်တွယ်နိုင် မည်ဖြစ်ပြီး လိုအပ်ပါက ခရီး သည်(၃၅)သန်းအထိ တိုးချဲ့သွားနိုင်သည့်ပုံစံရေးဆွဲ ထားခြင်းဖြစ်ကြောင်း၊ လေဆိပ်ဝန်းကျင်၌ ဟိုတယ်များ၊ ရှော့ပင်းစင်တာ များ၊ဆေးရုံဆေးခန်းများနှင့် နိုင်ငံတကာအဆင့်မီလေဆိပ်ကြီးအဖြစ်တည်ဆောက်သွားမှာ ဖြစ်ပြီး ယခုစနစ်စက်တင်ဘာလ တွင် လုပ်ငန်းအကောင်အထည်ဖော်ပြီး ၂၀၁၇ ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်မှာဖြစ်၍ ၎င်းလေဆိပ်တည်ဆောက်မှုကုန်ကျ စရိတ်သည် အမေရိကန်ဒေါ်လာသန်း (၁၀၀၀)ကျော် ရင်းနှီးမြှုပ် နှံမည်ဖြစ်ကြောင်း ထပ်မံသိရသည်။

ထို့အတူ မန္တလေးအပြည် ပြည်ဆိုင်ရာလေဆိပ် (တံတားဦး) ကိုလည်း အပြည်ပြည်ဆိုင်ရာလေဆိပ်အဂ်ါရပ်နှင့်အညီ ပိုမို ခေတ်မီဖွံ့ဖြိုးစေရန်အတွက်လေ ဆိပ်တိုးချဲ့တည်ဆောက်ရာတွင် အမေရိကန်ဒေါ်လာသန်း (၁၀၀) ခန့်ကုန်ကျနိုင်ကြောင်းသိရသည်။

လက်ရှိမြန်မာနိုင်ငံတွင်လေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ ထိန်းသိမ်းထားသည့် လေယာဉ် ကွင်း (၆၉)ကွင်းရှိပြီး နိုင်ငံတကာ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်း(၃)ကွင်းရှိကြောင်း လေ ကြောင်းလိုင်းများ အနေဖြင့် လေကြောင်းလိုင်း(၆)လိုင်းရှိပြီး အပြည်ပြည်ဆိုင်ရာလေကြောင်း လိုင်း(၃)လိုင်းရှိကြောင်း လေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**လင်းခ(သဲတော)**

# ဦးဝီရသူဆောင်းပါး သီရိလင်္ကာတွင် ပိတ်ပင်ရန်ရှိနေ




သီရိလင်္ကာအစိုးရသည် ဇူလိုင်လ ၁ရက်ထုတ် Time မဂ္ဂဇင်းပါ "The Face of Buddhist TERROR" မျက်နှာဖုံးပါ ဆောင်းပါးကို ဗုဒ္ဓဘာသာဆိုင်ရာ အဖွဲ့အစည်းအချို့က "ဒါဟာစော်ကားမှုတစ်ရပ်ဖြစ်သည်" ဟု ပြောဆိုမှုများရှိနေခြင်းကြောင့် အဆိုပါ မဂ္ဂဇင်းဆောင်းပါးကို ပိတ်ပင်ဖွယ်ရှိသည်ဟု ကိုလံဘိုတယ်လီဂရပ်ဖ် သတင်းတစ်ရပ်အရသိရသည်။

ဗောဓုဗလသေန "Bodu Bala Sena" (BBS) ဘာသာရေးအဖွဲ့အစည်းတစ်ခုက ပြန်ကြားရေးဝန်ကြီးဌာနအတွင်းဝန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနအတွင်းဝန် ဂုတ္တဘယရာဇပသအား အဆိုပါမဂ္ဂဇင်းကို သီရိလင်္ကာသို့တင်သွင်းမှု ပိတ်ပင်ရန် မေတ္တာရပ်ခံထားသည်ဟု ဆိုသည်။

ပြန်ကြားရေးဝန်ကြီးဌာနအတွင်းဝန် ချာရီသာဟီရပဲနှင့် ပြန်ကြားရေးဝန်ကြီး ကေလီယားတို့ကလည်း ကျန်ကိစ္စကို မည်သို့ မည်ပုံ ဖြေရှင်းဆောင်ရွက်ကြမည်ကို တိုင်ပင် ဆွေးနွေးနေကြသည်ဟု သတင်းများ ဖြစ်ပေါ်လျက်ရှိသည်။

BBS အဖွဲ့က ပြန်ကြားရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံရာတွင် အဆိုပါမဂ္ဂဇင်းကို သီရိလင်္ကာစာအုပ်ဆိုင်များတွင် တင်မည်ဆိုပါက အဆိုပါ မျက်နှာဖုံးပါ ဆောင်းပါးအားဆုတ်ဖြဲပြီးမှသာ ရောင်းခွင့်ပြုရန် တောင်းဆိုထားကြောင်းနှင့် ယင်းသို့ ပြုလုပ်ခဲ့ပါက သီရိလင်္ကာသည်နိုင်ငံခြားသတင်းဆောင်းပါးတစ်ပုဒ်ကို ပထမဆုံးအကြိမ် ပိတ်ပင်ခြင်း ဖြစ်သည်ဟု ဆိုသည်။

သီရိလင်္ကာ အစိုးရက အဆိုပါဆောင်းပါးကို အွန်လိုင်းမှ ထုတ်ယူခြင်းကို ပိတ်ပင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကျော်စိန်**


# Trademark Caution

Mega Lifesciences Limited (formerly known as Medicap Limited), a company organized and existing under the laws of Thailand and having its registered office at 384 Soi 6, Pattana 3 Road, Bangpoo Industrial Estate, Samutprakarn 10280, Thailand (hereinafter called the "Company") hereby declare that the company is the Owner and Sole Proprietor of the following trademaks.

| | |
|---|---|
| XUVAN | (Reg.no.4/13985) |
| MEGAPTH | (Reg.no.4/13986) |
| LOREZE | (Reg.no.4/13987) |
| NAT C ESTER | (Reg.no.4/13991) |
| CHOLEZZ | (Reg.no.4/13993) |
| ZIRIN | (Reg.no.4/13995) |
| PROFAZT | (Reg.no.4/13996) |
| GOGAZ | (Reg.no.4/13997) |
| LORACAP | (Reg.no.4/13998) |
| GOFAZT | (Reg.no.4/13999) |

The above trademarks are used in respect of : " Pharmaceutical and veterinary preparations; sanitary preparations for medical purposes; dietetic substances adapted for medical use, food for babies; plasters, materials for dressings; material for stopping teeth, dental wax; disinfectants; preparations for destroying vermin; fungicides, herbicides in International Class 5".

Any fraudulent imitation or unauthorized use of the above marks or other infringements whatsoever will be dealt with according to law.

For Mega Lifesciences Limited,
U Kyaw Swa Myint
Advocate (license no. 7266)
LL.B, MPA.
Dated: July. 4. 2013

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul 2013

# ဘာသာသာသနာနှင့် ရပ်ကျိုးရွာကျိုးကိုသာဆောင်ရွက်နေပါသည်ဟု ဦးခင်ညွန့်ပြော

မောင်ကျော်

ကျောက်တန်းမြို့နယ်၊ ရွှေမှော်ဝန်းလူမှု/ယဉ်ကျေးကူညီရေးအဖွဲ့ နာယကကြီး ဦးခင်ညွန့်သည် ဇွန်လ ၂၈ရက်က ခနောင်ကျေးရွာ၊ ရွာလယ်ဘုန်းတော်ကြီးကျောင်း ရေစက်ချအလှူမင်္ဂလာပွဲသို့ တက်ရောက်၍ ကျောင်းတော်ကြီးအား ရေစက်ချလှူဒါန်းခဲ့သည်။ ရေစက်ချအခမ်းအနားတွင် ဦးခင်ညွန့်က ဆရာတော်၊ သံဃာတော်များအား လျှောက်ထားရာတွင် "သံဃာတော်အရှင်သူမြတ်တို့ဘုရား။ တပည့်တော်သည် တစ်ချိန်က နိုင်ငံ့တာဝန်များဖြင့် မြန်မာနိုင်ငံ တစ်နံတစ်လျား လှည့်ပတ်သွားလာပြီး တည်ဆောက်ပြုပြင်လုပ်ငန်းများ ဆောင်ရွက်ခဲ့ရတာကြောင့် မိမိမြို့နယ်၊ ကျေးရွာများအား နံ့နံ့စပ်စပ်၊ များများစားစား ရောက်ရှိဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ ယခုအခါ မိသားစုအေးအေးချမ်းချမ်း နေထိုင်ရချိန်တွင် ကိုယ့်ရပ်ကိုယ့်ရွာအတွက် ဘာသာရေး၊ လူမှုရေး၊ ပညာရေးအတွက် တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးမယ်ဆိုပြီး သန္နိဋ္ဌာန်ချမှတ်ကာအခုလိုဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်ဘုရား။ ဒီလို သန္နိဋ္ဌာန်ချထားသလိုတပည့်တော်အနေနဲ့ရွှေမှော်ဝန်းလူမှုယဉ်ကျေးကူညီရေး အဖွဲ့ကို မိတ်ဆွေများနှင့် ဖွဲ့စည်းပြီး ကျောက်တန်းမြို့နယ် အတွင်းရှိကျေးရွာ၆၄ရွာကို သွားရောက်ပြီး တော့လူမှုရေး၊ ပညာရေးလုပ်ငန်းတွေ၊ကိုယ်တတ်နိုင်တာလေးတွေ ကူညီဆောင်ရွက်ပေးရန်ရည်ရွယ်ထားပါတယ်ဘုရား။ တပည့်တော်အနေနဲ့ လွန်ခဲ့တဲ့ နွေရာသီက ကျေးရွာ ၉ ရွာကို စက်လှေများဖြင့် သွားရောက်ပြီးတော့လည်း ပညာရေး၊လူမှုရေးအတွက် တတ်နိုင်တာလေးတွေ ကူညီဆောင်ရွက်ပြီး လာမယ့် ပွင့်လင်းရာသီမှာလည်း ကျန်တဲ့ကျေးရွာတွေကို သွားလာပြီး လိုအပ်တဲ့ ကူညီဆောင်ရွက်မှုတွေ ပြုလုပ်သွားမှာပါဘုရား။ အခု ခနောက်ကျေးရွာမှာဆိုရင်လည်း တပည့်တော်တို့ မိသားစုတွေ နေထိုင်ကြီးပြင်းခဲ့ရာဒေသဖြစ်ပြီး ဤဘုန်းတော်ကြီးကျောင်းဆိုရင်လည်း လွန်ခဲ့တဲ့ နှစ် ၁၀၀ခန့်ကတည်းက တည်ဆောက်ထားတာကြောင့် ဟောင်းနွမ်းပျက်စီးလျက်ရှိသဖြင့် တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါ ပြုပြင်လိုတဲ့ဆန္ဒဖြစ်ပေါ်ခဲ့တာကြောင့် ယခုကဲ့သို့ ကျောင်းဆောင်သစ်ကြီးကို တည်ဆောက်ခဲ့ရခြင်း ဖြစ်ပါကြောင်း။ သို့သော်လည်း ဒီကျောင်းတော်ကို တည်ဆောက်ဖို့တပည့်တော်မှာငွေကြေးမပြည့်စုံပါဘူးဘုရား။တပည့်တော်တို့ရဲ့ ရွှေမှော်ဝန်း လူမှုယဉ်ကျေးအဖွဲ့မှာလည်းငွေကြေးမပြည့်စုံတဲ့အပြင်အရင်း မပျောက်မတည်ငွေမှာ နှစ်စဉ်အတိုးရငွေ သိန်း၅၀၊ ၆၀ ထည့်ပြီး လိုအပ်တာလေးတွေကိုကူညီဆောင်ရွက်နေရခြင်းသာဖြစ်ပါတယ်ဘုရား။သို့သော်လည်း တပည့်တော်ရဲ့ မိတ်ဆွေတစ်ယောက်ဖြစ်တဲ့အေစီအီးဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးဖြိုးကိုကိုတင့်ဆန်းက သူတို့အနေနဲ့ ပါဝင်လှူဒါန်းကူညီပံ့ပိုးလိုကြောင်း လိုလိုလားလားပြောကြားသဖြင့် အဆိုပါဆောက်လုပ်ရေးကုမ္ပဏီနှင့် အင်ဂျင်နီယာအဖွဲ့တို့က လှူဒါန်းကူညီဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကျောင်းတော်ကြီးအသစ်တည်ဆောက်မှုအတွက် စုစုပေါင်း သုံးစွဲ ကုန်ကျခဲ့ရသည့်ငွေပမာဏမှာ ကျပ်သိန်းပေါင်း ၁၂၀၀ကျော်ရှိပါတယ်ဘုရား၊ တပည့်တော်အနေနဲ့ ကျောင်းတော်ကြီးပြီးမြောက်အောင် ဦးစီးဦးဆောင်ပြုလုပ်ခဲ့ခြင်း မှန်သော်လည်း အမှန်တကယ် ငွေကြေးစိုက်ထုတ်တည်ဆောက်ခဲ့ကြသည့် ကုသိုလ်ရှင်အစစ်မှာ အေစီအီးဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးဖြိုးကိုကိုတင့်ဆန်းမိသားစုနှင့် အေစီအီးဆောက်လုပ်ရေးအင်ဂျင်နီယာများသာဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ခနောက်ကျေးရွာအတွင်းထည်ထည်ဝါဝါခံ့ခံ့ညားညားဖြင့် ကျောင်းတော်ကြီး တစ်ဆောင်ပေါ်ပေါက်လာပြီးဖြစ်၍ ဤကျောင်းတော်ကြီး ရေရှည်တည်တံ့အောင်ပိုင်းဝန်းထိန်းသိမ်းကြဖို့နဲ့ ဆရာတော်အရှင်သူမြတ်များအနေဖြင့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိ၊ ပဋိဝေဒသာသနာတော်များကို စိတ်ချမ်းသာသာဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ် နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဘုရား" ဟု လျှောက်ထားသွားသည်။ ထို့နောက်အခမ်းအနားကိုအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ခဲ့သည်။




## Digicel မှ မြန်မာနိုင်ငံတွင်ဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်မရရှိသည့်အတွက် ဝမ်းနည်းကြောင်းဆို

မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် နှစ်နေရာအတွက် တင်ဒါလျှောက်လွှာတင်သွင်းရာတွင် ပါဝင်ခဲ့သည် Digicel ကုမ္ပဏီမှဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား အောင်မြင်စွာရရှိခြင်းမရှိသည့်အတွက် စိတ်မကောင်းဖြစ်ရမိကြောင်းအဆို ပါကုမ္ပဏီမှထုတ်ပြန်ခဲ့သည်။

Digicel ကုမ္ပဏီဥက္ကဋ္ဌ" Mr.Denis O'Brien မှ"ယခုလို တယ်လီကွန်လေလံတင်ခွင့်မှာ ပါဝင်ခွင့်ရတဲ့အတွက် ကျွန်တော်တို့ရဲ့ မိတ်ဖက်ကုမ္ပဏီများအားလုံးကိုယ်စား၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကိုကျေးဇူးတင်ပါကြောင်း ပြောပါရစေ"ဟုရင်းမှပြောကြား ခဲ့သည်။

Digicel မှမိမိတို့ကုမ္ပဏီအနေဖြင့် ဆက်သွယ်ရေးလုပ်ငန်း လေလံတင်ဒါ မအောင်မြင်ခဲ့သော်လည်း လေလံအောင်မြင်ခဲ့သည်။ တင်ဒါလျှောက်လွှာရှင်များကိုလည်း ဝမ်းမြောက်ကြောင်းနှင့်မြန်မာ့ဈေးကွက်အတွင်းသို့ဝင်ရောက်နိုင်ရန် ပြင်ဆင်မှုများအတွက်လည်း အောင်မြင်ပါစေဟုဆုမွန်ကောင်းတောင်းခဲ့ကြောင်း Digicel ထုတ်ပြန်ချက်အရ သိရသည်။

ဝင်းကိုကို

## လယ်ယာသုံးစက်ပစ္စည်းအရစ်ကျမဝယ်နိုင်လျှင် ဌားရမ်းသုံးခွင့်ပေးမည်

စက်မှုလယ်ယာကဏ္ဍတွင် စက်ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် မဝယ်ယူနိုင်သည့် တောင်သူလယ်သမားများအတွက် အငှားဝန်ဆောင်မှုစနစ်ပေးနိုင်အောင် ကြိုးစားလျက်ရှိကြောင်း တောင် သူလယ်သမားအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ဘက်က မဝယ်နိုင်တဲ့လူတွေကိုလည်းအငှားဝန်ဆောင်မှုပေးနိုင်အောင် ကြိုးစားနေတယ်။ အငှားဝန် ဆောင်မှုဆိုတာ ငှားပြီးသုံးလို့ရတဲ့သဘောပေါ့။ ပိုက်ဆံအများ ကြီးပေးစရာမလိုဘူး"ဟု ၎င်းက ပြောသည်။"လစဉ်သင်တန်းပို့ချတာတွေရှိတယ်။ အခုလက်ရှိမှာ စိုက်ပျိုးရေးဘဏ်ကနေတစ်ဧက(၁)သိန်းနှုန်းနဲ့ ပေးတာရှိတယ်။ ချေးငွေနောက်ကျတာတွေ မလုံလောက်တာတွေ ရှိတယ်။ မကြာခင်မှာ တောင်သူလယ်သမားတွေ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကိုပြဋ္ဌာန်းနေတာရှိတယ်။ ဒီဥပဒေ ပြီးသွားရင် လုံလောက်တဲ့ချေးငွေကို နှစ်ရှည်ချေးငွေတွေလို အတိုးသင့်နဲ့ရဖို့ရှိတယ်။ မကြာခင်လွှတ်တော်မှာ တင်ပြဖို့ရှိတယ်" ဟု ၎င်းက ထပ်မံပြောသည်။

၎င်းဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုလျှင် တောင်သူလယ်သမားများကြုံတွေ့နေရသည့် စက်မှုလယ်ယာကူးပြောင်းရန် နည်းပညာပြဿနာ၊ ထွက်ရှိလာသည့်စပါးများ ဈေးကောင်းမရသည့် ပြဿနာများအဆင်ပြေသွားဖွယ်ရှိကြောင်း သိရသည်။

ယဉ်ပပထွန်း

## AAPP မှ ညှင်းပန်းနှိပ်စက်မှုများအပေါ် ကြေညာချက်ထုတ်

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)(AAPP) Assistance Association from Political Prisoner သည် အပြည်ပြည်ဆိုင်ရာ ညှင်းပန်းနှိပ်စက်ခံရသူများအား ပံ့ပိုးကူညီရေးနေ့အား ဂုဏ်ပြုသောအားဖြင့် မိမိတို့ AAPP မှနှိပ်စက်ညှင်းပန်းမှုများအားဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်ကို မြန်မာနိုင်ငံအစိုးရမှ အမြန်ဆုံးအတည်ပြုလက်မှတ်ရေးထိုးရန်နှင့် ထိုပြဋ္ဌာန်းချက်များအား မြန်မာနိုင်ငံ၏ ဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းသွားရန် တိုက်တွန်း လိုက်ကြောင်းဖြင့် ၂၀၁၃ ခုနှစ်ဇွန်လ ၂၆ ရက်နေ့တွင် AAPP မှထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် မကြာခဏဖြစ်ပေါ်နေသည့် ညှဉ်းပန်းနှိပ်စက်ခံရမှု မှတ်တမ်းများကို AAPP မှအဖွဲ့ဝင်အဖြစ် ပါဝင်သည့် လူ့အခွင့်အရေး မှတ်တမ်းကွန်ရက်မှစုဆောင်း မှတ်တမ်းတင်ထားကြောင်းလည်း ဖော်ပြထားသည်။

ထို့ကြောင့် မြန် မာနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုများကို ပပျောက်ရန်ပထမခြေလှမ်းအနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုများ ကာကွယ်တားဆီးရေး ကုလသမဂ္ဂသဘောတူညီချက်အား မြန်မာနိုင်ငံအတွင်း ပြဋ္ဌာန်းရန်အတွက်၂၀၁၃ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် လွှတ်တော်တွင် တင်သွင်းခဲ့သည့် အမျိုးသား ဒီမို ကရေစီ အဖွဲ့ချုပ် NLD မှပွင့်ဖြူ မြို့နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မိုးညို၏ အဆိုပြုချက်ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှ ပယ်ချလိုက်သည့်အပေါ် AAPP က များစွာ စိတ်မသက်မသာဖြစ်မိကြောင်းကိုလည်း ဖော်ပြထားသည်။

ဥယျာဉ်မှူး

# သံဃာတော် ၂သောင်းခန့်ကို (B) ပိုးကာကွယ်ဆေး ထိုးပေးခဲ့တဲ့ ထိုင်ဝမ် ဆရာတော်

ထိုင်ဝမ် သာသနာပြုဆရာတော် Ven Haitao မှ မြန်မာနိုင်ငံတွင်ရှိသော ဆရာတော်၊ သံဃာတော်များကို(B)ပိုးကာကွယ်ဆေး ထိုးခြင်းအခမ်းအနားကို ဇွန်(၂၉) ရက် မနက်(၈း၀၀)နာရီတွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး နာဂလိုဏ်ဂူ၌ ကျင်းပခဲ့သည်။

Ven Haitao သာသနာပြု ဆရာတော်မှ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ ဧရာဝတီ၊ ကချင်ပြည်နယ်ရှိ ဆရာတော်၊ သံဃာတော်နှစ်သောင်းခန့် ကာကွယ်ဆေးထိုးပေးခဲ့ပြီးကြောင်း သိရသည်။

အမှတ်(၁)စက်မှုဆေးဝါး အသည်းရောင်အသားဝါစက်ရုံမှ လက်ထောက်တာဝန်ခံ ဒေါ်သီသီစိုးက(B)ပိုးကာကွယ်ဆေးထိုးမှု နှင့် ပတ်သက်၍ ရှင်းပြရာတွင် "ကျွန်မတို့မြန်မာနိုင်ငံဟာ (B)ပိုး ဖြစ်ပွားမှုအမြင့်ဆုံးထဲမှာ ပါပါတယ်။ အထူးသဖြင့် သံဃာတွေထဲမှာ အများဆုံးတွေ့ရတယ်။ အခု ဆရာတော်ကြီးက အလှူလုပ်တော့ ကျွန်မတို့စက်ရုံက ဆေးရောင်းပေးရုံတင်မဟုတ်ဘဲ စက်ရုံဝန်ထမ်းတွေရယ်၊ စေတနာ့ ဝန်ထမ်းဆရာဝန်တွေရယ်ကနေ လိုက်လံထိုးပေးတာပါ။ ကျွန်မတို့ စက်ရုံကထုတ်တဲ့ လီဘိုဘတ်ဆေးဟာ မြန်မာပြည်တွင်းမှရတဲ့ ဇီဇနည်းပညာတွေနဲ့ ထုတ်လုပ်ထားတာပါ။ ဆေးတစ်လုံးမှ (၃၀၀၀) လောက်ပဲရှိတယ်။ နိုင်ငံခြားဆေး တွေက တစ်လုံးကို တစ်သောင်း ကျော်လောက်ရှိတယ်။ ဒီဆေးကို ကြိုတင်ထိုးထားခြင်းအားဖြင့် အဆုပ်ကင်ဆာဖြစ်မှုလျော့နည်း သွားမယ်လို့ ထင်ပါတယ်" ဟု ပြောခဲ့သည်။ထိုင်ဝမ်သာသနာပြုဆရာတော်မှ မိဘမဲ့ကျောင်းများမှ ကလေးများကို (B)ပိုး ကာကွယ်ဆေး ဆက်လက်ထိုးပေးသွားမည်ဟု သိရသည်။

မျိုးကျော်



# တပ်မတော်ကသိမ်းထားသော မင်္ဂလာဒုံ စမ်းကြီးဝ လယ်တွေပြည်ထဲရေးသို့လွှဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝကွင်း၊ အမှတ်(407-A, 407-B, 407-C) အုတ်ဖိုရိုးမြောင်းကွင်း (၅၃၅-ဃ) နှင့် သယ်န်းကျွန်းအနောက်ကွင်း (၅၃၄-ဗယ ၅၃၄-M,) ကွင်းရှိ လယ်မြေ (၇၀၃) ဧကအား ဘိုးဘွားစဉ်ဆက်လုပ်ကိုင်နေရာမှ (၁၉၉၉) ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကာလက သိမ်းယူခဲ့ပြီး အဆိုပါလယ်မြေများကို တပ်ရင်းတပ်ဖွဲ့များက စိုက်ပျိုးနေသော်လည်း နောက်ပိုင်းတွင် လယ်ပိုင်ရှင်များကို သီးစားခဖြင့် ပြန်လည်လုပ်ကိုင်စေပြီး သီးစားခမှာလည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာကြောင်း၊ မိသားစုစားဝတ်နေရေးအဆင်ပြေသလို ရုန်းကန်လာရင်း ၂၀၁၂ ခုနှစ်အစိုးရသစ်တက်လာပြီးနောက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လယ်ယာမြေစုံစမ်းစစ်ဆေးရေး ကော်မရှင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရတို့ထံ လယ်သမား (၇၁)ဦးကလက်မှတ်ရေးထိုးအသနားခံစာများတင်ပြခဲ့ပြီး တာဝန်ရှိသူများက တွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးသော်လည်း အဖြေတစ်စုံတစ်ရာမရရှိသေးကြောင်း၊ ဇွန်လ (၁၀) ရက် နံနက်ပိုင်းတွင် အဆိုပါ တပ်မတော်သိမ်းထားသည့်လယ်မြေထဲတွင် လယ်သမားများက လယ်မြေများပြန်လည်ထွန်ယက်ရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးကလာရောက်တားမြစ်ပြီးအထက်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဟု ပြောဆိုသွားပြီး ယခုအခါ အဆိုပါလယ်မြေများကို တပ်မတော်ကနေ ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းနေပြီဖြစ်ကြောင်း သိရသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကလယ်သမားများကိုခေါ်ယူရှင်းပြပြီး လယ်သမားက ဆန္ဒမစောကြရန်နှင့် ပါတီမှလည်း တင်ပြနေပြီဖြစ်ကြောင်း အမြန်ဆုံး ပြန်ရနိုင်ရန် တင်ပြထားသည့်အတွက် စိတ်ရှည်သည်းခံစွာ စောင့် ဆိုင်းကြရန် ပြောကြားသွားသည်ဟု လယ်သမားများထံက သိရသည်။

မောင်ငွေ

# မင်္ဂလာဒုံမြို့နယ်အတွင်း ၁၅၀၀တန် ဆင်းကတ် ရပ်ကွက်အလိုက် ရှင်းတမ်းထုတ်ပြန်သင့်

၁၅၀၀ တန်ဆင်းကတ်အား မြန်မာတစ်ပြည်လုံးရှိအသုံးပြုနိုင်သည့်နေရာဒေသများသို့ တပ်ဌာနဆိုင်ရာများပါခွဲတမ်းစနစ်မဲစနစ်ဖြင့် ပြည်သူများထံ ရောင်းချနေသော်လည်း တချို့ကျေးရွာရပ်ကွက်များတွင် ခွဲတမ်းမည်မျှရရှိသည်ကို ရပ်ကွက်နေပြည်သူများအား ပြန်လည်ရှင်းပြ၊ ချပြခြင်းမရှိသလို၊ ရပ်ကွက်အလိုက်ရရှိထားသည့် ခွဲတမ်းပေးထားသည့်ရှင်းတမ်းများကို ကြော်ငြာဆိုင်းဘုတ်များဖြင့် အများပြည်သူမြင်သာအောင်ထုတ်ပြန်သင့်သော်လည်းအချို့ကျေးရွာရပ်ကွက်များတွင် လုပ်ဆောင်ခြင်းမရှိပါသောကြောင့် အငြင်းပွားမှုများရှိနေကြောင်း သိရသည်။ အဆိုပါဆင်းကတ်ဈေးမှာလည်း ပြင်ပတွင် ခုနှစ်သောင်းခန့်ဈေးပေါက်ရောက်နေခြင်းကြောင့် ပြည်သူများမှာလိုချင်သော်လည်း စနစ်တကျမရရှိခြင်းကြောင့် မင်္ဂလာဒုံမြို့နယ်အတွင်း ၁၅၀၀တန် ဆင်းကတ်ပြဿနာများကိုတိုင်ကြားသည်နှင့်ချက်ခြင်းခေါ်ယူစစ်ဆေးမေးမြန်းပြီး ဖြေရှင်းပေးနေကြောင်း မင်္ဂလာဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးဦးညွန့်ဟန်က ပြောသည်။

မင်္ဂလာဒုံမြို့နယ်အတွင်းရပ်ကွက် (၃၂) ရပ်ကွက်အတွက် ခွဲဝေမှုဆင်းကတ်များခွဲတမ်းမှာ

| | ၄/၂၀၁၃ | ၅/၂၀၁၃ | ၆/၂၀၁၃ |
|---|---|---|---|
| ကြံခင်းစုရပ်ကွက် | ၁၂၅ ခု | ၁၂၅ ခု | ၅၈ ခု |

စာ ၂၆ သို့

# အခြေခံဥပဒေမှာ သတင်းမီဒီယာများကို စတုတ္ထမဏ္ဍိုင်အဖြစ် ပြဋ္ဌာန်းထားခြင်း မရှိမှုအပေါ် အကြံပြုရန် ပြင်ဆင်ထား




ဇွန်လ(၂၉)ရက်၊ နေ့လယ် (၁)နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ Wave Myanmar မှ ကြီးမှူးကျင်းပသော စတုတ္ထမဏ္ဍိုင်နှင့် မြန်မာ့ဒီမိုကရေစီ အရေးဟူသောခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် သတင်းမီဒီယာများကို စတုတ္ထမဏ္ဍိုင်အဖြစ် သုံးနှုန်းသော်လည်း အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း သိရှိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ "သမ္မတကြီးကိုယ်တိုင်က သတင်းမီဒီယာတွေကို စတုတ္ထမဏ္ဍိုင်အဖြစ် သတ်မှတ်ထားကြောင်း ပြောကြားခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးများကလည်း သတင်းမီဒီယာများသည် စတုတ္ထမဏ္ဍိုင်ဖြစ်ပါတယ်ဆိုပြီး အကြိမ်ကြိမ်ပြောကြတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ ဘယ်ဥပဒေမှာမှ သတင်းမီဒီယာတွေကို စတုတ္ထမဏ္ဍိုင်ဆိုပြီး ပြဋ္ဌာန်းထားခြင်းမရှိပါဘူး။ အဲဒီလိုပဲ အခြေခံဥပဒေမှာလည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့မဏ္ဍိုင်ကြီးတွေလည်း အာဏာများဆောက်လုပ်ထားပြီးတော့ အပြန်အလှန်ထိန်းကြောင်းခြင်းပြုမယ်လို့ ရေးသားထားပါတယ်။ ဒါပေမဲ့ စတုတ္ထမဏ္ဍိုင်အဖြစ် ချမှတ်ထားတာဟာ အခြေခံဥပဒေမှာမပါပါဘူး။ အဲဒါကြောင့် (၂၀၀၈)ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာခြင်းဖြင့် သုံးသပ်ခွင့်ရတဲ့အခါမှာ သတင်းမီဒီယာတွေကို စတုတ္ထမဏ္ဍိုင်အဖြစ် အရင်ဆုံးအခြေခံဥပဒေမှာ ပြဋ္ဌာန်းရန် လွှတ်တော်မှာအကြံပြုဖို့အတွက်ကို ကျွန်တော်ပြင်ဆင်ထားပါတယ်"ဟု အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ သယ်န်းကျွန်းမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်က ပြောကြားခဲ့သည်။

ယခုမြန်မာ့ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းမည်ဆိုပါက သတင်းမီဒီယာများကို စတုတ္ထမဏ္ဍိုင်အဖြစ်သတ်မှတ်ကာ လမ်းဖွင့်ပေးမည်ဆိုလျှင် တည်ဆဲဥပဒေ၌ပါရှိသော သတင်းသမားများကို အချိန်မရွေးထောင်ထဲပို့နိုင်သောဥပဒေများကို ဖျက်ရန်နှင့် ပြင်ဆင်ရန်ကိုလည်း မိမိအနေဖြင့် လွှတ်တော်တွင် သတင်းမီဒီယာများကို တရားစွဲသည့်အမှုများအား မိမိလိုက်ပေးခဲ့သည့်အတွေ့အကြုံ ဖြင့် တင်ပေးခဲ့ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ညီညီအောင်

ရွှေမြင်းရာဇာဆေးခန်း

ကျောက်တည်သော ဝေဒနာရှင်များအတွက်
ရွှေမြင်းရာဇာ ဆေးခန်းမှ ကျောက်ကပ်၌ ကျောက်တည်ခြင်း။ ဆီးအိမ်၌ကျောက်တည်ခြင်း။ သည်းခြေ၌ ကျောက်တည်ခြင်း။ ဆီးလမ်းကြောင်း၌ ကျောက်တည်ခြင်းများကို ခွဲစိတ်စရာမလိုဘဲ ဆေးသောက်ရုံဖြင့် သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ခေတ်မီတိုင်းရင်းဆေးနည်းပညာဖြင့် ထုတ်လုပ်ထားသောကြောင့် ဘေးထွက်ဆိုးကျိုးမရှိ အာမခံဖြင့်ကုသပေးနေပါသည်။

အသည်းရောဂါ ဝေဒနာရှင်များအတွက်
အသည်းရောင်အသားဝါရောဂါ။ အသည်းခြောက်ခြင်း။ အသည်းအဆီဖုံးခြင်း။ ရေဖျဉ်းစွဲခြင်းစသော အသည်းရောဂါ အမျိုးမျိုးတို့ကို ကုသပေးနေပါသည်။ ဤဆေးကို တစ်ခါသောက် ဆေး ၂ တောင့်၊ တစ်နေ့ ၂ ကြိမ်မှ ၃ ကြိမ်ထိ သောက်သုံးခြင်းဖြင့် ၃ လအတွင်း မိမိခံစားနေရသော ဝေဒနာများ ထူးခြားသိသာစွာသက်သာစေပါသည်။ ၃လအတွင်း ထူးခြားမှုမရှိပါက ကုန်ကျငွေအားလုံးပြန်အမ်းပေးပါမည်။

လိပ်ခေါင်းရောဂါ၊ ဂရင်ဂျီနာ ဝေဒနာရှင်များအတွက်
ခွဲစိတ်ရန် မလိုပါ။ နာကျင်မှုမရှိပါ။ အလုပ်အကိုင်မပျက်ပါ။ ဆေးရုံတက်စရာမလိုပါ။ ဈေးနှုန်းသက်သာစွာဖြင့် ဘေးထွက်ဆိုးကျိုးမရှိ ကုသပေးနေပါသည်။

မြောက်ဥက္ကလာပ - ၁၂၈၊၁၂၁ - ၄၃ (အဖြူ)မြို့ထဲ - ရွှေညွှာသည်(၂)၊ ၈၆၊၉၆
ဗိုလ်တထောင် - ၉၆၊ ၁၀၀ သယ်န်းကျွန်း - ၉၆ (လှိုင်သာယာကားစီး) တောင်ဥက္ကလာပ - ၁၇၆၊
မင်္ဂလာဒုံ ၁၄၆ စီး၍အဆင့်မြင့်မှတ်တိုင်စီးပါ။

လိပ်စာ - တိုက် (၂၁)၊ အခန်း ၆ ၊ နဝဒေးအိမ်ရာ ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-689711 , 689710 , 09 5003436 , 09 4200 53888

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul, 2013

# ပုဂံခေတ်က နိုင်ငံတော်လုပ်ကြံမှုနှစ်မှု



**သမိုင်းသုတေသီ**။ "တက္ကသိုလ်စိန်တင်၊ အာဇာနည်ဗိမာန်ကိုရောက်သေးသလား"

**တက္ကသိုလ်စိန်တင်**။ "မရောက်သေးဘူးဗျ၊ ယခုတလော၊ စာအုပ်သစ်မထုတ်ဖြစ်သေးတော့၊ ငွေစငွေနကလေးကလည်း၊ ရှားပါးနေသေးလို့ ဗိုလ်ချုပ်ကို အလေးပြုချင်တာတောင်အာဇာနည်ဗိမာန်ဘက်မရောက်ဖြစ်သေးဘူး"

**သမိုင်းသုတေသီ**။ "ဘယ်လို ဘယ်လိုပြောလိုက်တာလဲ။ ငွေစငွေနရှားပါးနေတာနဲ့ အာဇာနည်ဗိမာန်အလေးပြုတာနဲ့ ဘာဆိုင်သလဲ။ ပိုက်ဆံမရှိရင် ဗိုလ်ချုပ်ကိုအလေးပြုခွင့်မရှိဘူးလား"

**တက္ကသိုလ်စိန်တင်**။ "အို့ဟိုး၊ ဒီလိုပါဗျ၊ ဒီလို။ အာဇာနည်ဗိမာန်သွားရောက်ပြီး၊ ဗိုလ်ချုပ်ကိုလွတ်လွတ်လပ်လပ် အလေးပြုလို့ရတဲ့ခေတ်က ဟိုအဝေးကြီး၊ ဂွမ်တီးဂွမ်တီး ခုနှစ်သက္ကရာဇ်တွေမှာ ကျန်ခဲ့ပြီ။ ယခုယဉ်ကျေးမှုဝန်ကြီးဌာနက ပြုပြင်မွမ်းမံထားတဲ့ အာဇာနည်ဗိမာန်ကို အလေးပြုချင်ရင် ဂိတ်ဝင်ခငွေပေးမှ အလေးပြုရမှာတဲ့"

**သမိုင်းသုတေသီ**။ "ဟုတ်လား၊ ဒါဆိုရင် ဇူလိုင်(၁၉)ရက်၊ အာဇာနည်နေ့ကျရင် ယဉ်ကျေးမှုဝန်ကြီးဌာနက ပွပေါက်တိုးပြီပေါ့။ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုမယ့်သူတွေ သောင်းချီသိန်းချီလာကြမှာကိုး"

**တက္ကသိုလ်စိန်တင်**။ "ဟာ အဲဒီလိုလည်းမဟုတ်ဘူးဗျ။ အာဇာနည်နေ့ကိုတော့ မည်သူမဆို၊ အာဇာနည်ဗိမာန်ကို ဝင်ကြေးမပေးရဘဲ အလေးပြုခွင့်ပြုမှာတဲ့ဗျ"

**သမိုင်းသုတေသီ**။ "ဟုတ်လား၊ ဒါဆိုရင်လည်း အာဇာနည်နေ့ကျမှပဲ အိမ်ကမိသားစုတွေ၊ အိမ်နီးနားချင်းတွေပါခေါ်ပြီး အာဇာနည်ဗိမာန်ကို ဝင်ခွင့်မပေးရဘဲ တစ်နှစ်စာ တစ်ဝကြီးသွားပြီး အလေးပြုရတော့မယ်။ ဒါနဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရပြီး ကျဆုံးခဲ့တာ ဒီနှစ် ဘယ်နှနှစ်မြောက်လဲ"

**တက္ကသိုလ်စိန်တင်**။ "အာဇာနည်ခေါင်းဆောင်ကြီးတွေ ဂဠုန်ဦးစောရဲ့ လုပ်ကြံမှုကြီးမှာ အသက်စွန့်ခဲ့ရတာ ဒီနှစ်(၆၆)နှစ်ပြည့်ပြီ"

## တက္ကသိုလ်စိန်တင်

**သမိုင်းသုတေသီ**။ "နိုင်ငံရေးအာဏာရဖို့ လုပ်ကြံမှုတွေပေါ်ပေါက်ခဲ့တာ၊ ရှုံမှုန်းစရာအလွန်ကောင်းလှပါတယ်ဗျာ။ မြန်မာနိုင်ငံမှာ နိုင်ငံရေးလုပ်ကြံမှုဆိုတာတွေဟာ ပုဂံခေတ်၊ စလေငခွေးမင်းတို့ တောင်မကင်းခဲ့ဘူးဆို"

**တက္ကသိုလ်စိန်တင်**။ "စလေငခွေးမင်းဆိုတာ သူမင်းဖြစ်ဖို့အတွက် သူ့ကျေးဇူးရှင်ဘုရင်ကိုလုပ်ကြံသတ်ဖြတ်ခဲ့တယ်။ သူကိုယ်တိုင်လည်း မှူးမတ်ဝန်ကြီးတွေလုပ်ကြံခံရလို့ သေဆုံးခဲ့တယ်"

**သမိုင်းသုတေသီ**။ "စလေငခွေးက ရှင်ဘုရင်ဆိုတော့ သေရင် နတ်ရွာစံတယ်ပြောရမှာ"

**တက္ကသိုလ်စိန်တင်**။ "ရှင်ဘုရင်တွေ၊ သမ္မတခေါင်းဆောင်တွေသေတိုင်း နတ်ရွာစံတယ်ပြောလို့မဖြစ်ဘူး။ စလေငခွေးလို မင်းဆိုးမင်းညစ်သေတဲ့အခါ ငရဲပြည်သွားဖို့ ဘွတ်ကင် Booking လုပ်ပြီးသားပဲဗျ"

**သမိုင်းသုတေသီ**။ "စလေငခွေးက သူ့ကျေးဇူးရှင်ဘုရင်ကို လုပ်ကြံမှုသတင်းကလေးပြောပြစမ်းပါဗျာ နားဆင်ပါရစေ"

ပုဂံနိုင်ငံတွင် သိန်းခွန်မင်းညီအစ်ကိုတို့ နန်းလုရင်းတိုက်ကြစဉ် အစ်ကိုနိုင်၍ ညီထွက်ပြေးပြီး စလေအရပ်တွင် ပုန်းရှောင်နေသည်။ သိန်းခွန်မင်း၏ မြေးတော်စပ်သော ငခွေးကို မိဘများက စီးပွားမပြည့်စုံသဖြင့် သူဌေးသူကြွယ်တစ်ဦးထံ ရောင်းချခဲ့သည်။

သူကြွယ်က ငခွေးကို လှေထိုးသားအဖြစ် လှေတစ်စင်းတွင်ထည့်လိုက်ရာ ထိုလှေပုဂံမြို့သွားနေစဉ် မိမိအူသည် ဝမ်းကပေါက်ထွက်၍ ပုဂံမြို့ကို ပတ်မိသည်ဟု အိပ်မက်မက်၏။

နံနက်လင်းသော လှေထိုး၍ မြစ်ပြင်ကိုဆန်လာခဲ့စဉ်၊ လှေထိုးဝါးသည် မနောရွှေလင်ပန်းကိုတိုးမိပြီး ရေပေါ်ပါလာ၏။ စလေငခွေးလည်း ငါ့အိပ်မက်မကျေနိုင်ဟုဆိုကာ ရွှေလင်ပန်းကို မြစ်ရေတွင် ပြန်စွန့်လိုက်သည်။ ပုဂံမြို့ရောက်စဉ်မင်း၏ဆရာ၊ ပုရောဟိတ်ပညာရှိထံသွားခဲ့ရာ ပုရောဟိတ်ကို မိမိအိပ်မက်ပြောပြ၏။ ပုရောဟိတ်က "အမောင်၏ အိပ်မက်သည်ဖြစ်ခဲလှ၏။ မကြာခင်မှာပင် ပုဂံပြည်တွင် ရှင်ဘုရင်ဖြစ်မည်"ဟု ဟောလိုက်၏။

ငခွေးသည် သူကြွယ်ထံမှ အလုပ်ထွက်လာပြီး ပုဂံမြို့တန်နက်မင်းထံ၌ မြင်းခံအမှုထမ်းအဖြစ်ခစား၏။ တန်နက်မင်းသည် မြင်းချစ်သူဖြစ်၍ မြင်းဇောင်းသို့ နေ့စဉ်လာလေ့ရှိ၏။ တန်နက်မင်းနှင့်အတူပါလေ့ရှိသော မောင်းမငယ်မိန်းမပျိုသည် စလေငခွေး၏ ဆင်ပြင်ရုပ်သွင်ကို မက်မောနှစ်ခြိုက်ရကား တစ်ညဉ့်သောအခါ မြင်းတင်းကုပ်သို့ တန်နက်မင်းဆင်းလာစဉ် တန်နက်မင်းကို စလေငခွေးနှင့်အတူ ပေါင်း၍လုပ်ကြံခဲ့သည်။ မြင်းချေးတွင်းထဲ တွန်းချလုပ်ကြံ၍ တန်နက်မင်းကွယ်လွန်လျှင် စလေငခွေးသည် ပုဂံနန်းကိုစိုးစံလေသည်။ ဘုရင်ကိုသတ်၍ ဘုရင်လုပ်ရန်ကြံလေသော စလေငခွေးမင်း၏ အောင်ပွဲတည်း။

**သမိုင်းသုတေသီ**။ "စလေငခွေးဟာ ပုဂံနိုင်ငံကိုအုပ်စိုးစဉ် ပြည်သူတွေအပေါ် မသင့်မတော်စော်ကားသတ်ဖြတ် မကြံအပ်မစည်အပ်တဲ့အမှုတွေနဲ့ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ဘုရင်ပဲ"

**တက္ကသိုလ်စိန်တင်**။ "ဒါကြောင့် တူသောအကျိုးပေးခဲ့ပြီလေ။ စလေငခွေးမင်းကိုလုပ်ကြံလိုတဲ့ မှူးမတ်တွေက ဆင်ဦးစီးနဲ့တိုင်ပင်ပြီး စလေငခွေးဆင်ပေါ်က ကျအောင်လုပ်၊ နွံအိုင်မှာတွန်းချ၊ ရွှံ့နဲ့သေအောင်ပေါက်သတ်တာခံရရှာတယ်။ စလေငခွေး နန်းစံသက်က (ခရစ် ၁၀၀၆-၁၀၁၅)ပဲ။ (၉)နှစ်သာရှိတယ်။ မကောင်းမှုပြုတဲ့ဘုရင်၊ သူလည်း သူများမကောင်းကြံလို့ သေလွန်ခဲ့ရတာ ယခုခေတ် နှောင်းလူတွေသံဝေဂယူသင့်ကြပါရဲ့"

# အားလုံးတွင် တာဝန်ရှိပါကြောင်း

"ဘကြီးရေခုတလောအသံတွေည်၊ကလောင်တွေကလည်းနံ့သလား မပြောနဲ့"

"အေး။မင်းညံတာ နံ့တာတွေဖောက်သည်ချကွာ"

"ဟုတ်ကဲ့ ။ပြင်ဦးလွင် လူထုတွေ့ဆုံပွဲမှာ ဒေါ်စုကပြောသတဲ့"

"ဟုတ်လား။ အသံအကြီးကြီးနေမှာပေါ့"

"ဟုတ်ကဲ့၊ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ပြည်သူ၉၂. ၄ရာခိုင်နှုန်းထောက်ခံခဲ့တယ်။ပြည်သူကလက်ခံအတည်ပြုခဲ့တယ်ဆိုတာ မယုံဘူးတဲ့"

"ဟေ ဟုတ်လား"

"ဟုတ်တယ် ဘကြီး"




"ကဲ ဒါဖြင့်သာဗျော။မင်းနဲ့ငါ လက်ညှိုးထောင်ကန့်ပိန်းလုပ်ကြည့်ရအောင်၊ မယုံတဲ့သူလက်ထောင်ကွာ"

"ဘကြီး ခွင့်ပြုချက်မရှိဘဲ လက်ညှိုးထောင်ခိုင်းရင် တရားစွဲခံရမယ်နော်"

"ဩော် အေး ဟုတ်ပါ့။အင်္ဂလိမာလကရှိသေးကွ"

ဤတွင် ဘကြီးတစ်ယောက် အင်္ဂုလိမာလရဲ့ လက်ညှိုးတစ်ထောင်စီမံကိန်းကို စဉ်းစားနေတုန်း၊သာဗျောက ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို သတိရလာ၏။အခြေခံဥပဒေပြင်ဆင်ရေး ကြွေးကြော်သံဖြင့် NLD ရွေးကောက်ပွဲဝင်၏။ အပြတ်အသတ်အနိုင်ရ၏။ပြည်သူတို့လက်ညှိုးထောင်ခဲ့သည်ဟုဆိုနိုင်၏။ ၂၀၁၀ ရွေးကောက်ပွဲတွင် လွှတ်တော်နေရာအများဆုံးရခဲ့သောပါတီကြီးတစ်ခုအနေဖြင့် မဖြစ်စလောက်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ကိုဝင်မပြိုင်ဘဲသဘောထားကြီးစွာ အခြားပါတီများကိုဦးစားပေးသင့်ကြောင်းပြည်တွင်းပြည်ပမှာ အသံကျယ်ကျယ်လောင်လောင်ဖြစ်နေသည့် လွှတ်လပ်တရားမျှတမှုမရှိဆိုသော စွပ်စွဲချက်များကို ချေဖျက်ရန် မည်သို့မျှလက်ညှိုးထိုးစရာမရှိရန်၊အာဏာရပါတီကြီး ကြားဖြတ်ရွေးကောက်ပွဲမဝင်သင့်ကြောင်း အဆိုကို သတိရ၏။

"သူတို့လည်းနေရာနည်းနည်းပါးပါးတော့ရမှာပေါ့"

ဤသို့အထင်အမြင်သေးသော ယူဆချက်ဖြင့် မိမိတို့၏ မဟာဗျူဟာ အခင်းအကျင်းအပေါ်အယုံလွန်၍တနည်း

## မောင်သာဗျော

အားဖြင့်အောက်ခြေ၏ လုပ်နည်းလုပ်ဟန်မမှန်ကန် မသမာမှုများကြောင့်ကြားဖြတ်ဝင်ပြိုင်သော အာဏာရပါတီကြီးသည်မရှုမလှရှုံးသည်ကိုကြုံခဲ့ရ၏။

ခုတစ်ခါ အခြေခံဥပဒေကိစ္စကြီးလာပြန်ပြီ။ဒီမိုကရေစီစံချိန်စံနှုန်းမမီသည့်ဥပဒေ ကြီးမှန်းလူတကာသိနေသည်။ပြင်ဆင်ရေးကိစ္စမည်သို့ရပ်တည်မည်နည်း။သမိုင်းလှအောင်မည်သို့ကြံဆောင်မည်နည်း။အခွင့်အခါသည်အာဏာရပါတီကြီး၏လက်ထဲတွင်ရှိနေသည်။ပြင်ဆင်ရေးအဆိုကို လွှတ်တော်မှာ တရားဝင်တင်သွင်း၍လက်ဦးမှုရယူလိုက်သည်ဟုတော့ဆိုနိုင်သည်။ကျော်တော့လှေသူကြီး အဖြစ်NLD အထော့အငေါ့ခံနေရသည်။သို့သော် တကယ်ပြင်မှာလား၊ဟန်ရေးပြအချိန်ဆွဲတာလားမသိနိုင်သေး၊ဆယ့်ငါးနှစ်နီးပါး အချိန်ယူရေးဆွဲထား တဲ့ဥပဒေအကောင်းစားကြီးဖြစ်၍ ပြင်ဆင်စရာမလိုဟုဗွတ်အတင်းငြင်းသူတွေကငြင်းနေဆဲ။ပြင်မရနိုင်အောင်တမင်လုပ်ထားတာသိသိကြီးနဲ့ "ပြင်ကြစမ်းကွ" ဟုလက်မထောင်ဂုဏ်ယူလျက်ရှိသူတွေကရှိနေဆဲ။အာဏာကုန်ရေးဆွဲထားသဖြင့် အာဏာရှိန်မသေမချင်းတို့လို့ထိလို့မရဟုဆိုသူတွေက ဆိုနေဆဲ။ဤတွင်အသံတွေည် ကလောင်တွေနံ့ပုံကအကွက်စိတ်လာ၏။

"အမှန်တကယ်ပြုပြင်လိုစိတ်ရှိကြလျှင်အချိန်မဆွဲသင့်"

ပုဂ္ဂလိက ဂျာနယ်၊သတင်းစာတွေထဲမှာ ကလောင်ရေးပြသူတွေက ပြနေကြပြီ။အပြောကရွှေမန်းအကက ချိုမိုင်မိုင်ဟု ထေ့သူတွေက ထေ့နေကြပြီ။ရွှေနိုင်ငံသစ်နေ့စဉ်သတင်းစာကို ထိုးပေးရင်းကြည့်မြင်တိုင်က ကိုသန်းရဲ့ဆောင်းပါးကိုပြတော့ ဘကြီးက ကျယ်ကျယ်လောင်ဖတ်ခိုင်း၏။

"သာဗျော ဖတ်စမ်းကွာ"

"ဟုတ်ကဲ့ ဖတ်ပါ့မယ်"

၁၄နှစ်ကျော်အချိန်ယူပြီး တစ်ဖက်သတ်ရေးဆွဲထားသော အများပြည်သူများ နာဂစ်ဘေးဒုက္ခခံနေရစဉ် တစ်ပတ်အတွင်းတွင် ဒရောသောပါး လိမ်ညာလှည့်ပတ်ပြီး ပြည်သူတစ်ရပ်လုံးက အတည်ပြုထောက်ခံပါတယ် ဆိုပြီး သိက္ခာမဲ့ အရှက်မရှိ ကလိမ်ကကျစ်လုပ်လူတစ်စုကို အကာအကွယ်ပြုထားသော ထို၂၀၀၈ ဖွဲ့စည်းပုံဆိုတာကြီးသည် အမှန်ပြောရလျှင် လွှင့်ပစ်ဖို့ပဲကောင်းသည်။ သာဗျောဖတ်ပြီး အဆုံးဘကြီးက ကောက်ချက်ဆွဲ၏။

"အေး အသံတွေည်၊ကလောင်တွေနံ့၊နောက်ပြန်ရင်ဒုက္ခ"

"အဲဒါကြောင့် ဒေါ်စုက ပြောတာပေါ့ ဘကြီးရာ" "ဘာတဲ့တုန်း"

"နိုင်ငံရေးဟာ အားလုံးနဲ့သက်ဆိုင်တယ်ဆိုတာ နားလည်ရမယ်တဲ့။ဒီမိုကရေစီ စနစ်ကိုလိုချင်ရင် အားလုံးတွင် တာဝန်ရှိပါကြောင်းတဲ့။ဘကြီးရေ"

"အေး။ဟုတ်ပါ့ကွာ"

# Crimes

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul, 2013

## ခိုးမှုသက်သေခံရွှေထည်များ မတွေ့ရှိသော်လည်း ထောင်ဒဏ်ချမှတ်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ နတ်ကျွန်းအုပ်စု၊ ကင်မွန်ခါးကျေးရွာနေ မတင်တင်ဝင်း၏ နေအိမ်မှာ (၂၀. ၁၁. ၂၀၁၁)ရက်တွင် ရွှေ (၂၅) ကျပ်သားပျောက်ဆုံးခဲ့သည်ဟု သိရသည်။ ယင်းပျောက်ဆုံးမှုကြောင့် တစ်ရွာထဲနေဦးကျော်ညွန့်အသက် (၆၇)နှစ်ကို (၂၀. ၄. ၂၀၁၂)ရက်တွင် ညအချိန်တွင် စခန်းမှူးဦးကျော်နိုင်၊ ဒုရဲအုပ်ကျော်မျိုးနှင့် ရဲဝန်ထမ်းများက ခိုးမှုမသင်္ကာဖြင့် ဖမ်းဆီးခဲ့သည်ဟု သိရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်မိုးက (၂၁. ၄. ၂၀၁၂) ရက်တွင် ရဲစခန်းတွင်သွားရောက်တွေ့ခဲ့ရာ ဦးကျော်ညွန့်မှာ ရဲတစ်ဖက်တစ်ချက်ဆီ တွဲခေါ်သွားလာနေရကြောင်း တွေ့ခဲ့ရသဖြင့် မိသားစုကို ပြန်ပြောပြခဲ့သည်ဟု သိရသည်။

"အဖေ့ကိုရဲတွေက စစ်ဆေးရာမှာ ခြေသလုံးကို ဒလိမ့်တုံးနဲ့ လှိမ့်တယ်။ နံရံကို ကပ်ခိုင်းပြီး ခြေထောက်တွေနဲ့ကန်တယ်၊ ကျောက်စလစ်ခင်းထားတဲ့အပေါ် ဒူးထောက်ခိုင်းတယ်။ ယောက်ျားအင်္ကျီမွှေးကို မီးရှို့ပြီး အင်္ကျီပေါ်ကို ဖယောင်းစက်တွေချခဲ့တယ်။ သူတို့ထိုးကြိတ်လို့ အံသွားတစ်ချောင်းလည်း ကျိုးခဲ့တယ်။ သူတို့နှိပ်စက်တာမခံနိုင်လို့ ငါမယူဘဲ ယူတယ်လို့အဖေက ဝင်ခံလိုက်တယ်" ဟု ဦးကျော်ညွန့်က သမီးဖြစ်သူ ယုဝါကို ပြောပြခဲ့သည်ဟု ဆိုပါသည်။

ဦးကျော်ညွန့်၏ ထွက်ဆိုချက်အရ တာဝန်ရှိသူများက ၎င်း၏ နေအိမ်တွင် ရှာဖွေခဲ့ရာ သက်သေခံပစ္စည်းများ မတွေ့ခဲ့သဖြင့် တရားရုံးသို့တင်ပြနိုင်ခဲ့ခြင်းမရှိသော်လည်း ၎င်းကို ၂၂. ၃. ၂၀၁၃ရက်တွင် ပုဒ်မ (၃၈၀) ဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁)နှစ်ခွဲ အမိန့်ချခဲ့သည်ဟု သိရသည်။ ဦးကျော်ညွန့်သည် စစ်ကြောရေးကာလက ဒဏ်ရာများကြောင့် ပခုက္ကူဆေးရုံတွင် (၂)ပတ်ခန့်တက်ရောက်ကုသခဲ့ရပြီး ရဲစခန်းမှ ထောင်သို့ ပို့ရာတွင် ထောင်ပိုင်ကြီးက ရဲလက်တွင်ဖြစ်ပွားခဲ့သောဒဏ်ရာကို ထောင်ထဲရောက်မှဖြစ်တယ် ဖြစ်မည်စိုး၍ ၎င်း၏ ဒဏ်ရာများကို မှတ်တမ်းတင်ပြီးမှ လက်ခံခဲ့သည်ဟု သိရသည်။

မိသားစုက အမှုမှန်ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာသို့ (၇)ကြိမ် တိုင်ကြားခဲ့ပြီး တိုင်ကြားမှုကြောင့် စခန်းမှူးနှင့် ဒုရဲအုပ်တို့ကို နယ်ပြောင်းရွှေ့ခဲ့သည်ဟု သိရသည်။ "ကျွန်မတို့က ဒီလူတွေ ပြောင်းရွှေ့တာကို စိတ်မကောင်းပါဘူး။ သူတို့ပြောင်းရွှေ့ခံရအောင် လုပ်တာမဟုတ်ဘူး။ အမှုမှန်ပေါ်ပေါက်ရေးအတွက် လုပ်ရတာပါ" ဟု သမီးဖြစ်သူ မယုဝါက ပြောသည်။

၎င်းကိစ္စနှင့် ပတ်သက်၍ ပခုက္ကူရဲစခန်းကို ဆက်သွယ်ရာတွင် ဒုရဲအုပ်ကျော်မျိုးကို ဆက်သွယ်ရန် ဖုန်းနံပါတ်ကို ရဲစခန်းက ပေးခဲ့သော်လည်း ဒုရဲအုပ်ကျော်မျိုးနှင့် ဆက်သွယ်၍ မရရှိခဲ့ပေ။ **မျိုးကျော်**

## ပင်လည်ဘူးမြို့နယ်နှင့် ကောလင်းမြို့နယ်များတွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်၊ မြို့မရပ်တွင် မူးယစ်ဆေးဝါးများ ဖမ်းမိခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ (၁၂-၆-၂၀၁၃) ရက် မွန်းလွဲ ၃ နာရီအချိန် ပင်လည်ဘူးရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲအုပ်မျိုးမြင့်အောင်နှင့်အဖွဲ့သည် သတင်းအရသက်သေများနှင့်အတူ ပင်လည်ဘူးမြို့၊ မြို့မရပ်၊ ကျွဲတက်ရပ် လမ်းမပေါ်တွင် ရောက်ရှိနေသူ ကျော်ဌေးဆိုသူကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ပုဆိုးခါးပုံအတွင်းမှ သက်သေခံပစ္စည်းများ ဖမ်းဆီးရမိကြောင်းသိရသည်။

ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများမှာ ကိန္နရီတံဆိပ်ပါ နီညိုကွက်ပုဆိုး(၁)ထည်၊ ပင်နစလင်ပုလင်းအတွင်းထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် (၀. ၂)ဂရမ်ပါ ပုလင်း(၁)လုံးတို့ဖြစ်ကြောင်းသိရသည်။

ယင်းဖြစ်စဉ်တွင် ကျော်ဌေး(၄၄)နှစ်၊ (ဘ)ဦးထွန်းမြို့၊ မိုးကောင်းရပ်၊ ပင်လည်ဘူးမြို့နေသူကို မယ(ပ)၂၉/၂၀၁၃ ပြစ်မှုပုဒ်မ မူး/စိတ် ၁၅/၁၆ (ဂ)အရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

အလားတူ (၁၁-၆-၂၀၁၃) ရက် ညနေ ၄ နာရီခွဲအချိန် ကောလင်းမြို့နယ်၊ ချောင်းနားရဲစခန်းမှူး ဒုရဲအုပ်သောင်းမြင့်နှင့်အဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အိုင်ကြီးအုပ်စု မန်ကျည်းပင်စုရွာ မြောက်ဘက်ရှိ ဖျောက်ဆိပ်ပင်အောက်သို့ ပိတ်ဆို့ဝင်ရောက်ရှာဖွေရာ မောင်ဇော်၊ နေဝင်းစိန်၊ အောင်နိုင်ဝင်းတို့(၃)ဦးကို ဝိုင်းဖွဲ့နေစဉ် တွေ့ရှိရပြီး မောင်ဇော်လွယ်ထားသော လွယ်အိတ်အတွင်းမှ သက်သေခံပစ္စည်းများ ဖမ်းဆီးရမိကြောင်းသိရသည်။

ဖမ်းဆီးရမိသောသက်သေခံပစ္စည်းများမှာ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန်(၀. ၂)ဂရမ်စီပါ ပင်နယ်စလင်ပုလင်း(၂)လုံးနှင့် (၀. ၀၁)ဂရမ်စီပါ ပင်နစလင်ပုလင်း(၁)လုံး၊ ဘိန်းဖြူသုံးစွဲရာတွင် အသုံးပြုသည့်ဆေးထိုးပိုက်အပ်နှင့်တွဲလျက်(၃)ချောင်း၊ ငွေစက္ကူရောရာ (၂၈၅၀၀)ကျပ်၊ အညိုရောင်လွယ်အိတ်(၁)လုံးတို့ဖြစ်ကြောင်း သိရပါသည်။

မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ မောင်ဇော်(၂၆)နှစ်၊ (ဘ)ဦးသန်းထွန်း (တောင်သူ)၊ ကိုင်းဝန်းရွာ၊ ကောလင်းမြို့နယ်၊ နေဝင်းစိန်(၂၉)နှစ်၊ (ဘ)ဦးချစ်အောင်(တောင်သူ)၊ တကောင်းအိုင်ရွာ၊ ကောလင်းမြို့နယ်နေသူနှင့် အောင်နိုင်ဝင်း(၂၇)နှစ်၊ (ဘ)ဦးမောင်သန်း(တောင်သူ)၊ ကျေးအင်းရွာ၊ ကောလင်းမြို့နယ်နေသူတို့ကို မယ(ပ)၂၇/၂၀၁၃ ပြစ်မှုပုဒ်မ မူး/စိတ် ၁၅/၁၆(ဂ)/၂၀(က)/၂၁အရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိပါသည်။ **လှအောင်(ကသာ)**

## ဧရာဝတီမြစ်ကမ်းနံဘေး ကျောက်မှော်ရွာအနီးတွင် တရားမဝင်တမလန်းသစ်များ ဖမ်းဆီးရမိ



(၁၁-၆-၂၀၁၃)ရက် ည ၉ နာရီခွဲအချိန်၊ ကသာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းထွဋ်ခေါင်းဆောင်သော ထီးချိုင့်မြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းနိုင်၊ ကသာမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထွန်း၊ ခရိုင်သစ်တောမှ တောအုပ် ဦးမိုးကိုကို၊ ဦးအုန်းကိုကိုဝင်း၊ ဦးမိုးဟန်၊ ထီးချိုင့်သစ်တောမှ တောအုပ်ဦးကျော်လင်း၊ ဦးမျိုးမြင့်၊ ဦးဝင်းသူရ၊ တောခေါင်း ဦးမျိုးမင်းဦး၊ ဦးဝင်းကျော်၊ ဦးဝင်းနိုင်၊ ဦးထော်လယ်တို့ပါဝင်သော အဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ထီးချိုင့်မြို့နယ်၊ ကျောက်မှော်ကျေးရွာအနီး ညောင်ပင်ဆိပ်ဧရာဝတီမြစ်ကမ်းဘေးတွင် ဆိုက်ကပ်ထားသော မော်တော်ပေါ်မှ တရားမဝင်တမလန်းသစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများမှာ တမလန်းဓားရွေ (စကွဲရား)၆၈တုံး၊ ၅. ၇၈၇၈ တန်၊ တမလန်းသစ် ၄ လုံး၊ ၀. ၄၈၆ တန်၊ တမလန်းတိုင်(၁)လုံး၊ ၀. ၀၆၆တန်၊ သစ်စေးသစ် ၃ လုံး၊ ၀. ၃၀၄တန်၊ သစ်စေးတိုင်း ၁၅လုံး၊ ၀. ၉၂၆ တန်၊ စုစုပေါင်း ၇. ၅၆၉၈ တန်နှင့် အလျား ၇၅ ပေ၊ အနံ ၁၆ ပေ၊ ၁၀လက်မ၊ ဇောက် ၄ ပေ၊ ဂျင်ဒေါင်း ၂၈ ကောင်အင်ဂျင်တစ်လုံး၊ (ရှပ်တန်းပန်ကာနှင့်တွဲလျက်) ချန်ချိုင်း ၂၈ ကောင်အင်ဂျင်(၁)လုံး (ရှပ်တန်းပန်ကာနှင့်တွဲလျက်)တရုတ်အင်ဂျင် ၅/၆ ရေစုပ်စက်(၁)လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရပါသည်။

ဖမ်းဆီးရမိသော တရားမဝင်သစ်များကို ထီးချိုင့်မြို့နယ်၊ မြတောင်ကင်းရုံးတွင် ဖြင့် အပ်နှံထားပြီး ထွက်ပြေး တိမ်းရှောင်နေသူ သစ်မှောင်ခိုသမားများအား သက်ဆိုင်ရာရဲစခန်းများ ပူးပေါင်းကာ စစ်ဆေးရှာဖွေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါတရားမဝင်တမလန်းသစ်များသည် တစ်ဖက်နိုင်ငံသို့ ပို့ဆောင်မည့် မြန်မာနိုင်ငံ၏ အဖိုးတန်သစ်များဖြစ်ကြောင်း သိရပါသည်။ **လှအောင်(ကသာ)**

## ယာဉ်တိုက်မှုကြောင့် သိမ်းထားသောကား အာမခံဖြင့် ပြန်ယူလာပြီးနောက် ယာဉ်တိုက်မှုထပ်ဖြစ်ကာ လူသေဆုံး

လပွတ္တာမြို့၊ အမှတ်(၄) ရပ်ကွက်၊ သဲလမ်းတွင် (၂၄. ၆. ၁၃) ရက်၊ည(၈း၀၀)ခန့်ကယာဉ်မောင်း ဦးအောင်အောင် မောင်းနှင်လာသော လပွတ္တာ-ပုသိမ်ရှပ်ပြေး ယာဉ် ကြို/ပို့ ပုသိမ်သူအမည်ရှိကားအမှတ် (၈စ/၈၂၆၅)သည် ယာဉ်မောင်းက ခရီးသည်များ၏ကုန်များချနေစဉ် ၎င်း၏လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ကိုခွေလိပ်က ယာဉ်ကို တက်ရောက်၍စက်နှိုးရာ ယာဉ်တွင်ဂီယာထိုးထားသဖြင့်အနီးတွင်ရပ်နေသော ကိုတင်ရွှေဦး၊ မခင်စန္ဒီဇော် (ခ)မဂွက်ထော်တို့ကို တိုက်မိပြီး ရှေ့တွင်ရှိနေသော ဆိုင်ကယ်(၆)စီး၊ ဆိုက်ကား (၁)စီး၊ စက်ဘီး (၁)စီးနှင့် ထော်လာဂျီ (၁)စီးတို့ကို ဆက်တိုက်ကာ "နိုင်ဝင်းထွန်း" ကဏန်းဒိုင်အိမ်ကို တိုက်မိပြီးနောက်မှ ရပ်သွားသည်ဟု သိရသည်။ယင်းယာဉ်တိုက်မှုကြောင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်ဝန်ထမ်းဖြစ်သူ မခင်စန္ဒီဇော် (ခ)မဂွက်ထော်သည် နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားပြီး အခြားအမျိုးသားတစ်ဦးမှာ လပွတ္တာ(၃)မိုင်မြို့သစ်ဆေးရုံတွင် အတွင်းလူနာအဖြစ်တက်ရောက်ကုသနေရကြောင်း သိရသည်။

ယင်းမော်တော်ယာဉ်သည် (၁၈. ၆. ၂၀၁၃)နေ့နံနက်(၃း၀၀) နာရီခန့်တွင်လည်း ညောင်လိပ်ကျေးရွာရှင်စောမြတ်စေတီအနီး၌ ခရီးသည်တစ်ဦးကို တိုက်မိသဖြင့် ယာဉ်တိုက်ခံရသည့် ပုဂ္ဂိုလ်မှာ(၃)မိုင်ဆေးရုံတွင်တက်ရောက်ကုသနေရပြီး မသက်သာသဖြင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ကုသနေရကြောင်း သိရှိရသည်။ ယင်းမော်တော်ယာဉ်သည် ယမန်နေ့ကမှ လပွတ္တာရဲစခန်းမှ ခံဝန်ဖြင့် ပြန်လည်ထုတ်ယူလာပြီး ယင်းညတွင်ပင် ယခုကဲ့သို့ထပ်မံ၍ ယာဉ်တိုက်မှုဖြစ်ကြောင်း သိရသည်။

ယင်းယာဉ်တိုက်မှုနှင့် ပတ်သက်၍ လပွတ္တာမြို့နယ်ရဲစခန်းက ယာဉ် (ပ/၃) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၀၄/က)အရ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **ကိုကိုကြီး(ထန်းပင်ရေကျော်)**

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul 2013

# တရားရေးအကျိုးဆောင်တွေ သမ္မတကြီး၏တရားရေးလမ်းညွှန်မှုနှင့်သွေဖည်ဟုဆို

မွန်ပြည်နယ်ဘီးလင်းမြို့နယ် ကန်သာယာရပ်ကွက်၌ဖြစ်ပွားခဲ့သော ချွေးမဖြစ်သူ၏နေအိမ်ကို ယောက္ခမလုပ်သူကသူသာပိုင်ဆိုင်ကြောင်းပြန်လည်ချေပသည့်အမှုတွင်ပြည်နယ်တရား လွှတ်တော် ခရိုင်တရားရုံး၊ မြို့နယ် တရားရုံးတို့ကချွေးမဖြစ်သူနန်းစုစုလှိုင်သာ အနိုင်ရသင့်ကြောင်းအမိန့်ချမှတ်ပြီးနောက်တရားရေးဘက်မှအကျိုးတော်ဆောင်များကို ယောက္ခမဖြစ်သူဒေါ်နှင်းခင်၏ သမီးဒေါ်ခင်ချိုသက်က ဝေဖန်ပြောဆိုခဲ့ပါသည်။



တရားရုံး၏ဆုံးဖြတ်ချက်များအရ နေအိမ်ကို ချွေးမဖြစ်သူနန်းစုစုလှိုင်သာရထိုက်သင့်ကြောင်း တရားရုံးက အမိန့်ချမှတ်ပြီးနောက် ကျူးကျော်မှုနှင့် တရားစွဲခံရသူ ယောက္ခမ ဒေါ်နှင်းခင်၏ သမီး ဒေါ်ခင်ချိုသက်က 'ဒီကျူးကျော်မှုမဖြစ်ခင်အမေနဲ့ ကျွန်မတို့ကို ဒီအိမ်ဟာနင်တို့ပိုင်တယ်၊ နိုင်စေရမယ်ဆိုတဲ့ စကားကြောင့် သော့ဖျက်အိမ်ထဲဝင်တယ်။ ဒါနဲ့ အမေ့မှာ တရားစွဲခံရတယ်။ အမေတရားစွဲခံရတော့လည်းနေပါ၊တော့်ထားပါ၊လွှတ်အောင်လုပ်ပေးမယ်ဆိုလို့ ကျွန်မတို့မှာရှိတာတွေ ရောင်းချပေါင်နှံပြီးငွေပေးခဲ့ရတယ်။ အနိုင်ရစေရမယ်ဆိုလို့ ဘုရားလို ကိုးကွယ် ခဲ့ ရတာ။ ထမင်းစားရင်တောင် ဘီးလင်းမြို့က ရွှေမျက်မှန်ဆိုင်က ထမင်းမှစားမယ်ဆိုလို့ အပြေးအလွှားဝယ်ပေးရတဲ့အထိပါပဲ။ နောက်ကျတော့တရားရုံးမှာ ကျွန်မတို့ကို တင်ပြပြောဆိုသင့်တဲ့ စကားတွေလည်း မတင်ပြပေးတော့ဘူး'ဟု တရားရေးအကျိုးဆောင်များဆောင်ရွက်မှုများအပေါ် ဒေါ်ခင်ချိုသက်က ဝေဖန်ထောက်ပြပါသည်။ ထို့အပြင် ဒေါ်နှင်းခင်၏အမှုလိုက်အကျိုးဆောင်ဒေါ်လှလှခိုင်က 'တရားရုံးအသီးသီးက ချမှတ်ပေးလိုက်တဲ့အမိန့်ဟာယနေ့နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ရဲ့ တရားရေးညွှန်ကြားချက်ကို သွေဖည်ပြီးစီရင်ချက်ချထားတယ်။ကျူးကျော်မှုဆိုပြီး ထပ်စွဲထားလို့လည်း ကျွန်မအဒေါ် သက်ကြီးရွယ်အို လူမမာဒေါ်နှင်းခင်ကိုဘီးလင်းရဲစခန်းမှာ ဖမ်းဆီးချုပ်နှောင်ထားတယ်။ ဒီကိစ္စကိုလည်း ကျွန်မတို့ဘက်က သက်ဆိုင်ရာဌာနတွေကို တင်ပြထားပါတယ်'ဟုရင်းကဆိုပါသည်။

၎င်းကိစ္စနှင့်ပတ်သက်၍ချွေးမဖြစ်သူနန်းစုစုလှိုင်ဘက်မှအထက်တန်းရှေ့နေဟောင်းဥပဒေအတိုင်ပင်ခံပညာရှင် ဦးသန်းဇော်ကို တစ်ဖက်မှ တရားရေးအပေါ် အားနည်းချက်များ ထောက်ပြလာသည့်အပေါ် မေးမြန်းရာတွင် 'တရားရုံးတွေက ချမှတ် လိုက်တဲ့အမိန့်အပေါ် ဘာမှ မဝေဖန်လိုပါဘူး။ သို့သော်ဘယ် လိုပဲဖြစ်ဖြစ်နှစ်ဦးနှစ်ဖက်စလုံး ဥပဒေရဲ့အမိန့်နဲ့ ဥပဒေကိုလေးစားလာအောင်၊ ရှေ့ဆက်ပြီး မဖြစ်သင့်တာတွေမဖြစ်အောင် မြို့နယ်မှာရှိတဲ့တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ ဒီဂရီအမိန့်မပြီးခင် ဒီအိမ်ကို ချိတ်ပိတ်ထားသင့်တယ်။ ဒီအချိန်မှာဘယ်သူတွေဘာပဲပြောပြောတရားဥပဒေက အဆုံးအဖြတ်ပေးမှာပါပဲ'ဟုပြန်လည်တုံ့ပြန်ပြော ပါသည်။

ယခုအမှုဖြစ်စဉ်မှာသားနှင့်ချွေးမတို့ အခြားဒေသတွင်သွားရောက်အလုပ်လုပ်၍ရရှိလာသောငွေကြေးကို မိခင်ထံပို့ကာမိခင်အမည်ဖြင့် အိမ်ခြံမြေဝယ်ယူထားကာ နေရပ်သို့ ပြန်ရောက်သောအခါပြန်လည်လွှဲပြောင်းရယူခဲ့ပြီးနောက် သားဖြစ်သူသေဆုံးသွားသဖြင့်အိမ်ခြံမြေပိုင်ဆိုင်မှုအတွက်ယောက္ခမနှင့် ချွေးမတို့အငြင်းပွားမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**နိုးဝင်းနိုင်**


# Trademark Caution

**Mega Lifesciences Limited** (formerly known as **Medicap Limited**), a company organized and existing under the laws of Thailand and having its registered office at 384 Soi 6, Pattana 3 Road, Bangpoo Industrial Estate, Samutprakarn 10280, Thailand (hereinafter called the "Company") hereby declare that the company is the Owner and Sole Proprietor of the following trademarks.

NAT C ESTER **( Reg. No. 4/13991 )**

CHOLEZZ **( Reg. No. 4/13993 )**

KIDDZDHA + LIQUIZ **(Reg. No. 4/14002)**

The above trademarks are used in respect of :

" Pharmaceutical and veterinary preparations; sanitary preparations for medical purposes; dietetic substances adapted for medical use, food for babies; plasters, materials for dressings, material for stopping teeth, dental wax; disinfectants; preparations for destroying vermin; fungicides, herbicides in **International Class 5** ".

" Meat, fish, poultry and game; meat extracts; preserved, frozen, dried and cooked fruits and vegetables; jellies, jams, compotes; eggs, milk and milk products; edible oils and fats in **International Class 29**".

" Coffee, tea, cocoa, sugar, rice, tapioca, sago, artificial coffee; flour and preparations made from cereals, bread, pastry and confectionary, ices; honey, treacle; yeast, baking- powder; salt, mustard; vinegar, sauces (condiments); spices; ice in **International Class 30** ".

Any fraudulent imitation or unauthorized use of the above marks or other infringements whatsoever will be dealt with according to law.

For **Mega Lifesciences Limited,**
**U Kyaw Swa Myint**
**Advocate ( License no. 7266 )**
**LL.B, MPA.**
**Dated: July 4, 2013.**



# Trademark Caution

**Mega Lifesciences Limited** (formerly known as **Medicap Limited**), a company organized and existing under the laws of Thailand and having its registered office at 384 Soi 6, Pattana 3 Road, Bangpoo Industrial Estate, Samutprakarn 10280, Thailand (hereinafter called the "Company") hereby declare that the company is the Owner and Sole Proprietor of the following trademarks.

CELLUCARE **(Reg.no. 4/3950/2006)**

MEDITROL **(Reg.no. 4/2588/2006)**

LIVOLIN FORTE CELLUCARE **(Reg.no. 4/2589/2006)**

LIVOLIN FORTE **(Reg.no 4/2590/2006)**

DEZIRE **(Reg.no. 4/4/2591/2006)**

FIRM **(Reg.no. 4/2592/2006)**

GLOW **(Reg.no. 4/2593/2006)**

ZEMAX SX **(Reg.no. 4/2594/2006)**

HYDROTRIM **(Reg.no. 4/2595/2006)**

NNO Nourishing Night Oil **(Reg.no. 4/2596/2006)**

ECHINAX **(Reg.no. 4/2598/2006)**

OSTEOMIN **(Reg.no. 4/2599/2006)**

FLEXSA **(Reg.no. 4/2600/2006)**

PYNOCARE **(Reg.no. 4/2601/2006)**

ACNACARE **(Reg.no. 4/2602/2006)**

E NAT **(Reg.no. 4/2603/2006)**

PRIM E **(Reg.no. 4/2604/2006)**

SLEN **(Reg.no. 4/2605/2006)**

NAT C **(Reg.no. 4/2606/2006)**

EPO Evening Primrose Oil **(Reg.no. 4/2607/2006)**

VALIN-X **(Reg.no. 4/2597/2006)**

The above trademarks are used in respect of : " Pharmaceutical and veterinary preparations; sanitary preparations for medical purposes; dietetic substances adapted for medical use, food for babies; plasters, materials for dressings; material for stopping teeth, dental wax;

Any fraudulent imitation or unauthorized use of the above marks or other infringements whatsoever will be dealt with according to law.

For **Mega Lifesciences Limited,**
**U Kyaw Swa Myint**
**Advocate ( license no. 7266 )**
**LL.B, MPA.**
**Dated: July 4 , 2013.**

# မြန်မာ့လွတ်လပ်ရေးစာချုပ်များ၊ ပြည်တွင်းစစ်နှင့် ပြည်တွင်းငြိမ်းချမ်းရေး

*(ယခင်အပတ်မှအဆက်)*

အထက်ပါအတိုင်း ဗကပလက်နက်စွန့်ပြီးဥပဒေတွင်း ဝင်ရောက်ရေးအတွက် ဖဆပလအစိုးရက အစီအစဉ်များ ပြုလုပ်ခဲ့သလို ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေးနှင့် မြန်မာ့တပ်မတော်မှ ဗိုလ်မှူးကြီးအောင်ကြီးတို့ကလည်း ၂၅-၃-၁၉၅၆ ရက်နေ့၌ မြန်မာ့အသံမှ အသီးသီး အသံလွှင့်ကြေညာမှုများပြုခဲ့ကြသည်။ ဝန်ကြီး ဗိုလ်ခင်မောင်ကလေးက-

(၁) အစိုးရသည် အစိုးရအဖွဲ့နှင့် လက်နက်ကိုင်သောင်းကျန်းသူများ တွေ့ဆုံစေ့စပ်ဆွေးနွေးသောမှုကို မည်သည့်နည်းနှင့်မျှလက်မခံ။

(၂) လက်နက်ချရေးသည် နိုင်ငံရေးလုံးဝမပါဘဲ ရိုးရိုးလက်နက်ချခြင်းသာဖြစ်သည်။

(၃) လက်နက်ချလိုသောသူများသည် အစိုးရက ကြေညာထားသည့်အတိုင်း ၃၁-၃-၁၉၅၆ရက်နေ့ မကုန်ဆုံးမီ အနီးဆုံးလက်နက်ကိုင်တပ်များနှင့် အုပ်ချုပ်ရေးဘက်သို့ လက်နက်ချလိုကြောင်း အကြောင်းကြားရမည်။

(၄) ဤသို့လက်နက်ချလိုကြောင်း အကြောင်းကြားသည်နှင့်တစ်ပြိုင်နက် လက်နက်ချနိုင်ရေးအတွက် အစီအစဉ်များနှင့်သက်ဆိုင်ရာများကို သက်ဆိုင်ရာ အရာရှိများကပြုလုပ်ပေးမည်။ အကယ်၍ လိုအပ်လျှင်အချို့သော လက်နက်ချမည့် နေရာများသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ကျော်ဇောနှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ဘလိတ်တို့ကိုယ်တိုင် တာဝန်ယူ၍ လက်နက်ချရေးကိစ္စများကိုဆောင်ရွက်ပေးမည်။

(၅) သောင်းကျန်းသူများသည် လက်နက်ချပြီးနောက် ၎င်းတို့၏ ကွန်မြူနစ်ဝါဒကိုစွန့်လွှတ်လျှင် ဒီမိုကရေစီ စည်းပိုင်းအတွင်း၌ ၎င်းတို့ကို လွတ်လပ်စွာဟောပြောခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်နှင့် လွတ်လပ်စွာစည်းရုံးခွင့်တည်းဟူသော ဒီမိုကရေစီအခွင့်အရေးများကိုခွင့်ပြုမည်

ဟု ကြေညာပြောကြားခဲ့သည်။

ထို့အတူ ဗိုလ်မှူးကြီးအောင်ကြီးကလည်း တပ်မတော်တပ်ဖွဲ့ တာဝန်ခံတပ်မှူးများထံ အသံလွှင့်အသိပေး ပြောကြားရာတွင်-

'နစ်ဖြူပါတီဝင် လက်နက်ကိုင်သောင်းကျန်းသူများ အစုလိုက်၊ အပြုံလိုက် လက်နက်ချ ဝင်ရောက်ဖွယ်ရာ အကြောင်းရှိသည်။ အကယ်၍ ၎င်းတို့သည် မည်သည့်နေရာတွင်မဆို တပ်မတော်ထံ လက်နက်ချရန် ကမ်းလှမ်းပါက လက်နက်ချရေးကို လက်ခံဆွေးနွေးပါ။ လက်နက်ချရန် ဆွေးနွေးသလိုပြုပြီး လက်နက်ချရေးကိစ္စမဟုတ်သော နိုင်ငံရေးကိစ္စများကို ဆွေးနွေးလျှင် ဆွေးနွေးပွဲကို ရပ်စဲပြီး တောထဲသို့ပြန်ပါစေ. . .။ အထူးသတိပြုရန်မှာ တပ်မတော်တာဝန်ခံများသည် ကွန်မြူနစ်များ လက်နက်ချလိုသည့်အတွက် မည်သို့မည်ပုံလက်နက်ချရမည့် အစီအစဉ်ပြုလုပ်ရန်သာ ဆွေးနွေးခြင်းဖြစ်၍ နိုင်ငံရေးအရ စေ့စပ်ရေးလုပ်ခြင်းမဟုတ် ဆိုသည့်အချက်ကို သတိပြုစေလိုသည်. . .။ လက်နက်ချသည့်အခါ ရရှိမည့်အခွင့်အရေးများမှာ ယခင်ကြေညာပြီးအတိုင်းဖြစ်၍ မတ်လ၃၁ရက်နေ့အထိသာဖြစ်သည်။ ဤကဲ့သို့ လက်နက်ချရေးအတွက် စီစဉ်ဆွေးနွေးနေစဉ် စစ်ဆင်ရေးများကို ဆိုင်းငံ့ထားခြင်း၊ ရပ်စဲထားခြင်း စသည်တို့ကိုမပြုလုပ်ရန် သတိပြုစေလိုသည်. . ။ သောင်းကျန်းသူများသည် ဤကြေးနန်းရသည့် အချိန်မှစ၍ ပြင်းထန်စွာ လှုပ်ရှားနှောင့်ယှက် တိုက်ခိုက်ခြင်းပြုမည့် ပရိယာယ်ပြုလုပ်မည်ကိုလည်း လက်နက်ကိုင်ကင်းတပ်စခန်းအားလုံးကို နိုးဆော်ထားပါ' ဟု သတိပေးပြောကြားသည်။


၁၉၆၃ ခုနှစ် ဩဂုတ်လက ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင် သခင်ဘသိန်းတင်နှင့် မော်စီတုန်းတို့တွေ့ဆုံကြစဉ်။

ယခုအထိဆိုလျှင် အထက်ပါ ဗိုလ်လက်ျာက ဗိုလ်ခင်မောင်ကလေးနှင့် ဗိုလ်မှူးကြီးအောင်ကြီးတို့ထံပေးစာ၊ ထိုစာကိုအကြောင်းပြု၍ ဖဆပလအစိုးရနှင့် ဗကပတို့လက်နက်စွန့် ဥပဒေတွင်း ဝင်ရေးကိစ္စ စီစဉ်ဆောင်ရွက်မှုများ၊ လက်တွေ့ဆောင်ရွက်ရန် ဗိုလ်ခင်မောင်ကလေးနှင့် ဗိုလ်မှူးကြီးအောင်ကြီးတို့၏ အသံလွှင့်ကြေညာချက်များတို့သည် တစ်ခုနှင့်တစ်ခု ကွဲလွဲစရာမရှိ ရှေ့နောက်ကိုက်ညီသည့် ဖြစ်စဉ်တစ်ခုအဖြစ် မြင်သာထင်ရှားပေသည်။ ထိုဖြစ်စဉ်ကို ပိုမိုမြင်သာထင်ရှားစေရန် အချောသပ်ပေးသည့်အရာမှာ ဗကပဗဟိုဥက္ကဋ္ဌ သခင်သန်းထွန်းက ငြိမ်းချမ်းရေးအတွက် ခန့်အပ်တာဝန်ပေးစေလွှတ်သူ ရဲဘော်ချမ်းအေးထံမှ ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေးသို့ လိပ်မူပေးပို့လိုက်သည့် အောက်ဖော်ပြပါစာပင် ဖြစ်လေသည်။

ရက်စွဲ မတ်လ(၂၆)ရက် ၁၉၅၆
တပေါင်းလပြည့် ၁၃၁၇ ခုနှစ်

သို့
ဗိုလ်ခင်မောင်ကလေး
ပြည်ထဲရေးဝန်ကြီး

ကိစ္စ။ တွေ့ဆုံဆွေးနွေးရေးခင်ဗျား။

မျိုးညွန့်

၁။ ကျွန်တော်သည် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်းက နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုထံ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖြစ်နိုင်သမျှသော နည်းလမ်းများကို ရှာဖွေနိုင်ရန် တာဝန်ပေးခြင်းခံရသော ကိုယ်စားလှယ်ဖြစ်ပါသည်။

၂။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်တိုက်ပွဲကို စွန့်လွှတ်ပြီး နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအတွင်း၌သာ ဒီမိုကရေစီနည်းအရ အာဏာရယူလိုကြောင်း အတိအလင်း ကြေညာလိုက်ပေသည်။

၃။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတွင်း ဆောင်ရွက်ဖို့အတွက် ပေါ်ပေါက်လာမည့် ပြဿနာများကိုသာ ဆွေးနွေးလိုပါသည်။

နယ်ချဲ့အုပ်စုဝင်ဆိုသောပြဿနာ၊ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးပြဿနာ စသည့် ပြဿနာများ ဆွေးနွေးမည်မဟုတ်ပါ။ ဆွေးနွေးဖို့လည်းမလိုပါ။

သို့ဖြစ်၍ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ ဆောင်ရွက်ခွင့်ရရှိရေးတို့အတွက် ဆွေးနွေးရန် မြောက်ပိုင်းစစ်ဌာနတစ်နေရာတွင် အစိုးရဘက်မှ သက်ဆိုင်ရာအာဏာပိုင်များနှင့် ဗမာပြည်ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်များ တွေ့ဆုံရန် အစီအစဉ်ပြုလုပ်ပေးစေလိုကြောင်း။

ချမ်းအေး
ဗဟိုကော်မတီကိုယ်စားလှယ်
ဗမာပြည်ကွန်မြူနစ်ပါတီ

*(ဆက်လက်ဖော်ပြပါမည်)*

---

ဇူလိုင်လ ၂ ရက်နေ့ ဘန်ကောက်ပို့စ်တွင် ထိုင်းနိုင်ငံမှ တယ်လီနာကုမ္ပဏီက မြန်မာနိုင်ငံဆက်သွယ်ရေးလုပ်ငန်းအတွင်းသို့ 3G ဖုန်းလိုင်းများ ထည့်သွင်းနိုင်ရန်အတွက် ကြိုးစားသွားမည်ဟု ဖော်ပြပါရှိသည်။

အကယ်၍ နော်ဝေးကုမ္ပဏီက 3G ဖုန်းများကို သူ၏ ၅နှစ်တာသက်တမ်းအတွင်း ကွန်ရက်ဖြန့်ကျက်မှုအောင်မြင်ခဲ့ပါက တယ်လီနာက 4G ကွန်ရက်များကို ဆက်လက်ပြုလုပ်သွားမည်ဟုဆိုသည်။

ဇူလိုင်လ ၁ ရက်နေ့ ဘန်ကောက်ပို့စ် သတင်းစာတွင် ထိုင်းနိုင်ငံမှ မိုဘိုင်းလ်ဖုန်းလက်လီရောင်းကုမ္ပဏီများက မြန်မာနိုင်ငံတွင် ဈေးကွက်အသစ်ရှာဖွေရန် စိုင်းပြင်းလျက်ရှိကြောင်း ပါရှိသည်။

ဂျေမတ်ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ အာဒီစပ်စူကန်ဘီသာယာက "ပွင့်လင်းလာတဲ့ မြန်မာ့တယ်လီကွန်မြူနီကေးရှင်းစနစ်မှာ ကျွန်တော်တို့အတွက် ဈေးကွက်ကောင်းတစ်ခုဖြစ်နေပါတယ်၊ ရန်ကုန်မှာ ဆိုင်တွေဖွင့်ဖို့အတွက် အဆောက်အအုံတွေ ငှားရမ်းနေပါတယ်" ဟုဆိုသည်။

ဇွန် ၃၀ ရက်နေ့ ဂူဂဲလ်သတင်းတစ်ရပ်တွင် မြန်မာ့အိမ်သုံးဆေး ဈေးကွက်အတွင်းသို့ နိုင်ငံတကာ ဆေးကုမ္ပဏီများ ဝင်ရောက်ရန် တာစူနေကြောင်း ပါရှိသည်။ မြန်မာ့အိမ်သုံးဆေးဈေးကွက်တွင် လွှမ်းမိုးနေသော အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ကိုရီးယားဆေးများကို ယှဉ်ပြိုင်နိုင်ရန်အတွက် အီတလီ၊ ဂျပန်၊ ပါကစ္စတန်၊ ဆီးရီးယားနှင့် ဗီယမ်နမ်တို့မှ ဆေးကုမ္ပဏီများက ကြိုးပမ်းနေကြောင်း ပါရှိသည်။ ဆေးဝါးကိစ္စနှင့်ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံ ၁၀နိုင်ငံမှ ကုမ္ပဏီ ၃၀ကျော် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာဖွယ်ရာ ရှိနေသည်။

## ဆယ်အိမ်ခေါင်းရီပို့

မောင်ယသသ

ဇွန် ၂၂ ရက် Bloomberg ၏သတင်းတွင် တရုတ်နိုင်ငံ၏တတိယအကြီးဆုံးသော လျှပ်စစ်တာဘိုင်ထုတ် Sinovel ကုမ္ပဏီကို ကုန်သွယ်မှုလျှို့ဝှက်ချက်ခိုးယူမှုဖြင့် ၎င်းနှင့်တွဲဖက်လုပ်ကိုင်နေသော အမေရိကန်ကုမ္ပဏီ AMSC ကတရားစွဲလိုက်ကြောင်းသိရသည်။ လေအားလျှပ်စစ်ထုတ်သည့် တာဘိုင်အတွင်း၌ စက်ရုံသုံးကွန်ပျူတာငယ်ကလေး ထည့်သွင်းသည့်စနစ်ကို AMSC ကအသုံးပြုထားရာ Sinovel က ၎င်းနည်းစနစ်ကိုခိုးယူပြီး ပြည်တွင်း၌ အလုံးရေ ၁၀၀၀ ကျော်ရောင်းချထားသဖြင့် AMSC က ကန်ဒေါ်လာသန်း ၁၂၀၀ ပေးဆောင်ရန်အတွက် တရားစွဲထားခြင်းဖြစ်သည်။

ဇူလိုင်လအတွင်း KNU နှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ မြန်မာငြိမ်းချမ်းရေးစင်တာ(MPC)တွင် အပစ်အခတ်ရပ်စဲရေးကိစ္စကိုဆွေးနွေးမည်ဟု ကရင်သတင်းဌာန၏အဆိုအရသိရသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အဓိကဆွေးနွေးနေသည့်အချက်မှာ နှစ်ဖက်တပ်များ နေရာချထားရေးနှင့် အပစ်အခတ်ရပ်စဲမှုထိန်းချုပ်နိုင်ရေးအဖွဲ့ ဖွဲ့စည်းမှုဖြစ်သည်ဟု သိရသည်။ နှစ်ဖက်အလုံးစုံသဘောတူညီမှုရရှိရန်အတွက် ရှင်းလင်းဆုံးနှင့် အရိုးရှင်းဆုံးအလွယ်တကူနားလည်နိုင်မည့် သဘောတူညီချက်ဖြစ်သင့်ကြောင်းဆိုသည်။

မြန်မာ့ခရီးသွားလုပ်ငန်းက ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတကာမှ ဧည့်သည် ၁သန်း ၂သိန်းမျှ လာရောက်ရန်အတွက် ရည်မှန်းချက်ထားသော်လည်း ဥရောပသားများ စိတ်ဝင်စားသော သဘာဝရှုခင်းများရှိသည့် ချင်းပြည်နယ်သို့ ဧည့်သည်အရောက်အပေါက်နည်းသေးကြောင်း ချင်းသတင်းဌာန၏အဆိုအရ သိရသည်။

ယခုနှစ်စက မင်းတပ်နှင့်ကန်ပက်လက်သို့ နိုင်ငံခြားသားဧည့်သည် ၈၀၀ခန့်သာ လာရောက်ခဲ့သော်လည်း ယခင်နှစ်များထက် တိုးတက်မှုရှိသည်ဟု နတ်မတောင် အမျိုးသားဥယျာဉ်၏ တာဝန်ရှိသူကဆိုသည်။ ချင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပေါ်လစီများချထားပေးသော်လည်း နောက်လိုက်ညွှန်ကြားချက်များမရှိသေးကြောင်း၊ နိုင်ငံခြားဧည့်သည်များအတွက် သတ်မှတ်ထားသော ဌာနများမရှိသေးကြောင်း၊ ဒေသဆိုင်ရာ ရဲဌာနများက နိုင်ငံခြားသားဧည့်သည်များအတွက် အထူးစုံစမ်းစစ်ဆေးရေးဌာန၊ လူဝင်မှုကြီးကြပ်ရေး၊ SB၊ တပ်မတော်ထောက်လှမ်းရေး၊ ပြည်နယ်အစိုးရရုံးနှင့် ခရိုင်အစိုးရရုံးများက ထောက်ခံစာလက်မှတ်များကိုသာ တောင်းခံနေကြောင်း ၎င်းကဆိုသည်။

ရခိုင်ဒုက္ခသည်များစခန်းတွင် နေထိုင်နေရသူဦးရေမှာ တစ်သိန်းသုံးသောင်းကျော်ရှိနေဆဲဟု ကုလသမဂ္ဂအစီရင်ခံစာတစ်ခုတွင် ပါရှိသည်။ နိုင်ငံတကာအကူအညီဖြင့် အစိုးရကဒုက္ခသည်စခန်းမှ မိသားစုများကို အိမ်ရာများဆောက်ပေးလျက်ရှိရာ ၇၁၀၀၀ တည်ဆောက်ပြီးဖြစ်သော်လည်း နောက်ထက် ၆၂၀၀၀ကျော်အတွက် ထပ်မံတည်ဆောက်ရန် ရှိသေးသည်ဟုသိရသည်။

ဇူလိုင်လ ၂ရက်နေ့ နယူးဇီလန် သံရုံး၏ထုတ်ပြန်ချက်အရ နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးမက်ကာလီ မြန်မာနိုင်ငံသို့ ဇူလိုင်လ ၃ရက်နေ့တွင် ဘရူးနိုင်းမှတစ်ဆင့် အလည်ပတ်ရောက်ရှိကာ နှစ်နိုင်ငံ အကျိုးစီးပွားအတွက် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု သိရသည်။ ပြီးခဲ့သည့် ရခိုင်ဒေသပဋိပက္ခတွင် ကုလသမဂ္ဂက မြန်မာနိုင်ငံကို ဒုက္ခသည်များအတွက် အကူအညီပေးခဲ့ရာ နယူးဇီလန်က ကန် ဒေါ်လာတစ်သန်း အကူအညီပေးခဲ့ကြောင်း သိရသည်။

# မငြိမ်းချမ်းသောမနောမြေမှာ ငြိမ်းခ

ဦးဦးငြိမ်း

ဗန်းမော်ဒေသခံသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းလိုသူများ ကလာရောက်ဖိတ်ခေါ်အကြောင်း ကြားသဖြင့်ဗန်းမော်သို့လာထွက်ခဲ့ကြသည်။ စင်းခန်းကျေးရွာအထွက် တံတားကြီးမရောက်ခင် စားသောက်ဆိုင်တွေရှေ့မှစပြီး ဗန်းမော်ဝင်သည်အထိလမ်းတစ် လျှောက်မှာခဲရောင်ကျောက်တုံးကျောက်ခဲမြေစာတင် (၁၀)ဘီး၊ (၁၂)ဘီးကားကြီး(၂၇)စီးကိုရပ်ထားတာတွေမောင်းနှင်နေတာတွေ မြင်ခဲ့ရသည်။

ဗန်းမော်၊ မန္တလေးကားလမ်းဘေး၊ ဗန်မော်နှင့်မိုင် ၂၀ကျော်ဝေး သည့်စင်းခန်းကျေးရွာသစ်တော ကြိုးပိုင်းအတွင်းရှိ ၉ မိုင်နှုန်းမွန်းရွာ(ခ)နားမွန်းရွာတွင် လွန်ခဲ့သောနှစ် (၄၀)လောက်ကတည်းက မိရိုးဖလာ တစ်နိုင်တစ်ပိုင်ရွှေတူးဖော်လုပ်ကိုင်စားသောက်ခဲ့ကြသည်။ ထိုအချိန်က နည်းပညာမတိုးတက်သေးသဖြင့် ပြဒါးသုံးသည့်အဆင့်သာရှိခဲ့သည်။ ယနေ့ခေတ်လိုအက်စစ်တွေ၊ ဓာတုဗေဒဆေးတွေ သုံးပြီးရွှေချက်တဲ့နည်း ပညာမျိုးအိပ်မက်တောင်မမက်ဖူး ခဲ့ကြပါ။

"အစိုးရခေတ်တွင် ထိုကဲ့သို့သောလုပ်ကွက်များကို ခရိုနီစီးပွားရေးသမားကြီးများနဲ့အာဏာပိုင်များပူးပေါင်း ပါဝင်ပတ်သက်ပြီးတောတွေ၊ တောင်တွေကိုအစိတ်စိတ်အမြွာမြွာပိုင်းကာ လုပ်ကွက်များရယူခဲ့ကြသည်။ ပြီးတော့ လုပ်ပိုင်ခွင့်ကိုပြန်ရောင်းစားကြ၊ မိမိကုမ္ပဏီကတိုက်ရိုက်တူးဖော်တာရှိသလို၊ လက်ခွဲချလုပ်ပိုင်ခွင့် ပြန်ရောင်းပြီး အကြီးအကျယ်လုပ်ကိုင်ကြတာကြောင့် မိုးထိမြင့်တောင်ကြီးတွေဟာနေ့ချင်းညချင်းတောတွေပျောက်၊ တောင်တွေ ပျောက်ဖြစ်ခဲ့ရသည်။ လွန်ခဲ့သောနှစ်မှစ၍ ရွှေတူးဖော်ရေး ကုမ္ပဏီတစ်ခုက စက်ယန္တရားကြီးများစွာနဲ့အကြီးအကျယ်တူးဖော်နေပြီး ထွက်ရှိလာသည့်သတ္တုကျောက်များကိုဗန်းမော် လွယ်ဂျယ်လမ်းမှ ကားကြီးပေါင်း အစီးရေ(၃၀၀)ကျော်ဖြင့်တရုတ်ပြည်သို့ နေ့စဉ်အစီး(၅၀)ကျော်တိုက်ရိုက်တင်ပို့နေကြောင်း ဒေသခံတချို့ကပြောသည်။

တချို့ကားများ၏ ရှေ့မှန်ပေါ်တွင် "သတ္တုတွင်း ဝန်ကြီးဌာန၊ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ဟု ရေးထားပြီးကားအစီးရေ တိုကင်နံပါတ်ဟု ထင်ရသည့် S.S.P81, S.S.P 135, S.S.P216 ရေးထားသောကတ်ပြားများကားဒက်ရှ်ဘုတ်မှာတင် ထားတာမြင်တွေ့ရသည်။ကားတစ်စီးနဲ့တစ်စီး S.S.Pနံပါတ် တွေမတူပါ။ ဖိတ်ခေါ်သူတွေပြောတဲ့ ရွှေဖြူ၊ ရွှေခဲ၊ ကြေးနီ၊ ဘော်စတဲ့ ဒြပ်စင်အနည်းဆုံး(၇)မျိုးပါသည့် သတ္တုကျောက်ဆိုတာ ဒါပဲနေမှာဟု တွေးမိသည်။

တချို့ကားတွေကနောက် ပိတ်အဖုံးပါပြီး တစ်ချို့ကားတွေမှာ နောက်ပိတ်အဖုံးမပါဘဲ၊ ကားပေါ်မှာ တစ်တောင်ခွဲ၊ နှစ်တောင်ခန့် အမြင့်သာတင်ထားပေမဲ့ ကားလေး ထုပ်ကတော့စန့်နေပြီ။ အလေးချိန်အလွန်စီးပြီး ယခုလဆန်းလမ်း အလွန်ဆိုးလာသဖြင့် လျှော့တင်နေကြကြောင်း သိရသည်။ တရုတ်ပြည် အရောက်ကားတင်ခ-တစ်တန် (၆၀၀၀ဝိ/)တောင်ပေးကြောင်း၊ ဘယ်လိုဒြပ်စင်တွေပါပြီး ဘယ်လောက်တန်ဖိုးကြီးသည်မသိ။နည်းပညာမရှိ၍ မိမိတိုင်းပြည်မှာမသန့်စင်နိုင်တာဟုပြောကြသည်။ သယံဇာတ မျိုးစုံထွက်ပါလျက် ကုန်ကြမ်းရောင်း ကုန်ချောပြန်ဝယ်နေရတာကို အလွန်ရင်နာလို့ မဆုံး၊ ဝမ်းနည်းဖို့ ကောင်းပါသည်။ ကားတွေကရှမ်းပြည်မြောက်ပိုင်း၊ မန္တလေး၊ ဗန်းမော်ကကားတွေဖြစ်ပြီး တရုတ်ကားအနည်းငယ်လည်းပါကြောင်း သိရသည်။

ဗန်းမော်မှ (၁၂)မိုင်ဝေးတဲ့ မံစီမြို့လမ်းနဲ့ မံစီမြို့အလွန်မှာကျွန်းခွဲသားနဲ့ သံမလန်းသစ်လုံးများ တင်လာသည့်ကားများ၊ သတ္တုကျောက်တင်လာသည့်ကားသွားနေကြတာကို အံ့ဩရသည်။ အတူပါလာသူကို မေးကြည့်ရာ"လွယ်ဂျယ်လမ်းမှတစ်ဆင့် တရုတ်ပြည်သို့ တိုက်ရိုက်သွားတာဖြစ်တယ်၊ မိုးတွင်း လမ်းအလွန်ဆိုးကုန်လို့တစ်နေ့ကားစီး ရေ(၅၀)လောက်ပဲဖြတ်တော့တယ်။ နွေတုန်းကဆို နေ့နေ့ညည ပုရွက်ဆိတ်တန်းလို သွားလာနေကြတာတကယ့် ကိုလွတ်လွတ်လပ်လပ်ကြီးပါပဲ။ ဗန်းမော်မန္တလေးကားလမ်းဆိုပေမဲ့ ဗန်းမော်နဲ့စင်းခန်းရွာကြားမှာ ကေအိုင်အေ

> ဘယ်ညာက ကျွန်းပင်၊ ကျွန်းငုတ်တွေကိုပါ ဘူဒိုဇာနဲ့ထိုး၊ဘက်ဖိုးနဲ့အမြစ်ကနေလှန်ပစ်ထားတာတွေ တွေ့ရသည်။ စစ်တပ်မရှိ၊ ရဲမရှိ။ သစ်တောဌာနမရှိပါ။



တပ်ရင်း(၁၂)၊တပ်ရင်း (၂၇)တို့လှုပ်ရှားတာမို့လုံခြုံရေးကင်း မဲ့ဇုံဖြစ်နေပြီး၊ ၎င်းလမ်းပိုင်းမှာစစ်တပ်နှင့် ရဲလုံးဝမရှိပါ။

ကုန်းတိန်ရွာလွန်ပြီး မံဝိန်းလေးတံတားမှာတံတားအမှတ်၃/၁၇၊ အရှည် ၁၂၅ပေ၊အမျိုးအစား H20၊တံတားခံနိုင်ဝန်အလေးချိန် (၁၀)တန်လို့ ရေးထားတယ်။ (၁၂)ဘီးကားရဲ့ လေးထုပ်စန့်နေအောင် တင်ထားတာက တန်(၃၀)ကျော်(ကားအလေးချိန်မပါသေးဘူးနော်) တစ်ခုတွေက ဗန်းမော်မြို့အဝင်ဖန်း ခါးကုန်းစုပေါင်းဂိတ်ဘေးလမ်း (မံဖါတက္ကသိုလ်ရှေ့လမ်း)မှခိုကျင်ရွာ မံခွန်ပိုင်းဝမ်းရွာ၊ စီအင်(၅)မိုင်ရွာတွေကို ဖြတ်သွားရာ ဗန်းမော်လွယ်ဂျယ်ကားလမ်းနဲ့ စီအင်(၅)မိုင် ရွာဈေးထိပ်မှာ သွားဆုံသည်။ ဈေးလွန်ပြီးနောက်လွယ်ဂျယ်၊ တရုတ်ပြည် လားရင်းဒေသရောက်သည့်တိုင် ဂိတ်ပေါင်းများစွာကရစ်ခြင်းမရှိ၊ စစ်ဆေးခြင်းမရှိ၊ ဘယ်လိုကြောင့်မှန်းမသိ။ အချိန်မရွေး ဖြတ်သွားနေတာဟု အတည်ပြုပြောသည်။

ရွှေမှုဆိုး၊ ရွှေချက် ကျွမ်းကျင်သူတစ်ဦး၏စမ်းသပ်ချက်အရ "ကားတစ်စီးမှာပါတဲ့သတ္တုကျောက် တန်(၃၀)ကိုကျိုချက်သန့်စင်လိုက်ရင် ရွှေအနည်းဆုံးတစ်ပိဿာပါနိုင်ကြောင်းအခြားဒြပ်စင်တွေလည်းအများကြီး ပါဝင်နေကြောင်း ဆိုသည်။



ခုတော့ မှားနေပြီထင်သည်။ တံတားဆောက်ကျွမ်းကျင်တဲ့ အင်ဂျင်နီယာကြီးတွေ စမ်းသပ်တိုင်းထွာပြီးမှ တည်ဆောက်ထားပေမဲ့ တံတားခံနိုင်အားထက် အဆမတန်တင်ပြီး ဖြတ်နေကြတာကြောင့်ဘယ်နေ့မှာ တံတားကျိုးကျပြီး ဘယ်ကားကကံစမ်းမဲဆိုတာ မြင်ယောင်နေမိပါသည်။ ဒီတံတားကိုပြင်ပြီးတာ တောင်မကြာသေးဘူး။ဒီလိုနဲ့ ရောက်ပြန်ပြီ။ နောက်ထက်တံတားတစ်စင်း။ ရေးထားတာက "ခံနိုင်ဝန်(၁၃)တန်တဲ့။ကျောက်တင်၊ကျွန်းသစ်၊ သံမလန်းသစ် တရားမဝင်တင်သည့်ကားများကြောင့်ကျိုးကျပျက်စီးရင်လဲဖြစ် သည့်နေရာမှာတင် အလျော်အစားနဲ့ ပြီးသွားလေ့ရှိကြောင်း သိရသည်။

ဗန်းမော်ခရိုင်ထဲက ကားလမ်းတွေဟာ(၆)တန် (၇)တန်သာရှိကြောင်း သိရသည်။ တစ်နေရာရောက် တော့လမ်းဘေးမှာကားပြင်နေတဲ့ တမလန်းသစ်လုံးတင်ကားသမားကို "ကျွန်းခွဲသား၊ တမလန်းတွေအဖုံး အကာမပါဘဲ တရားမဝင်သွားနေကြတာ တပ်ဂိတ်၊ ရဲဂိတ်တွေကမဖမ်းဘူးလား"ဟုမေးကြည့်ရာ သူက"အေးဆေးပါ။ ဘာမှမတင်ဘဲ ကားအလွတ်ဖြတ်ရင်တော့ဂိတ်တွေကသိပ်မကြည်ဘူး၊ စိတ်ဆိုးတယ်"တဲ့။ ဘာကိုဆိုလိုမှန်းစာရေးသူတို့အဖွဲ့ သဘောမပေါက်ကြ။

မိုးမကျခင်ကသတ္တုကျောက်တင်ကားလို့လဲရသည်။ ရွာလမ်းတွေ ပျက်စီးလို့ လမ်းပြင်ပေးရန်မေတ္တာရပ်ခံပေမဲ့ လုံးဝမရဘူး၊ ဂရုမစိုက်ဘူး၊ ဥပဒေအထက်မှာဘာမှမရှိဆိုတာကိုနား မလည်တော့ဘူးဟုကျေးရွာ အုပ်ချုပ်ရေးမှူး တစ်ယောက်ကဆိုသည်။

ယခုအခါဖန်းခါးကုန်း (တက္ကသိုလ်ရှေ့)ဖြတ်လမ်းမှဖြတ် တာလမ်းပျက်စီးလွန်းလို့ရွာသားတွေ မကျေမနပ်ဖြစ်နေကြတာကြောင့် ၎င်းလမ်းမှမဖြတ်တော့ဘဲ မြို့တွင်းကလမ်းအတိုင်း ပြောင်ပြောင်တင်းတင်းသွားနေကြပါသည်။ လမ်းပျက်စီးလွန်းလို့ မြို့ခံတွေလည်း ပြောနေကြပါပြီ။ ဗန်းမော်မှာ တန်ပိုဂိတ်နဲ့မိုဘိုင်းစစ်ဆေးမှုတွေမရှိ။ ဘာရှော့ခ် ဘာကျိုင်မှမရှိ။

ဒါကြောင့်လည်း တစ်နေ့လျှင် ကားအစီးရေ(၅၀)အနည်းဆုံးဖြတ် နေကြတော့လမ်းတွေ၊ တံတားတွေခံနိုင်ပါဦးမလား၊ စဉ်းစားသာကြည့်ပေတော့။ နိမ့်ကျ၊ကျွံကျပျက်စီးကုန်ပါရော။အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးကို ဖုန်းဖြင့်ဆက်သွယ်မေး မြန်းရာ ၂၀၁၁/၂၀၁၂ခုနှစ်ကတန်ချိန် (၂၀၀၀)၊ ၂၀၁၃ အတွက် ခွင့်ပြုတန်ချိန်(၅၀၀၀)ကိုစီးပွားကူးသန်းဌာနကချထားပေးကြောင်း၊ သတ္တုကျောက်တွေကို တရုတ်ပြည်နယ်စပ်လွယ်ဂျယ်ရောက်မှသာအကောက်ခွန်ဌာနနဲ့နယ်စပ်ကုန်သွယ်ရေးတို့က စစ်ဆေးပြီး တရုတ်ပြည်သို့ တိုက်ရိုက်သွားခွင့်ပြုမသိသူကျော်သွား၊ သိသူဖော်စားဆိုတာဒါမျိုးနေမှာပဲ၊ စီးပွားဖြစ်ထုတ်လုပ် နိုင်တဲ့လုပ်ကွက်ဟုစင်းခန်းရွာခံ တစ်ဦးကပြောသည်။ ကောလင်း၊ ရမည်းသင်း၊ မိုးထိမိုးမိစတဲ့ နာမည်ကြီး ရွှေလုပ်ကွက်တွေကိုသနားတယ် ပြောရမှာပဲ။ ထိုက်သူစံလို့ပြောရမလားမသိ။ ဒီလုပ်ကွက်မှုလပိုင်ရှင်ကုန်သွယ်ရေး ဝန်ထမ်းဟောင်းက --- သတ္တုတူးဖော်ရေးကုမ္ပဏီထံသိန်း(၁၀၀၀၀)ကျော်ဖြင့်ရောင်းချလိုက်တာဖြစ်ကြောင်းသတင်း လည်းထွက်နေသည်။

(၁၀)ပေပတ်လည်၊ အမြင့်(၁)ပေကျောက်ကျင်း တစ်ကျင်းကို (၈.၅)တန်သတ်မှတ်ထားပေမဲ့တရုတ်ပြည် ရောက်မှချိန်ကြသည်။ လမ်းမပျက်စီးခင်ကကားတစ်စီးကို ဘက်ဖိုးမြေကော်ဖြင့် (၆)ကော်မှ(၈)ကော်(၉)ကော်အထိ တင်ကြသည်။ လမ်းဆိုးလာတော့ (၅)ကော်မှ(၆)ကော်၊ (၇)ကော်သာတင်ကြောင်း၊ ဘယ်လောက်ပဲတင်တင် အနည်းဆုံး(၃၀)တန်မတင်ရင်လုံးဝ မကိုက်ကြောင်း၊ အလေးချိန်အတိအကျသိနိုင်ဖို့ကလမ်းဆိုးလို့လျှော့ တင်တဲ့အခေါက်မှာရတဲ့"စရိတ်နုတ်ပြီး"(၁၆)သိန်းအထက်ကျန်တာကိုကြည့်ပြီး စစ်ရင်သိနိုင်ကြောင်း ယာဉ်မောင်း တစ်ဦးကပြောသည်။ တချို့ဂိတ်တွေမှာ ည(၉)နာရီမှ မနက်(၆)နာရီအတွင်းဖြတ်သန်းခွင့်မပြု)ဟုရေးကပ်ထားပေမဲ့အချိန် အကန့်

# ျမ်းနေသော သယံဇာတကုန်ကားများ

**(ဗန်းမော်)**



အသတ်မရှိသွားနေကြကြောင်းမိုးမောက်နေ ကျားဖြူပါတီဝင်တစ်ဦးကပြောသည်။

"ကျွန်တော်တို့မှာကားပျက်ချိန်ပြင်ရ၊ နားရတာကလွဲပြီး အိမ်မေ့ယာမေ့ပဲ။ မိသားစုနဲ့လည်းဝေးနေရတာကြာပြီ။ လမ်းပေါ်မှာပဲ အသက်ကြီးနေရတယ်၊ မိုးရွာတုန်းရေခဲ၊ အခြေအနေကောင်း တုန်းလေး စီးပွားရှာရတာ၊ သတ္တုတွင်းဝန်ကြီးဌာန --သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်လို့ ကားမှန်မှာရေးကပ်ထားတာမို့ ဘယ်ဂိတ်ကမှ မတောင်းရဲ၊ မစစ် ရဲမရစ်ရဲဘူး"ဟု ရှမ်းပြည်မြောက်ပိုင်းက ကားသမားတစ်ဦးက ဂုဏ်ယူဝံ့ကြွားစွာပြောသည်။

မံဝိန်းလေးရွာ၊ ဟန်ထက်ရွာ၊ မံမကောက်ရွာ၊ ကွေ့ကြီးရွာ၊ မန္တလေးသွားမြေ ကြီးကျောက်ခင်း လမ်းအတိုင်းမောင်းလာကြရာ ကောင်းတုံရွာ ရောက်ခါနီးမှာ ဆိုင်ကယ်နောက်ဘီး ပေါက်သွားသည်။ ဆိုင်ကယ်ပြင်ဆိုင်ရှိပေမဲ့ ပြင်ပေးမယ့်သူကမရှိ။ "ဘယ်သွားလဲ ခေါ်ပေးလို့ရမလား" ဟု ဆိုင်ရှင် အမျိုးသမီးကိုမေးရာ "ဟိုးမှာသစ်တင်နေတယ်"ဟု မော်တော်ပေါ်က ကျွန်းခွဲသားတွေကိုတုန်ဖုန်းကား(၂)စီးပေါ်တင်နေရာသို့ ညွှန်ပြသည်။ ပထမမြစ်ကျဉ်း၊ ဒုတိယမြစ်ကျဉ်း၊ ဗန်းမော်အနောက်ဘက်ကမ်းတစ်လျှောက် ရွှေကူ၊ ငါးအိုး၊ ကသာဘက်မှ စက်လှေတွေနဲ့ တင်လာတဲ့ သစ်တွေကိုမော်တော်ပေါ်ကချ၊ ကားပေါ်ပြန်တင်ခ တစ်တန်(၃၅၀၀၀)၊ (၄၀၀၀၀) ရတာဆိုတော့ ဘီးတစ်ပေါက်ဖာ(၅၀၀)ကို မလွမ်းတော့ဘူး၊ ဘယ်သူကလုပ် ချင်တော့မှာလဲ။ (၅)ယောက်(၆) ယောက်တစ်ဖွဲ့ ဖွဲ့ထားကြရာ သူဖောက်သည်၊ ကိုယ့်ဖောက်သည် လက်မလည်ကြပါဘူး၊ ကားတစ် စီး(၁၅)တန်မှတန်(၂၀)အထိ တင်တာမို့ သူတို့တွေလည်း တစ်နေ့တစ်နေ့ တစ်ယောက်ကိုတစ်သိန်းခွဲ(၂)သိန်း အသာလေးပဲ။ နေ့နေ့ညည အလုပ်ကပြတ်တယ်လို့မရှိ။ ပြင်ပေးမယ့်သူ မလာတော့လည်း ကိရိယာငှားပြီးကိုယ့် ဘာသာကိုယ် ပြင်ရတော့တာပေါ့။

ရွာလိုက်၊ တိတ်လိုက် မိုးရေထဲက နေပဲ စင်းခန်းကျေးရွာ ရောက်တော့ (၁၀း၄၅)နာရီ ခန့်ရှိပြီ။ တောရွာလေးဆိုပေမဲ့ ရွှေလုပ်ငန်း၊ သစ်လုပ်ငန်းကြောင့် တိုက် အိမ်တွေဖြစ်ကုန်ပြီ။ အားအရမ်းရှိတဲ့သရီးကရောင်း၊ အယ်စီးဝူး၊ ယန်းဖောင်၊ပေါက်ချဲစတဲ့သစ် တင်တရုတ်ကားကြီးတွေ၊ တုန်ဖုန်း၊ ပီကင်းဂျစ်စတဲ့ကားလေးတွေ အိမ်အတော်များများမှာတွေ့ရသည်။ တချို့အိမ်မှာဆို (၄)၊ (၅) စီးတွေ့ရသည်။ ရွာကထွက်ပြီး ၁၅ မိနစ်ခန့်ကြာတော့ ဗွက်တန်းတွေ၊ ရေအိုင်တွေစတွေ့ပါပြီ။ ဗွက်တန်းအတိုဆုံးက တစ်ဖာလုံခန့်ရှိတယ်။ မိုးပြင်းပြင်းရွာရင် ရွံ့စေးတွေက အရည်ပျော်ပြီး စီးဆင်းသွားလို့ ထင်ပါရဲ့။ သိပ်မချော၊ သိပ်မချော်ဘူး။ မဖြစ်စလောက် မိုးရွာရင်တော့ ဆိုင်ကယ် လီဘာတင်ဖို့ ခက်ခက်ခဲခဲ။ ဘရိတ်ထိန်းဖို့လည်းမလွယ်။ ဘရိတ်အနှိပ်မတော်ရင် ဘိုင်းခနဲ လဲကျတော့တာပဲ။ မလဲကျဘူးဆိုရင်တောင် နောက်ဘီးက လည်ထွက်ပြီး နောက်ပြန်လှည့်လှည့်သွားပါရော။

ရွာသာယာရွာ(၈)မိုင် အောင်သိဒ္ဓိကျောင်းလို့ စာရေးထားပြီး (၇)မိုင်လို့ခေါ်တဲ့ရွာ၊ ရွှေကျင်ရင်း၊ သစ်လုပ်ရင်း ခဏတစ်ဖြုတ်နေကြရာက အိမ်ထောင်စု(၁၀၀) ကျော်အတည်တကျအခြေချဖြစ်သွားကြရော။ တဖြည်းဖြည်းနဲ့ ဘုန်း ကြီးကျောင်း၊ စာသင်ကျောင်း တွေ ဆောက်ဖြစ်သွားပြီး ကျေးရွာ အဆင့်သတ်မှတ်ပေးထားပြီဟု သိရသည်။ စားသောက်ဆိုင်၊ ကာရာအိုကေ၊ ဘာညာကွိကွ အကုန်ရသတဲ့။

သွားရင်းနဲ့လမ်းမှာပျက်နေ တဲ့ကား၊ ဗွက်နစ်လို့ဘက်ဖိုးနဲ့ ဆွဲ ထုတ်နေတဲ့ကား၊ ကုန်းတက်မှာ မတက်နိုင်လို့ ဘက်ဖိုးနဲ့ တွန်းပေး နေရတဲ့ကားတွေ (၁၈)စီးတောင် တွေ့ရတယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်၊ မထိခိုက်တော့မသိ။ လမ်းကပျက် သထက်ပျက်၊ ဆိုး သထက်ဆိုးပါတယ်ဆိုမှ အဆ မတန်တင်တဲ့ ကားတွေ၊ ရာချီပြီး သွားလာနေတော့ ခံနိုင်ပါဦးမလား။ ဗွက်နစ်ကားတွေ၊ ကုန်းမတက်နိုင်တဲ့ကားတွေ တွန်းကူ၊ ဆွဲထုတ်ကူဖို့ထင်သည်။ တစ်မိုင်ခွဲ၊ (၂)မိုင်ခန့်တိုင်းမှာ ဘက်ဖိုးတစ် စီးအဆင်သင့် (Stand by) စောင့်နေကြတယ်။ (၇) မိုင်ခရီးအတွင်းမှာ ဘက်ဖိုး(၄)စီးတွေ့ရသည်။ ပါ တဲ့ရေသန့်ကုန်သွားပြီမို့ ဘက်ဖိုးကားဒရိုင်ဘာထိုင်ခုံဘေးမှာ ရေဘူးကြီးမြင်လို့ "ရေတစ်ခွက်လောက် သောက်ချင်လို့ပါ"ဟု သွားပြောရာ (ရှောပတဲ့)မသိဘူးတဲ့။ သူ့ဘေးကရေဘူးကြီးကို လက်ညှိုးထိုးပြပြီး ပါးစပ်ထဲ လက်မထည့်ပြတော့ သဘောပေါက်သွားတယ်ထင်ပါ့။ အားလုံးကို ရေတိုက်ပါတယ်။ 'ကျေးဇူးပဲတာကော' လို့ပြောပြီး ပါလာတဲ့ Ruby စီးကရက်ထုတ်တိုက်တော့ (ချိပတဲ့)တဲ့။ တခြားဆေးလိပ် မသောက်တတ်ဘူးပြောတယ်ထင်ပါ့။ တရုတ်ဆေးလိပ်ဘူးတွေကိုတော့ ကားပေါ်မှာမြင်ရသည်။ မြန်မာလိုမပြောတတ်ရှာတဲ့ တရုတ်နိုင်ငံသားကြီးရဲ့ ရေကုသိုလ်ကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ သာဓု(၃) ကြိမ်ခေါ်လိုက်ပါတယ်။



တချို့နေရာတွေက မိုင်ချီပြီး ရှည်လျားတဲ့ ဗွက်တန်းတွေ ရောက်ရင်ရှောင်ကွင်းသွားစရာ လမ်းတောင်မရှိ။ ကားကြီး(၄)စီး ယှဉ်မောင်းနိုင်အောင် ကျယ်တဲ့နေရာရှိသလို၊ တချို့နေရာမှာတော့ ကားတစ်စီးစာခန့်သာကျယ်ပါသည်။ လမ်းဆိုး၊ လမ်းပျက်လို့ လမ်းပြင်၊ လမ်းသစ်ခွဲ့ရင်၊ ဘေး ဘယ်ညာက ကျွန်းပင်၊ ကျွန်းငုတ်တွေကိုပါဘူဒိုဇာနဲ့ထိုး၊ ဘက်ဖိုးနဲ့ အမြစ်ကနေ လှန်ပစ်ထားတာ တွေတွေ့ရသည်။ စစ်တပ်မရှိ၊ ရဲမရှိ။ သစ်တောဌာနမရှိပါ။

စည်ကားခဲ့တဲ့ နာမည်ကြီးရွှေကျင် စခန်းဟာ မိုဘိုင်းရွှေမှုဆိုးတွေလို့ ပြောရမလား။ ဆိုင် ၃/၄ ဆိုင်သာ ကျန်တော့သည်။ တစ်ကျင်း မဟုတ်ရင် တစ်ကျင်းပေါ့။

ဘယ်ဘက်လမ်းမိုင်ဝက်ခန့် ဝင်သွားတော့ သစ်ပင်တွေ၊ ကျောက်တုံးတွေမှာ ဆေးအနီ ရောင်နဲ့ အဝိုင်းပုံ၊ လေးထောင့်ပုံ သင်္ကေတတွေ ထင်သာမြင်သာခြယ်ထားတယ်။ လမ်းညွှန်အမှတ် အသားတွေလားမသိ။ ကျောက်မြေစာပုံတွေကို လမ်းရှိ ပြီး တောင်ဘက်သို့စိုက်ဝင်သွားသည်။ ကျင်းကြီးရဲ့ ကမ်းပါးထိပ်ကိုမသွားရဲ။ အနက်ကြီးပဲ။"

"ဒီတစ်သက်စားလို့ မကုန်ဘူး။ ဒီနေရာ၊ဒီဝင်းထဲ အပြင်လူလုံးဝ အဝင်မခံဘူး။ ခင်ဗျားတို့ ကံကောင်းတယ်။ သူတို့ ထမင်းစား သွားတဲ့အချိန်လေးခင်ဗျားတို့ ရောက်လာတာ။ ဟိုဘက်က ရုံးခန်း၊ ဂိုဒေါင်၊စားဖိုဆောင်တွေပဲ"ဟု ကျောက်တင်ရန် စောင့်နေတဲ့ ကားသမားကပြောသည်။

**တုတ်ချက်မမိအောင်ပြန်လှည့်ခဲ့ကြတာ ညံ့သွားသလား။ (ဒါတို့ပြည်၊ ဒါတို့မြေ၊ တို့ပိုင်တဲ့မြေ) သီဆိုခဲ့ဖူးတဲ့ သတင်းသမားတွေဟာ အခုလိုနေရာမှာ သူတို့တွေက ဆိုမလား . . .။ ရန်ကုန်ဂျာနယ်တိုက်ကလွှတ်လိုက်တဲ့ တိုက်လခစားသတင်းထောက်ကသတင်းယူပြီးရင် ရန်ကုန်ပြန်သွားမှာမို့ နောက်ပိုင်းအန္တရာယ်စိုးရိမ်စရာမရှိ။ ဒေသခံသတင်းထောက်ကတော့ အသက်အန္တရာယ်ရှိလာနိုင်ပါတယ်။**

၉ မိုင်ကြီးဆုံရွှေကျင်စခန်း ဟောင်းရှိတဲဟောင်း၊ တဲပျက်တွေ တောင်ကျရေထဲ မျောပါနေတာကြောင့် နန့်အူကြီးသွားမယ့် လူတွေလည်း လမ်းပိတ်မိနေကြသည်။ ရေလျော့သွားချိန်ကို စောင့်နေရုံပေါ့။ လွန်ခဲ့တဲ့ နှစ်တွေက လိုချင်တာအကုန်ရခဲ့တဲ့၊ ဘေးဝဲယာမှ စတွေ့ရတယ်။ လမ်းသွယ်၊ လမ်းချိုး၊ လမ်းကွေ့တွေ အတော်များတယ်။ မြေပြန့်တဲ့လမ်းညာဘက်ပိုင်းမှာ သံဆူးလိမ်ကြိုးတွေ ခတ်ထားတဲ့ ဝင်း အတွင်းမှာ ဆောက်လက်စ အဆောက်အအုံတွေက ကုမ္ပဏီအသစ်တစ်ခုဟုသိရသည်။ ကျောက်မြေစာပုံတွေဟာ ထန်းတစ်ဖျားခန့်မြင့်တယ်။ တောင်ပုံယာပုံဆိုတာ ဒါမျိုးကိုပြောတာနေမှာ။

ပေ(၂၀)ခန့် အမြင့်သစ်ပင်မှာ အနီရောင်အောက်ခံ၊ အဖြူရောင်စာလုံးနဲ့ ရေးကပ်ထားတယ်။ အနည်းငယ်လှမ်းပြီး စာလုံးသေးတာကြောင့် ဘာမှန်းတော့မသိ။ "သတိပေးစာ"ဖြစ်နိုင်ပါတယ်။ စာရေးသူတို့အဖွဲ့က "------ ကုမ္ပဏီ တာဝန်ရှိသူနဲ့တွေ့ပြီး သိချင်တဲ့ အချက်အလက်တွေ တရားဝင်မေးဖို့ပါ။ လုပ်ကွက်ဧရိယာလုပ်ငန်းခွင်အတွင်း ဝင်လာတော့ ညာဘက်လမ်းက ပေ ၃၀၀ ခန့် အနက်၊ ၃၈ကေခန့်အကျယ်ကျင်းပြအောက်ကျောက် တင်ယာဉ်တွေဆင်းတာဖြစ်ပြီး၊ ဝဲဘက်လမ်းထိပ်ကွင်းပြင်မှာ မြေစာတွေ စုပုံပြီး တရုတ်ပြည်သွားမယ့် ကားတွေပေါ်တင်ပေးတဲ့နေရာ ဖြစ်တယ်။ ဝဲဘက်ကုန်းပေါ်တက်သွားတော့ ကျောက်မြေစာတင်ပေးဖို့ ဘက်ဖိုးသမားကိုစောင့်နေတဲ့ ၁၂ ဘီးကားတွေကို တွေ့ရတယ်။ ဘက်ဖိုးမောင်းသူတွေက ထမင်းစားသွားကြတာတဲ့။ ညနေစာလား၊ ညစာလားမသိ။ အချိန်က ညနေ ၄ နာရီခွဲ။ ကျင်း ပြကြီးအနားသွားတော့ အလိုလေးဘုရား၊ ဘုရားနည်းတဲ့လုပ်ကွက်ကြီးပါလား။ သယ်ထုတ်နေကြတဲ့ ကျောက်သတ္တုကြောကအိမ်လေးတစ်လုံးစာလောက် ဒါကြောင့် ထင်ပါရဲ့ အားလုံးတိတ်ဆိတ်ငြိမ်သက်နေတာကိုး။ (၂) ယောက်ချန်ထားပြီး (၂)ယောက် က ဆိုင်ကယ်တစ်စီးနဲ့ ရုံးခန်းရှိရာ ဘက်သို့ထွက်သွားရာ ဆိုင်ကယ်သံကြားလို့ ထင်သည်။ တဲထဲက နေလူ(၄)ယောက်ပြေးထွက်လာပြီး တားပါတယ်။ (၂)ယောက်က သံတုတ်လိုလို၊ တုတ်၊ ဓားလို လိုကိုင်ထားတယ်။ တစ်ယောက် က "ငါတို့လူကြီးတွေ မဝင်ခိုင်းဘူး၊ ဝင်လို့မရဘူး၊ ပြန်ထွက်တဲ့ တရုတ်နယ်စပ်လွယ်ဂျယ်ဘက်က လေသံမျိုး ဗမာစကားကောင်းကောင်းမပီဘူး။ ကျန်တဲ့သူတွေကတော့ လုံးဝတရုတ်နိုင်ငံသားစစ်စစ်တွေပဲ။ တရုတ်လို ဘာတွေပြောနေကြလည်းမသိပါ။ "ငါတို့က ဂျာနယ်သတင်းထောက်တွေပါ။ မင်းတို့လူကြီးနဲ့တွေ့ချင်လို့လာခဲ့တာ"ဟု ပြောပေမဲ့မရဘူး၊ မရှိဘူးပြန်ထွက်"ဟု မောင်းထုတ်ပါတယ်။ တဲထဲက တရုတ်လေး ငါးယောက်ကကြည့်နေသလို သုံးယောက်ကအပြင်ထွက်ကြည့်နေတယ်။

စကားပြောလို့လည်း ရမှာမဟုတ်၊ မေးလို့လည်းရမှာမဟုတ် ဘူးအခြေအနေက ဆိုးဝါးသွားနိုင်တာမို့ စာရေးသူတို့လည်း တောင်ကြည့်၊ မြောက်ကြည့်နဲ့ ပြန်ခဲ့ရတော့တာပေါ့။ အောင်မြင်စွာနဲ့ဆုတ်ခွာခဲ့တာပါ။ အဆောက်အအုံတွေရဲ့ ဟိုဘက်အတွင်းပိုင်းမှာလည်း ကျင်းတွေ၊ မြေစာပုံတွေ၊မော်တော်ယာဉ်တွေ၊ ဘက်ဖိုးတွေ မနည်းမနောပါပဲ။ ဒီနားမှာအရိုက်ခံရ၊ အသတ်ခံရရင် ဘယ်သူမှတောင် သိလိုက်မှာမဟုတ်ဘူး။ မြန်မာနိုင်ငံသား မီဒီယာသမားတွေခမျာ တစ်ဖက်နိုင်ငံကဝင်လာ

**စာမျက်နှာ (၂၂)သို့**

# Local

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul 2013



## လာဘ်စားမှုအများဆုံးကျောင်း ၁၉ ကျောင်း

## တိုင်းဒေသကြီးအစိုးရ မဖော်ထုတ်သော်လည်းသတိထားစောင့်ကြည့်နေ

အင်တာနက် စာမျက်နှာများ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အကျင့်ပျက်လာဘ်စားမှုအများဆုံး အခြေခံပညာကျောင်း (၁၉) ကျောင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဖော်ထုတ်လိုက်ကြောင်း သတင်းများထွက်ပေါ်ပျံ့နှံ့နေပြီး အဆိုပါသတင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရ တာဝန်ရှိသူတစ်ဦးထံတွေ့ဆုံ မေးမြန်းခဲ့ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယင်းသို့ လာဘ်ယူသော ကျောင်းများအား ထုတ်ဖော်ခြင်းမရှိသော်လည်း အင်တာနက်ပါလာဘ်စားသော ကျောင်းများအနက် အချို့မှာ တိုင်းဒေသကြီးအစိုးရက စောင့်ကြည့်နေရသော အနေ အထားတွင် ရှိကြောင်းပြောသည်။

"လာဘ်ယူမှုအများဆုံး (၁၉)ကျောင်းနဲ့ပတ်သက်တာကိုတွေ့တယ်။ ဒါတိုင်းဒေသကြီး အစိုးရအဖွဲ့က ဖော်ထုတ်တာတော့မဟုတ်ဘူး။ ဒီစာရင်းထဲမှာပါနေတဲ့ ကျောင်းတွေကလည်း နာမည်ကြီးနေတဲ့ ကျောင်းတွေချည်းပဲ။ ဒါနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ပညာရေးဌာနတွေကလည်း မဟုတ်ဘူး။ အစိုးရသစ်တက်ခါစ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ ကျွန်တော်တို့တာဝန်စယူက တည်းက အဲဒီကျောင်းတွေကို ဖွင့်တဲ့ရက်တွေ၊ ကျောင်းအပ်တဲ့နေ့တွေမှာ ဝန်ကြီးတွေကိုယ်တိုင် စစ်ဆေးခဲ့တာပါ။ ဒီတစ်နှစ်တည်းမဟုတ်ပါဘူး။ ယခင်နှစ်တွေကလည်း ဒီကျောင်းတွေက နာမည်ကြီးတော့ သေသေချာချာ စိစစ်ခဲ့ပါတယ်။ သူတို့အနေနဲ့လည်း ဥပဒေဆိုရင်တော့ သူတို့ထိုက်နဲ့သူတို့ကံပေါ့ဗျာ။ အချိန်ကျရင်တော့ ဘယ်မျက်နှာမှမထောက်ဘဲ အပြင်းထန်ဆုံး အရေးယူသွားမှာပါ"ဟု အမည်မဖော်လိုသူ ရန်ကုန်တိုင်း ဒေသကြီးအစိုးရ အဖွဲ့ဝင်တစ်ဦးက Hot News ၏ မေးမြန်းချက်ကို ဖြေကြားသွားသည်။

အင်တာနက်စာမျက်နှာများ၌ ဖော်ပြထားသော ရန်ကုန်တိုင်းဒေသကြီးအတွင်း လာဘ်စားမှုအများဆုံးကျောင်းများမှာ အထက်တန်းကျောင်းများ၌ မင်္ဂလာဒုံ(၂)၊ ဒဂုံ(၁)၊ ဗိုလ်တထောင်(၅)၊ ဗိုလ် တစ်ထောင်(၄)၊ ကမာရွတ်(၂)၊ လသာ(၂)၊ ဗဟန်း(၂)၊ စမ်းချောင်း (၂)၊ ရန်ကင်း(၂)၊ လမ်းမတော် (၂)၊ အလုံ(၄)၊ အင်းစိန်(၂)၊ တာ မွေ(၄)၊ ကမာရွတ်(၅)နှင့် အလယ် တန်းကျောင်းများ၌ ပန်းဘဲတန်း(၁)မူလတန်း ကျောင်းများ၌ ကမာရွတ်(၂)၊ ဗဟန်း(၂)၊ ဗဟန်း(၃)စသည့် ကျောင်းများနှင့် ပညာရေး တက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း (T.T.C)တို့ပါဝင်ကြောင်း သိရသည်။

**ခနဲ့ခနဲ့(ဒသနိက)**

## ငွေ တလင်းချိတ်လား၊ ဌဝမ်းဘဲလားဆိုတာ မဝေခွဲနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့အဖြစ်




ပထမအကြိမ်အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် မြန်မာ့ဆက်သွယ်ရေးနှင့်ပတ်သက်၍ဥပဒေပါပြဋ္ဌာန်းချက်များတွင် ဆက်သွယ်ရေးပစ္စည်းဆိုသည်မှာ၍ဥပဒေကို အထောက်အကူ ပြုရန်အလို့ငှာ ဝန်ကြီးဌာနက စာဖြင့်သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကို ဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်၏ ရှေ့တွင် အက္ခရာ သင်္ကေတများဖြင့် ပြဋ္ဌာန်းထားရာ ၎င်းသင်္ကေတများနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က "ပြဋ္ဌာန်းထားတဲ့ အက္ခရာသင်္ကေတဟာ ငွေ တလင်းချိတ်လား၊ ဌဝမ်းဘဲလား"ဆိုပြီး (၃)ကြိမ်တိုင်မေးသော်လည်း လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ငွေ တလင်းချိတ်လား၊ ဌဝမ်းဘဲလားဆိုတာ မပြောပြနိုင်သည့်အတွက် ရုံးရဲ့အမှားတော့တွေ့ပြီဟုဆိုကာ အပြစ်ပုံချခဲ့ရကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏မြင်ကွင်းကို မြင်တွေ့ရသည်။

## Photo Essay



ပုန်းမနေနဲ့ကျောက်တုံးလေးတွေ



ကျောက်တုံးလေးတွေ တန်းစီ . . .



သွားကြမယ်ဟေ့ . . .



Good bye Myanmar

**စာမျက်နှာ (၂၁)မှ**

တဲ့ တရုတ်တွေရဲ့ တုတ်ချက် မမိအောင် ပြန်လှည့်ခဲ့ကြတာညဲ့သွားသလား။ (ဒါတို့ပြည်၊ ဒါတို့မြေ၊ တို့ပိုင်တဲ့မြေ) သီဆိုခဲ့ဖူးတဲ့သတင်းသမားတွေဟာအခုလိုနေရာမှာ သူတို့တွေကဆိုမလား၊ မိမိတို့သာဆိုခွင့်ရှိမလား။ တရားဝင်ခွင့်ပြုချက်နဲ့ တူးဖော်နေတဲ့ ကုမ္ပဏီဆိုရင် သတင်းသမားတွေကို ဘာလို့ကြိမ်းဝါး၊ ခြောက်လှန့်မောင်းထုတ်ရတာလည်း၊ အဖြေသိချင်ကြပါတယ်။

လုပ်ကွက်ဧရိယာ အပြင်ရေချောင်းမှာတောင်ရေကျနေဆဲမို့ ကားတန်းကြီးက မထွက်နိုင်သေး။ ဆိုင်တစ်ဆိုင်မှာ ခဏနားကြရာ "ရွှေစပါးကုမ္ပဏီက ဗိုလ်ကြီးဟောင်းက လက်သံအတော်ပြောင်တယ်။ ကေအိုင်အေကို တစ်နှစ်သိန်း (၅၀၀)ဆောင်ရမှာ။ လွန်ခဲ့တဲ့နှစ်က သိန်း(၂၅၀)ကြွေး ကျန်ရှိလို့ ဖေဖော်ဝါရီလတုန်းက ကေအိုင်အေ စစ်ကြောင်းတစ်ကြောင်းဝင်လာမှ အားလုံးအကျေပေး လိုက်တယ်ဟု စင်းခန်းရွာသားတစ်ယောက်ကပြောတယ်။

လက်ရှိ ---သတ္တုတူးဖော် နေတဲ့ တွင်းက သတ္တုကြောဟာ နန်းမွန်းတောရဘုန်းကြီးကျောင်း အောက်ဘက်ကို ဝင်သွားလို့ ကျောင်းမြေနေရာကိုဝယ်ဖို့ ကြိုးစားနေတယ်။ ပြီးတော့ ဆောက်လက်စအဆောက်အအုံတွေရှိပြီး သံဆူးလိမ်ကြိုးခတ်ထားတဲ့ ကုမ္ပဏီအသစ်ရဲ့လုပ်ကွက်ကိုလည်းဝယ်ဖို့ကြိုးစားနေတယ်ဟုအခြားတစ်ယောက်ကလည်း ပြောပါတယ်။

သတင်းအဖွဲ့ ဗန်းမော်မရောက် ခင်လွယ်ဂျယ်လမ်းမှာသတ္တု တင်ကားတစ်စီးတိမ်းချော်ပြီး ဒရိုင်ဘာကိုမော်ကြီး (သိမ်တော်ကြီးရှေ့ ဆုတောင်းပုံဘေး) သေဆုံးသွားပြီး ကားမှောက်တိမ်းချော် တာ(၃)ကြိမ်ရှိသွားပြီဟု သိရတယ်။

လွယ်ဂျယ်လမ်းက မိုးမောက် မြို့လွန်သွားရင် တောင်တွေကို ကွေ့ပတ်ကာ ဖောက်ထားသော ကားလမ်းမှသွားရသည်။ ခနော်ခနဲ့ တံတားတွေ မရှိ။ သံကူကွန် ကရစ်တံတားတို (၄)ခု ခန့်သာရှိတယ်။တရုတ်နည်းပညာနဲ့ ကတ္တရာမပါဘဲ ကျောက်တုံးတွေစီပြီး ခင်းထားတဲ့ လမ်းပေါ် တနင့်တပိုးတင်ထားတဲ့ ကားတွေ ဖြတ်ကြတော့ ကျောက်ခဲတွေလည်း လန်ထွက်၊လွင့်စဉ်ကုန်ပြီးလမ်းတွေလည်း အရမ်းပျက်စီးနေပါ တယ်။

တာဝန်ရှိသူတွေမပါဝင် မပတ်သက်ဘူးဆိုရင်ဘာကြောင့် စစ်ဆေးအရေးမယူတာလဲ၊နှာစေးနေကြတာလား၊ I.T ခေတ်ကြီးမှာ ကမ္ဘာကြီးဟာ ရွာကြီးလိုဖြစ်နေပါပြီ။ လုံးဝမသိဘူးဆိုတာတော့ မဖြစ်နိုင်ပါ။ စစ်မှန်တဲ့ သတင်း မီဒီယာသမားဆိုတာကတော့ မဖြစ်နိုင်ပါ။ စစ်မှန်တဲ့ သတင်း မီဒီယာသမားဆိုတာကတော့ တိုင်းပြည်နဲ့ ပြည်သူလူထု အရေးကို လိုအပ်ရင် အသက်ကို ပဓာနမထားဘဲ ကိုယ်ကျိုးစွန့်အနစ်နာခံ စွန့်စွန့်စားစား သတင်းရယူကြတာပဲ။ ပကတိအခြေအနေအမှန်ကို သိစေချင်တာကိုး။ နိုင်ငံခြားမှာ စစ်မြေပြင် သတင်း ထောက်တွေ တစ်နှစ်၊ တစ်နှစ်အသတ်ခံရ၊ အဖမ်းခံရတာနည်းတာမှတ်လို့။ ယခု သတင်းလေးရေးဖို့အတွက် ကုမ္ပဏီတာဝန်ရှိသူနဲ့ အင်တာဗျူးဖို့ အားလုံးကို ကြောက်ရတဲ့ ဒီလိုအုပ်ချုပ်ရေး ကင်းမဲ့ဇုန်ထဲလာ ရတာ သက်စွန့်ဆံဖျားပါပဲ။ ခရိုနီ စီးပွားရေးသမားတွေရဲ့ လက်မရွံ့တွေလည်း ရှိပ့ါ။ ရိုက်သတ်ပြီး ရွှံ့ထဲ၊ ဗွက်ထဲ၊ မြေစာပုံထဲထည့်ထားလိုက်ရင် အိမ်ကလူတွေတောင် သိလိုက်မှာမဟုတ်ဘူး။ တွေးရင်း တွေးရင်း ကြက်သီး မွေးညင်းတောင် ထချင်လာသလိုလို။ ရန်ကုန်ဂျာနယ်တိုက်က လွှတ်လိုက်တဲ့ တိုက်လခစားသတင်းထောက်က သတင်းယူပြီးရင် ရန်ကုန်ပြန်သွားမှာမို့ နောက်ပိုင်း အန္တရာယ်စိုးရိမ်စရာမရှိ။ ဒေသခံသတင်းထောက်ကတော့ အသက်အန္တရာယ်ရှိလာနိုင်ပါတယ်။ ကချင်ပြည်နယ်ဟာ တိုက်ပွဲဖြစ်ဒေသတွေဖြစ်သလို လက်နက် ကလည်း တရုတ်ပြည်ကထွက်တာလေ။ လက်မရွံ့ လူမိုက်တွေကလည်းပေါပဲ့။

သဘာဝ ပတ်ဝန်းကျင်ကို ပျက်စီးစေတဲ့ စီးပွားရေးသမားတွေတိုက်နဲ့တာနဲ့ အဲယားကွန်းနဲ့ ဇိမ်ကျနေချိန်၊ အခြေခံလူတန်းစား ပြည်သူတွေမှာ ပူအိုက်ရင် ယပ်တောင်ခတ်၊ ရေထဲဆင်းစိမ်ရတယ်။ စီးပွားရေးသမားတွေက မိမိချမ်းသာဖို့အတွက် စီးပွားရှာခဲ့ကြလို့ ရာသီဥတုကောင်းမွန်ပြီးစိမ်းလန်းစိုပြည်ခဲ့တဲ့ မြန်မာနိုင်ငံကြီးမှာ၊ ကမ္ဘာကြီးမှာ သဘာဝ ပတ်ဝန်းကျင်တွေ ပျက်စီးပြီးရာသီဥတုတွေ ပြောင်းလဲ ဖောက်ပြန်ကုန်တာတွေကိုတော့ စာရေးသူ၊ စာဖတ်သူ အပါအဝင် လူသားအားလုံး ခံစားရတာ အမှန်ပဲ။ သူတို့မိသားစု ကြီးပွားချမ်းသာ စည်းစိမ်ခံနိုင်ရေးအတွက် မဆီမဆိုင်တဲ့လူတွေက ဘာလို့ ခံပေးရမှာလဲ။ တခြားမပြောနဲ့၊ သူတို့တွေကြောင့် ပျက်စီးရတဲ့ လမ်းတွေကိုတောင်မှ မပြင်ပေးချင်သူတွေလေ။ ဒီလို ဖော်ထုတ်ရေးသားတဲ့ စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာသမားတွေကို အပြစ်မြင်၊ အပြစ်တင်ချင်လည်း တင်ရော့။ ပြည်သူအတွက် ဖယောင်းတိုင် မီးလိုစတေးပေး ဆပ်မဲ့သတင်းမီဒီယာသမားတွေပါ။

ယခု စာမူရေးပြီးချိန် ထပ်မံဝင်ရောက်လာတဲ့ သတင်းအရ ၁၆/၆/၁၃ ညနေ (၅)နာရီတွင် တံတားအမှတ်-၃/၁၇၊ ခံနိုင်ဝန်(၁၀)တန်ရှိမံပိုန်းလေး တံတားပေါ် သတ္တုကျောက်တင်ကား ၈စ/၈၈၄၈) NISSAN (၁၂)ဘီး ကားဖြတ်မောင်းစဉ် တံတားကျိုးကျ ပျက်စီးသွားကြောင်းသိရတယ်။ လူအထိအခိုက်မရှိပေမဲ့ ဒရိုင်ဘာထွက်ပြေးတိမ်းရှောင်နေကြောင်း ကားအသွားအလာ ဖြတ်တောက်နေပြီး ချောင်းရေလျော့ချိန် ကားကြီးတွေ ရေထဲ ဖြတ်မောင်းနိုင်ကြောင်းသိရတယ်။ရွာသားများကအရေးပေါ်ဝါးတံတားဆောက်ပြီးဆိုင်ကယ်တစ်စီး ၅၀၀ ကောက်ယူနေကြောင်းမတန်တဆ တင်ပြီးယခုလိုဖြစ်သွားတော့ထိရောက်စွာ အရေး ယူ၊ မယူမသိရပေမဲ့ ခရီးသွားတွေကတော့ ဒုက္ခရောက်ရပါတယ်။ သတ္တုကျောက်များရေထဲကျကုန်သဖြင့် ချောင်းရေအသုံးပြုကြသည့် လူနှင့် တိရစ္ဆာန်များ ဓာတုအဆိပ်သင့်မှာကို စိုးရိမ်လျက်ရှိနေကြပါတယ်။

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul 2013





## ကလေးဒေသတွင်ချင်းတောင်နှင့်မြန်မာနိုင်ငံ နယ်စုံမှ ပြောင်းရွှေ့အခြေချနေထိုင်သူများပြားလာ

ယခု ဆယ်စုနှစ်အတွင်း ကလေး ဒေသတွင် ချင်းတောင်ပေါ်မှ ချင်းတိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ နယ်ပယ်စုံမှ ပြောင်းရွှေ့အခြေချနေထိုင်သူများတိုးပွားလာနေကြောင်းကလေးဒေသခံကိုဇော်က ပြောသည်။ ချင်းတောင်မှ ချင်းတိုင်းရင်းသားများ ကလေးဒေသသို့ အခြေချပြောင်းရွှေ့မှု အခြေအနေမှာ ယခုနှစ်နှစ်ဆယ်အတွင်းအများဆုံးဖြစ်ကြောင်း ကလေးဒေသခံတို့၏ အဆိုအရ သိရသည်။

"ချင်းတောင်ပေါ်က ချင်းတိုင်းရင်းသားတွေဟာ ဟိုဘက်အနှစ်(၅၀)ကျော်ကာလကနေပြီး ရေကြည်ရာမြက်နုရာရှာပြီး ရွာလုံးကျွတ်ပြောင်းရွှေ့လာကြတာ ဖြစ်ပါတယ်။ ကလေးနယ်မှာ ဖလမ်းချင်းတိုင်းရင်းသားရွာတွေ ရှိသလို ဟားခါး ချင်းတိုင်းရင်းသားတွေကလည်း ရွာလုံးကျွတ်ပြောင်းရွှေ့လာကြတာတွေရှိတယ်၊ တီးတိန်ချင်းတိုင်းရင်းသားဆိုတာတော့ နေရာတိုင်းမှာရှိနေတယ်။ နောက်ပြီး လူရိုင်း လူမျိုးတွေကလည်း ကလေး-တမူးကား လမ်းတစ်လျှောက်မှာ ရွာပေါင်း (၂၆) ရွာတောင် ရှိနေပြီလို့ သူတို့က ပြောတယ်"ဟု ကလေးဒေသခံတစ်ဦးက ချင်းတိုင်းရင်းသားများ ကလေးဒေသသို့ ပြောင်းရွှေ့အခြေချနေထိုင်မှုနှင့်ပတ်သက်၍ ပြောသည်။

ကလေးဒေသသည် ချင်းတွင်းအထက်ပိုင်း၏ ရေကြည်ရာမြက်နုရာဖြစ်သည့်အားလျော်စွာ လယ်ယာသီးနှံ ဖြစ်ထွန်းသည့်အပြင် သွားရေးလာရေး၊ နေရေးထိုင်ရေး အဆင်ပြေသောမြို့ဖြစ်သည်။ ကလေးဒေသတွင်မြစ်ကြီးနားမြို့ဘက်မှ ပြောင်းလာသည့် ဂေါ်ရခါး အဖွဲ့လည်း အုပ်စုလိုက်ရှိသလို ရှမ်းပြည်ဘက်မှ ပြောင်းရွှေ့လာသော အရှေ့ဖက်အဖွဲ့ကလည်း ရရာအလုပ်လုပ်ကိုင်လျက်တမူး၊ ကလေး၊ ကလေးဒေသနှစ်ခုလုံးတွင် နေရာယူနေကြသည်။ ချင်းတွင်း မြစ်ရိုးတစ်လျှောက်မှအဖွဲ့၊ မုံရွာအဖွဲ့၊ မန္တလေးအဖွဲ့၊ မြင်းခြံအဖွဲ့၊ နွားထိုးကြီးအဖွဲ့၊ မြေလတ်ပိုင်း၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်တိုင်းရင်းသား၊ ဟိန္ဒူ၊ မွတ်ဆလင်၊ခရစ်ယာန်၊ ဗုဒ္ဓဘာသာကိုးကွယ်မှုလည်းအစုံရှိသည်။

"ကျွန်မတို့က ပခုက္ကူနယ်က ပြောင်းလာတာပါ။ ရွာမှာတုန်းကတော့ မိုးကခေါင်၊ ယာမြေတွေက မကောင်းဆိုတော့ လုပ်ရကိုင်ရတာ ပင်ပန်းသလောက် အကျိုးမဖြစ်ထွန်းဘူး၊ ကလေးမြို့မှာကဘာလုပ်လုပ်အဆင်ပြေတယ်၊အခုဆိုရင် ကျွန်မတို့က မြေကွက်ကလေး တစ်ကွက်ဝယ်ပြီးတော့ ပန်း၊ငရုတ်၊မုန်လာဥရာသီအလိုက်သီးနှံစိုက်တယ်၊ ယောကျ်ားက ကားဂိတ်တွေမှာ ကုန်တင်ကုန်ချလိုက်တယ်၊ သားက ဆိုင်ကယ်ကယ်ရီလိုက်နေတယ်၊ ဒီဘက်မှာက လုပ်ရင် လုပ်နိုင်သလောက် အဆင်ပြေတယ်၊ အခုကျွန်မတို့ဆိုရင် ပခုက္ကူနယ်ရွာမှာ နေတုန်းက လက်လှမ်းမမီခဲ့တဲ့ တီဗီ၊ ဗီဒီယို၊ ဆိုင်ကယ်၊ ဖုန်း၊ အိမ်၊ ဝင်းအားလုံးဝယ်နိုင်သွားပြီးတဲ့အပြင် တစ်ရက်ကို မိသားစုလုပ်အားခသောင်းဂဏန်းဝင်ငွေရှိတယ်" ဟု ပန်းသည်ဒေါ်ကြည်အောင်က ပြောသည်။

**ကောင်းမြတ်သူ**

## ဝန်ကြီး တွေလာရင် ပျော်တယ်

ဆိုက်ကားဆရာ ကိုပဲကြော်က သူ့ဆိုက်ကားပေါ်ခရီးသည်တင် မိပြီဆိုရင် အရှိန်ရအောင်ဖင်လေးကြွပြီး အားစိုက်နင်းရင်း သူပြောနေကျစကားကတော့'ဝန်ကြီးတွေလာရင် ပျော်တယ်'တဲ့။ တစ်နေ့ ကျွန်တော်သူ့ဆိုက်ကားနဲ့ ကိစ္စတစ်ခုအတွက် စီး၍လိုက်ပါလာ၏။ ကျွန်တော့် ခန္ဓာကိုယ်ကလည်း ဝ, ဝ။ ဝိတ်က မသေး၊ ပစ္စည်းတွေကလည်း ပါသေး၏။ ကိုပဲကြော် လမ်းကိုကြည့်ပြီး၊ အားထည့်နင်း နေရ၏။ ပြီးတော့ 'ဝန်ကြီးတွေလာရင် ကျွန်တော်အရမ်းပျော်တာပဲ'ဟုစကားစလာ၏။ စပ်စုလေ့လာချင်သော ကျွန်တော့်အတွက် အကွက်ပဲ။

'ကိုပဲကြော်က ဘယ်ဝန်ကြီးလာမှပျော်တာလဲ'

'အို ဘယ်ဝန်ကြီး လာလာပျော်တယ်ဆရာ' 'ဝန်ကြီးမဟုတ်ဘဲ တခြားလူကြီးတွေဆိုရင်ကော'

'အိုဗျာ။ နိုင်ငံတော်အဆင့် တိုင်းဝန်ကြီး အဆင့်နဲ့ တခြားဘယ်လူကြီးပဲလာလာပျော်တယ်'

'ဝန်ကြီးတွေက ခင်ဗျား အသိလား အမျိုးတော်လား'

'မနောက်ပါနဲ့ ဆရာရယ်။ ဟဲ ဟဲ'

'ကဲ ဒါဖြင့် ဝန်ကြီးတွေမြို့ကို ဘာလို့လာစေချင်တာလဲ။ဝန်ကြီးတွေလာရင် ဘာလို့ပျော်တာလဲ'

'ဒီလိုဆရာရဲ့၊ ကျွန်တော်မြို့ဟာ တခြားအချိန်တွေဆိုရင် သန့်ရှင်းသာယာမှုက ထုံးစံအတိုင်းမြင်နေကျအတိုင်းပဲ။ လူကြီးလာမယ်ဆိုမှထုံးတွေသုတ်၊ ဆေးတွေသုတ်နဲ့ ပိုပြီးသန့်ရှင်းသပ်ရပ်နေသလိုပဲဗျာ။ လူတွေလျှောက်ဖို့ထားတဲ့ ပလက်ဖောင်းတွေ ပျောက်နေတာ ပြန်ပေါ်လာတယ်ဗျာ။ ပြီးတော့လမ်းတွေမှာ ကျင်းတွေ ချိုင့်တွေလည်း လူကြီးလာမယ်ဆိုမှ ဖို့လိုက်ဖာလိုက်နဲ့ဆိုတော့ ဘာပဲဖြစ်ဖြစ်ခဏတော့ လမ်းတွေကောင်းသွားတာပေါ့။ကျွန်တော်တို့ဆိုက်ကားနင်းရတာ မခက်ခဲဘူးပေါ့။ နို့မို့ဆိုရင်ခဏခဏဘီးတွေခွင်၊စပုတ်တံတွေပြတ်နဲ့ ဒုက္ခပဲဆရာရဲ့။ လူကြီးတွေဝန်ကြီးတွေလာမှအသေးစား ပြုပြင်ဖာထေးတာမို့ လမ်းတွေကောင်းနေတာပေါ့။ဒါကြောင့် လူကြီးတွေ၊ ဝန်ကြီးတွေလာရင် ပျော်တယ်ဆရာ'

**မြို့နိုင်**


## Trademark Caution

**Mega Lifesciences Limited** (formerly known as **Medicap Limited**), a company organized and existing under the laws of Thailand and having its registered office at 384 Soi 6, Pattana 3 Road, Bangpoo Industrial Estate, Samutprakarn 10280, Thailand (hereinafter called the "Company") hereby declare that the company is the Owner and Sole Proprietor of the following trademarks.

| | |
|---|---|
| NAT C YUMMY GUMMYZ | **( Reg. No. 4/13988 )** |
| CAL D CHEWZ | **( Reg. No. 4/13992 )** |
| FLEXIGEN | **( Reg. No. 4/13994 )** |
| RIVITA | **( Reg. No. 4/13990 )** |
| VITAVITE | **( Reg. No. 4/14000 )** |
| KIDDZ VITA CHEWZ | **( Reg. No. 4/13989 )** |
| KIDDZ VITA LIQUIZ | **( Reg. No. 4/14001 )** |

The above trademarks are used in respect of :
" Meat, fish, poultry and game; meat extracts; preserved, frozen, dried and cooked fruits and vegetables; jellies, jams, compotes; eggs, milk and milk products; edible oils and fats in **International Class 29**".
" Coffee, tea, cocoa, sugar, rice, tapioca, sago, artificial coffee; flour and preparations made from cereals, bread, pastry and confectionary, ices; honey, treacle; yeast, baking- powder; salt, mustard; vinegar, sauces (condiments); spices; ice in **International Class 30** ".
Any fraudulent imitation or unauthorized use of the above marks or other infringements whatsoever will be dealt with according to law.

**For Mega Lifesciences Limited,**
**U Kyaw Swa Myint**
**Advocate ( license no. 7266 )**
**LL.B, MPA.**
**Dated: July 4, 2013.**


## လင်းတိုင်ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း အဖြစ်မှန်ပြန်ရှင်း

မေလ ၃၁ ရက်နေ့စွဲဖြင့် ထုတ်ဝေခဲ့သော Hot News Journal Vol-3,No-142 စာမျက်နှာ ၃၈ တွင် ဖော်ပြပါရှိခဲ့သော ဘိုကလေးမြို့နယ် လင်းတိုင်ကျေးရွာအုပ်စု (ရယက) ဥက္ကဋ္ဌဟောင်းဦးမြဝင်းဇော် ကလယ်- ခြံ-အိမ်တို့ကို သိမ်းယူခဲ့သည်ဟူသော သတင်းအပေါ်တွင် (ရယက) ဥက္ကဋ္ဌဟောင်း ဦးမြဝင်းဇော်က ဇူလိုင်လ ၁ရက်နေ့ မွန်းလွဲပိုင်းတွင် Hot News Journal ရုံးသို့ လာရောက်၍အောက်ပါအတိုင်း ဖြေရှင်းပြောဆိုသွားခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် လင်းတိုင်ကျေးရွာအုပ်စု (ရယက) ဥက္ကဋ္ဌဟောင်း ဦးမြဝင်းဇော်က ပြောကြားရာတွင် 'ကျွန်တော် ၁၉၉၄ ခုနှစ်မှစတင်ပြီး ဒီတာဝန်ကို ထမ်းဆောင်လာခဲ့တာမှာ တောင်သူလယ်သမားများအပေါ်တွင် တာဝန်ကျေစပါးနဲ့ ထပ်ပိုးစပါးတို့ကို ယူဆောင်ခဲ့ဖူးခြင်းမရှိပါဘူး။

ကျွန်တော့် လုပ်သက်တစ်လျှောက်လုံးမှာ သိမ်းဆည်းခြင်းမရှိခဲ့ပါဘူး။ ကိုယ်တိုင်လည်း လယ်သမားဖြစ်လို့ ကိုယ်ချင်းစာနာဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ ကောင်းမွန်စွာတင်ပြပြီး ဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်ခဲ့ခြင်းသာဖြစ်ပါတယ်'ဟု ရှင်းလင်းပြောပြသွားခဲ့သည်။ **ဥယျာဉ်မှူး**

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul 2013

## မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များယခင်နှစ်ထက်ပိုမိုလာ

ခရီးသွားရာသီမဟုတ်သော်လည်း မိုးကာလဖြစ်သော ဧပြီလမှ ဇွန်လအထိ မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဝင်ရောက်မှု ပိုမိုများပြားသောကြောင့် မန္တလေးမြို့၏ ဟိုတယ်လုပ်ငန်းများကောင်းမွန်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

ဟိုတယ်အခန်းများ လုံလောက်မှုရှိသော်လည်း နောင်နှစ်များတွင် ခရီးသွားဧည့်သည်များ ပိုမိုရောက်လာနိုင်သောကြောင့် ဟိုတယ်အခန်းများ လုံလောက်မှုရှိစေရန် ဟိုတယ်ဆောက်လုပ်ခွင့်အား သက်ဆိုင်ရာတိုင်းဒေသကြီး၏ ခွင့်ပြုချက်ဖြင့် လုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ်အတွင်း တိုင်းဒေသကြီးအစိုးရ၏ ဆောက်လုပ်ခွင့်ရ တည်ဆောက်ဆဲ ဟိုတယ်နှစ်လုံးရှိပြီး ဆောက်လုပ်ခွင့်တင်ထားသော ဟိုတယ်အလုံးရေ ၁၈ လုံးရှိကြောင်းနှင့် ယခုနှစ်အတွင်း တည်ဆောက်ခွင့်ပြုပါက သုံးနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်သောကြောင့် ၂၀၁၅ ခုနှစ်အတွင်းစုစုပေါင်း ဟိုတယ်အလုံးရေပေါင်း ၂၀ ထပ်မံပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် မန္တလေးမြို့၌ ဟိုတယ်ပေါင်း ၈၃လုံး ရှိရာ၂၀၁၅ ခုနှစ်တွင် ဟိုတယ်ပေါင်း ၁၀၃လုံး ခန့်ရှိလာနိုင်ပြီး အခန်းပေါင်း ၄၉၀၀ ဝန်းကျင်ခန့်ရှိလာနိုင်ကြောင်း၊ ဟိုတယ်လုပ်ငန်းများ များပြားလာခြင်းမှာ ယနေ့ အစိုးရလက်ထက်တွင် ဟိုတယ်ဆောက်လုပ်ခွင့်နှင့် ပတ်သက်၍ ဖြေလျော့မှုများပြုလုပ်ပေးခဲ့ခြင်းကြောင့် ဖြစ်သည်ဟု သိရသည်။

“ဟိုတယ်ရဲ့ဝန်ဆောင်မှုအသင့်အတင့်နဲ့ ဈေးနှုန်းအသင့်အတင့်ရှိမယ်ဆိုရင် ဝန်ကြီးဌာနတွေကလည်းဟိုတယ်တည်ဆောက်ခွင့်တွေ လုပ်ပေးနေတယ်” ဟု မန္တလေးတိုင်းဒေသကြီး ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြောင်းလဲလာသောခေတ်နှင့်အညီ ပွင့်လင်းလာသောစီးပွားရေး အခြေအနေများကြောင့် မြန်မာနိုင်ငံသို့ခရီးသွားဧည့်သည်များ လာရောက်မှုနှုန်းပိုမို မြင့်မားလာနိုင်သည့်အပြင် မန္တလေးမြို့သည် ရှေးဟောင်းအမွေအနှစ်ထွန်းကားရာဒေသ ဖြစ်သောကြောင့် ဟိုတယ်များ ထပ်မံတည်ဆောက်ထားရန်လိုအပ်ကြောင်းကို ဟိုတယ်နှင့် ခရီးသွားလေ့လာရေးလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက “ပြီးခဲ့တဲ့နှစ်ကတော့ လုံလောက်ပါတယ်။ ဒီနှစ်ကခရီးသွားဧည့်သည်တွေလည်း တိုးမြှင့်လာတယ်။ ဒါကြောင့်ဟိုတယ်လုပ်ငန်းကိုနှစ်စဉ်တိုးချဲ့သွားဖို့ လိုအပ်ပါတယ်” ဟု သုံးသပ်ပြောသည်။ **ယဉ်ပပထွန်း**



မန္တလေးသင်္ကြန်၌ ရေပက်ခံကစားနေသောနိုင်ငံခြားသား ဧည့်သည်များ

## ဝက်သားကိုအဓိကထားချက်တဲ့ စစ်ကိုင်းပြုန်းစပ်ပွဲ



မြန်မာနိုင်ငံတွင်ထူးထူးခြားခြား တစ်နေရာတည်းသာ ပြုလုပ်ကျင်းပသည့် “ပြုန်းစပ်”ရိုးရာနတ်ပူဇော်ပသပွဲကို စစ်ကိုင်းမြို့နယ်၊ မအူပင်ကျေးရွာအုပ်စု၊သာဒွန်းကျေးရွာတွင် ဇွန်လ ၂၈-ရက်နေ့က စည်ကားစွာ ကျင်းပပြုလုပ်သည်။ထိုရိုးရာနတ်ပူဇော်ပသပွဲသည်ရွာတော်ရှင် မြင်းဖြူရှင်နတ်ကို ဒေသအခေါ်“ပြုန်းစပ်”ဆိုသည့် သားပွဲန်းဆန်ပြုပ်၊မုန့်လုံး၊ထိုးမုန့်၊ထမင်းဖြူ၊ကောက်ညှင်း၊ရွှေထမင်း၊အုန်းသီး၊ ငှက်ပျောသီးတို့နှင့် ရွာသူရွာသားများ၊ အဝေးရောက် ရွာသူ ရွာသားများက စုပေါင်းချက်ပြုတ်၊တင်သပူဇော်ကြခြင်းဖြစ်သည်။နှစ်စဉ်နတ်တော်လပြည့်ကျော်(၅)ရက်နေ့တိုင်း ကျင်းပပြုလုပ်ကြပြီး ထိုရက်သည်ဗုဒ္ဓဟူးနေ့နှင့်တိုက်ဆိုင်ပါက လပြည့်ကျော်(၇)ရက်နေ့တွင် ရွှေ့ပြောင်းကျင်းပကြရလေ့ရှိသည်။ နတ်ပွဲကို ပျော်ပျော်ရွှင်ရွှင် ကျင်းပကြရသည်။ ခိုက်ရန်ဖြစ် ပွားမှုများရှိပါကမိုးရာတင်သပွဲအထမမြောက်သဖြင့်ပြန်လည် ကျင်းပပေးရလေ့ရှိသည်ဟုဆိုပါသည်။

နတ်ပွဲကျင်းပရန်ပြင်ဆင်ကြပုံမှာ လဆန်း-၁၀ရက်နေ့ဝန်းကျင်ကစတင်၍ ကျေးရွာအတွင်းသို့လှည့်လည်ကာ နတ်ဆက်ကန်တော့ပွဲကြေးအဖြစ် တစ်အိမ်ထောင်လျှင်ဆီတစ်ဆယ်သား၊ ဆန်တစ်စလယ်၊ငရုပ်သီးခြောက်၊ ဆား၊ကြက်သွန်နီတို့ကိုဦးဆောင်သူတို့က လိုက်လံကောက်ခံစုဆောင်းကြရသည်။ဆန်၊ဆီထည့်ဝင်ရန် အခက်အခဲရှိပါက ကန့်တော့ပွဲ တစ်ပွဲအတွက် ရွာနေအိမ်ထောင်စုများအား ငွေကျပ် တစ်ထောင်၊အဝေးနေရွာသူရွာသား၊ဆွေမျိုးအဆက်အနွယ်များကို ငွေကျပ်တစ်ထောင့်ငါးရာကောက်ခံ၊ထည့်ဝင်စေသည်။ပူဇော်ပသပွဲကျင်းပသည့်ရက်တွင် အဓိက တင်သရမည့် ပြုန်းစပ်၊ ငရုပ်သီးကြော်၊ဖရုံသီးဟင်း၊ထမင်းဖြူ၊ကောက်ညှင်းတို့ကို ရပ်ရွာလူကြီးလူငယ်များကဝိုင်းဝန်းချက်ပြုပ်ကြရသည်။ထူးခြားသည့်ပြုန်းစပ်ဟင်းမှာ ဆန်ကိုဆန်ပြုပ်ကဲ့သို့ ကြေညက်အောင်ကြိုချက်ကြရသည်။ဆန်ကြေညက်သည်နှင့် ဝက်သားစင်းကောအတုံးငယ်များ၊ဖရုံသီး၊ငရုပ်သီးကြော်တို့ကို ထည့်ကာ သမအောင်ရောမွှေကြိုချက်ကြရသည်။ ဆန်ပြုပ်နှင့်အလားသဏ္ဍာန် တူသော်လည်း ဝက်သားပွဲန်း၊ အစပ်အချိုမျိုး အရသာဖြစ်သည်။ ငရုပ်သီးကြော်ကိုလည်း ငါးရံ့ခြောက်နှင့် လုံးကွဲကြော်ကြရသည်။ဖရုံသီးဟင်းချက်ကြရသည်။မုန့်လုံး၊ထိုးမုန့်၊ရွှေထမင်း၊ကောက်ညှင်းပေါင်း၊ထမင်းဖြူ၊အုန်းသီး၊ငှက်ပျောသီးတို့ကို ပြင်ဆင်ထားရသည်။ အထူးသဖြင့်ရိုးရာနတ်တင်ကြရာတွင် ဝက်သားကို အထူးရှောင်ကျဉ်ကြသော်လည်း ပြုန်းစပ်ပွဲမှာဝက်သား ကိုအဓိကထားကာချက်ပြုတ်ပြင်ဆင်ကြရသည်။ပြုန်းစပ်ပွဲတင်သရာတွင် ကြက်ကြော်၊ငါးကြော်၊အရက်၊ဆေးလိပ်စသည်တို့ မပါဝင်ချေ။ပွဲတော်တွင် အရက်သေစာ သောက်စားမူးယစ်ခြင်း မပြုလုပ်ကြရချေ။

နတ်ပူဇော်တင်သပွဲမှာ နေ့လည် ၂နာရီဝန်းကျင်တွင်စတင်သည်။ရွာသူရွာသားများသည်ခံပတ်တောင်း၊လင်ပန်း၊စကောများအတွင်း ပန်းကန်၊အိုးခွက်၊ဇလုံအလွတ်များကိုထည့်၍ခေါင်းမှာကိုယ်စီရွက်ကာ အုတ်အုတ်ကျွတ်ကျွတ် လာရောက်ကြသည်။ ရွာဦးရှိ ရွာတော်ရှင် မြင်းဖြူရှင်နတ်စင်ကွင်းမြေပြင်တွင် စနစ်တကျစီတန်း ခင်းကျင်းထားကြရသည်။ ထိုအခါလူငယ်များက ပန်းကန်၊အိုးခွက် ဇလုံများထဲသို့ အဓိကတင်သရသည့် ပြုန်းစပ်တစ်ပိသာခန့်စီ၊ မုန့်လုံး၊ထိုးမုန့်၊ထမင်းဖြူ၊ရွှေထမင်း၊ကောက်ညှင်း၊ဖရုံသီးဟင်း၊ ငရုပ်သီးလုံးကွဲကြော်၊ ငှက်ပျောသီး၊ အုန်းသီးစိပ်တို့ကို အညီအမျှစီ ထည့်ပေးကြရသည်။ ပြုန်းစပ်ပွဲပြင်ဆင်ပြီးသည်နှင့် ရွာတော်ရှင် မြင်းဖြူရှင်နတ်အား ကောက်ပဲသီးနှံ ဆန်ရေစပါးပေါများ ဖြစ်ထွန်းစေကြောင်း၊စီးပွားဥစ္စာချမ်းသာကြွယ်ဝပါစေကြောင်း၊ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းပါစေကြောင်းစသည်ဖြင့် ကူညီမှိုင်းမတော်မူပါရန် မိမိတို့လိုလားရာဆုတောင်းကြကာ ပြုန်းစပ်ပွဲများနှင့် တင်သပူဇော်ကြသည်။ပူဇော်ပြီးစီးသောအခါ ရိုးရာနတ်တင်သသည့် ပြုန်းစပ်ပွဲများကို ကိုယ်စီရွက်ကာ တပျော်တစ်ပါးအိမ်သို့ပြန်ကြသည်။ အိမ်သို့ရောက်ရှိသောအခါ အိမ်သူအိမ်သားများအားလုံး ပြုန်းစပ်ကို တပျော်တပါး ဝိုင်းဖွဲ့စားသောက်ကြသည်။

နတ်တင်သရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်သူများကလည်း နတ်တင်သပြီးစီးသည်နှင့် တပျော်တပါး ပြုန်းစပ်များကိုဝိုင်းဖွဲ့ စားသောက်ကြသည်။

သာဒွန်းရွာသူ ရွာသားများအနေဖြင့် တစ်နှစ်တစ်ခါ ပြုန်းစပ်ပွဲကျင်းပ၍ ပြုန်းစပ်သောက်သုံးပါက အန္တရာယ်ကင်းရှင်းစေနိုင်သည်ဟုယုံကြည်ကြကြောင်းပြောပြသည်။ **နန္ဒာမင်းလွင်**

| | | | | | | | |
|---|---|---|---|---|---|---|---|
| **စာမျက်နှာ (၉)မှ** | | | | ဈေးရပ်ကွက် | ၁၂၅ ခု | ၃၇ ခု | ၃၀ ခု |
| အနန်းပင်ရပ်ကွက် | ၁၂၅ ခု | ၆၅ ခု | ၅၈ ခု | ပစ်ပြ | ၁၂၅ ခု | ၆၁ ခု | ၂၀ ခု |
| ချစ်တီးကုန်းရပ်ကွက် | ၁၂၅ ခု | ၈၀ ခု | ၅၈ ခု | ဒုစ်ပြ | ၁၂၅ ခု | ၆၅ ခု | ၂၀ ခု |
| ၂/က ရပ်ကွက် | ၁၂၅ ခု | ၆၁ ခု | ၅၉ ခု | ပဲခူးလမ်း | ၁၂၅ ခု | ၇၂ ခု | ၃၃ ခု |
| ၂/ခ | ၁၂၅ ခု | ၄၂ ခု | ၃၀ ခု | ရွာမ | ၁၂၅ ခု | ၇၁ ခု | ၆၀ ခု |
| ၃/က | ၁၂၅ ခု | ၅၀ ခု | ၃၀ ခု | ဧကရာဇ် | ၁၂၅ ခု | ၉၃ ခု | ၅၀ ခု |
| ၃/ခ | ၁၂၅ ခု | ၁၀၁ ခု | ၅၉ ခု | ရဲစုတောင် | ၁၂၅ ခု | ၁၁၂ ခု | ၅၀ ခု |
| စမ်းကြီး၀ | ၁၂၅ ခု | ၂၁၉ ခု | ၅၈ ခု | ဘောလုံးကွင်း | ၁၂၅ ခု | ၆၇ ခု | ၂၈ ခု |
| တပ်စံပြ | ၁၂၅ ခု | ၂၀ ခု | ၃၀ ခု | တီလောက | ၁၂၅ ခု | ၉၁ ခု | ၆၀ ခု |
| မဂ်လာဒုံဈေး | ၁၂၅ ခု | ၅၆ ခု | ၅၈ ခု | မြောက်ပိုင်း | ၁၂၅ ခု | ၂၄၂ ခု | ၂၀၀ ခု |
| ပေါက်ကုန်း | ၁၂၅ ခု | ၃၇၆ ခု | ၈၈ ခု | နွယ်ခွေ | ၁၂၅ ခု | ၁၁၈ ခု | ၈၈ ခု |
| မလရ | ၁၂၅ ခု | ၂၁၆ ခု | ၈၈ ခု | ကုန်းတလပေါင် | ၁၂၅ ခု | ၁၅၇ ခု | ၈၈ ခု |
| ပြည်တော်သာ | ၁၂၅ ခု | ၁၀၀ ခု | ၅၈ ခု | ရွှေနှံ့သာ | ၁၂၅ ခု | ၃၀၀ ခု | ၈၈ ခု |
| တောတိုက် | ၁၂၅ ခု | ၁၀၀ ခု | ၅၈ ခု | ပျဉ်းမပင် | ၁၂၅ ခု | ၈၃ ခု | ၈၈ ခု |
| တောင်ပိုင်း | ၁၂၅ ခု | ၁၀၉ ခု | ၄၄ ခု | သယ်န်းကျွန်းကြီး | ၁၂၅ ခု | ၃၀၀ ခု | ၈၈ ခု |
| တိုးချဲ့ | ၁၂၅ ခု | ၂၆၉ ခု | ၁၀၈ ခု | | | | |
| လမ်းဆုံ | ၁၂၅ ခု | ၆၃ ခု | ၂၅ ခု | | | | |

**အောင်ဇင်**

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul, 2013



ကျွန်မတို့မြန်မာနိုင်ငံမှာ ရာသီဥတု သုံးမျိုးရှိပါတယ်။ နွေရယ်၊မိုးရယ်၊ဆောင်း ရယ်ပါ။ ၂၀၁၃ခုနှစ် နွေရာသီကတော့ ကြောက်ခမန်းလိလိ ပူလွန်းလှပါတယ်။ နေရောင်ခြည်ထဲမှာ ခရမ်းလွန်ရောင် ခြည်တွေတောင်ပါတယ်လို့ ဆိုပါတယ်။ ဆောင်းကတော့ မည်ကာမတ္တဆောင်း လို့ ပြောရမယ်ထင်ပါတယ်။ ကျွန်မတို့ ရန်ကုန်မှာတော့ အနွေးထည်တောင် ကောင်းကောင်းမဝတ်လိုက်ရပါဘူး။ အဲဒီ တုန်းကလည်း မြူတွေနှင်းတွေကို မျှော် လိုက်ရတာ၊ အအေးဓာတ်ကလေးကို ထွေးပွေ့ချင်လို့ပါ။ ဒီနှစ်ဆောင်းကတော့ ချစ်စရာလည်းမကောင်းဘူး၊ ကဗျာလည်း မဆန်တဲ့ဆောင်းပါ။

ကမ္ဘာကြီးဟာ ရာသီဥတုတွေ ဖောက်ပြန်ပြီး ဂေဟစနစ်တွေလည်း မူမမှန်တော့ပါဘူး။ ဒါကြောင့် ကမ္ဘာကြီး ပြန်တာဖြစ်ပါတယ်။

လူနဲ့သက်ရှိသတ္တဝါတို့ အသက်ရှင် နေထိုင်နိုင်ဖို့ဆိုတာ ရေနဲ့လေဟာ အရေး ကြီးဆုံးသော သဘာဝသယံဇာတပစ္စည်း များ ဖြစ်ကြပါတယ်။ လူတွေကျန်းမာ အသက်ရှည်ဖို့ကတော့ ရေကောင်း ရေသန့်နဲ့ လေကောင်းလေသန့်လိုအပ်ပါ တယ်။ ကျွန်မတို့နိုင်ငံ ပြည်သူလူထုအ တွက် ရေကောင်းရေသန့်ရရှိဖို့ဆိုတာ မြန်မာပြည်မြောက်ပိုင်းရေခဲတောင်တွေ က စီးဆင်းပြီး မြစ်တွေ၊ ချောင်းတွေထဲ ရောက်လာတာ။ ရေကန်တွေ၊ ရေတွင်း တွေက ရနိုင်တာနဲ့ မိုးရာသီမှာ မိုးဖြိုင်ဖြိုင် ရွာခြင်းကနေ ရရှိနိုင်တာတို့ ဖြစ်ပါတယ်။ မြစ်တွေ၊ ချောင်းတွေ၊ ရေကန်၊ ရေတွင်း တွေ ရေပြည့်လျှံဖို့အတွက်ကလည်း မိုး ရာသီမှာ မိုးများများ ရွာဖို့လိုပါတယ်။

ဒါကြောင့် ဒေဝရိန်ပဇ္ဇုန်မိုးရယ် ဖြင့် လူသားတွေကို လွှမ်းခြုံထားပေးပါ။ မေတ္တာဓာတ်ဖြစ်တဲ့မိုးရယ် ပြည်သူတွေ ရွှင်လန်းဝမ်းမြောက် စေဖို့ ကျွန်မတို့ တစ်ကမ္ဘာလုံးကို ရွာသွန်း ဖြိုးပေးပါ။

ကျွန်မဂျပန်စာအုပ်ကလေးတစ်အုပ် ကို ဖတ်ဖူးတယ်။ ဂျပန်တွေဟာ နှင်းတွေ ကျတဲ့ရာသီဆိုရင် နှင်းကျတာကို ထိုင် ကြည့်ကြတယ်တဲ့။ ပြီးတော့ သူတို့နှင်း အကြောင်း ကဗျာတွေ၊ စာတွေ၊ သီချင်း တွေ ရေးကြစပ်ကြတယ်တဲ့။ ဘယ်လူမျိုး ပဲဖြစ်ဖြစ် အေးမြခြင်းကို နှစ်သက်ကြ တယ်။ ဂျပန်လူမျိုးတွေဟာ တစ်ယောက် နဲ့တစ်ယောက်စကားမပြောကြဘဲ နှင်းပွင့် ကလေးတွေ တဖွဲဖွဲကျတာကို စိတ်ကူးထဲ မှာလည်း ရေးဖွဲ့သီကုံးကြတယ်လို့ ဆိုပါ တယ်။ နှင်းတောထဲမှာ လျှောက်သွားရ တာကိုလည်း သူတို့ခံစားပျော်ကြတယ် တဲ့။

# အစိမ်းရောင်ကမ္ဘာကြီးဖြစ်ဖို့ မိုးရွာပါ



ပူနွေးလာတာပါ။ ကမ္ဘာကြီးပူနွေးလာတဲ့ အတွက် ရာသီဥတုတွေလည်း Extreme အလွန်အကဲတွေ အစွန်းရောက်တွေ ဖြစ် လာပါတယ်။ နွေမှာအလွန်အကျူးပူလွန်း လာပြီး၊ ဆောင်းမှာအေးသင့်သလောက် မအေးဘဲ၊ မိုးရာသီမှာတော့ မိုးရွာရက် တွေနည်းလာတယ်လို့ ဆရာကြီး ဦးထွန်း လွင်က ပြောပါတယ်။ ဒီနှစ်မှာလည်း နေ ရောင်ထဲမှာ ခရမ်းလွန်ရောင်ခြည်ပါလို့ အပြင်ထွက်ရင် ဆောင်းစရာတစ်ခုခုနဲ့ ထွက်ဖို့ ပညာရှင်တွေက သတိပေးထား ပါတယ်။ ဒါတွေဟာ တကယ်တော့ မှန်လုံအိမ်အကျိုးသက်ရောက်မှုတွေ ဖြစ် ပါတယ်။ ကမ္ဘာ့လေထုထဲမှာ ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်တွေများပြီး ဒီကာဗွန် ဒိုင်အောက်ဆိုဒ်ဓာတ်တွေကို စုပ်ယူမယ့် သစ်တောတွေကလည်း အတော်များများ ပြုန်းတီးကုန်လို့ ဖြစ်ပါတယ်။ ကာဗွန်ဒိုင် အောက်ဆိုဒ် ထုတ်လွှတ်တာများတာ ရယ်၊ သစ်တောတွေ မရှိတော့တာရယ်က ကမ္ဘာကြီးကို ပူနွေးစေပါတယ်။ ဒါကြောင့် ကမ္ဘာ့ရာသီဥတုတွေ ပြောင်းလဲဖောက်

### မအေးဆေး

ကျွန်မတို့နိုင်ငံမှာ အားမာန်အပြည့်နဲ့ ဟို အမြင့်မိုးကောင်းကင်က သန့်ရှင်းအေးမြ ခြင်းနဲ့အတူ ရွာသွန်းဖြိုးလှည့်ပါ။ မိုးရွာ တော့ ကျွန်မတို့တွေ ပျော်ကြပါတယ်။ တစ်နိုင်ငံလုံးကပဲ မိုးကို တမ်းတနေတာ မဟုတ်လား။ မိုးရွာတာကို ပျော်လွန်းလို့ အိမ်ရှေ့မှာထိုင်ရင်း တစိမ့်စိမ့်ကြည့်နေမိ ပါတယ်။ မိုးပေါက်တွေ မြေပြင်ပေါ် ကျလာတာဟာ အားရစရာကြီး။ မြစ် တွေ၊ ချောင်းတွေ၊ ကန်တွေပြည့်လျှံ အောင်ရွာချလိုက်ပါလို့ တိုးတိုးကလေး ဆုတောင်းနေမိတယ်။ မိုးစက် မိုးပေါက် တွေက ကျွန်မကိုစင်တဲ့အခါ တစ်ခဏ ချင်းလန်းဆန်းသွားပါတယ်။ မိုးပေါက် တွေနဲ့ ထိတွေ့ရတာ ချစ်သူနဲ့ထိတွေ့ ရသလိုပါပဲ။ ရေဆိုတာ အအေးဓာတ် မဟုတ်လား။ ဒါကြောင့် ရေကို မေတ္တာနဲ့ နှိုင်းကြပါတယ်။ မေတ္တာဟာ အစိုဓာတ်၊ အအေးဓာတ်၊ အစေးဓာတ် ဖြစ်ပါတယ်။ အဲဒီအစိုဓာတ်၊အစေးဓာတ်၊အအေးဓာတ်

မိုးရွာလိုက်တာနဲ့တစ်ပြိုင်တည်းမြေ ပေါ်မှာမြက်နုကလေးတွေပေါက်လာပြီ။ မြေမှာကပ်ပေါက်တဲ့အပင်ငယ်ကလေး တွေလည်း နိုးထလာကြပြီ။ ပိန်းရွက် ရောင်စုံလှလှကလေးတွေလည်းနွေတုန်း ကမြေအောင်းနေကြတာ၊ မိုးသံလေသံ ကြားတော့ မြေပေါ်ကို ထွက်လာကြ တယ်။

ကျွန်မတို့ဆီမှာက နှင်းမကျတော့ မိုးရွာတာကိုပဲ ထိုင်ကြည့်ရတယ်။ မိုးရွာ တာဟာ ကြည့်လို့တော်တော်ကောင်းပါ တယ်။မိုးဖွဲလေးတွေကျလာတာ၊တဖြည်း ဖြည်းမိုးသည်းလာတာ၊ ပြီးတော့ သဲသဲ မဲမဲ ရွာချတာ ကြည့်လို့ကောင်းလိုက် တာ။ မိုးရွာခြင်းဟာ ပျော်ရွှင်မှုကိုလည်း ပေးတယ်။ ကျွန်မခြံထဲက သစ်ပင်တွေ ဟာ အရွက်တွေပိုစိမ်းပြီးတောက်ပ လာတယ်။ သူတို့က ကမ္ဘာမြေကြီးကို အစိမ်းရောင် ဆိုးပေးကြတော့မယ်။ အစိမ်းရောင်ကမ္ဘာ ကြီးဖြစ်လိုက်ပါ။ ။

# မိုး ရွာမယ်ဆိုရင် သည်းလိုက်စမ်းပါ့ကွယ်

### ဒေါက်တာစိန်စိန်သိန်း

မီမီဝင်းဖေ၏သီချင်းကို ခပ်တိုးတိုး တီးတိုးဆိုနေမိပါတော့သည်။ ဟိမဝန္တာ တောင်တန်း၏အရှေ့ပိုင်းတွင် ဘူတန်နိုင်ငံ ရှိ၏။ ထိုပြင်အနောက်နှင့် တောင်ဘက် က အိန္ဒိယနှင့် မြောက်ဘက်မှ တရုတ်နိုင်ငံ နှင့် အိမ်နီးချင်းဖြစ်ခဲ့သည့်နိုင်ငံဖြစ်ပါ သည်။ ဘုရင့်နိုင်ငံတော်ဖြစ်ခဲ့သည်။ မြောက်ဘက်မှ အလွန်မြင့်သော တောင်တန်းများက မိုးကိုကာထား၏။ အလယ်ပိုင်းချိုင့်ဝှမ်းကမူမြေသြဇာကောင်း သည်။ တောင်ပိုင်းရှိလွင်ပြင်အနီးမှာ သစ်တောအုပ်နှင့် သာယာလှပသော ရပ်ဝန်းကထင်ရှားစွာမြင်ရပါသည်။ လွန်ခဲ့သောနှစ် ၂၀ ကထက် မိုးရေချိန် လက်မအတော့်ကို လျော့နည်းလာသည် ဟုဆိုသည်။ Punakha ခရိုင်ရှိလူဦးရေ ၉၀ ရာခိုင်နှုန်းမှာ မိုးခေါင်ခြင်းဒုက္ခကို လှလှကြီးခံစားနေရှာ၏။ လယ်သမားတို့ စပါးစိုက်ချိန်ပင်ပြောင်းလဲရန် ကြိုးစားလာ ကြသည်။

တစ်ချိန်က ပူနာခခရိုင်သည်ဘူတန် နိုင်ငံ၏စပါးကျီဖြစ်ခဲ့ရဖူးပါ၏။ လှေကား ထစ်စိုက်ပျိုးရေးကိုအသားပေးဆောင်ရွက် ခဲ့ကြသည်။ တစ်ခရိုင်လုံးလူဦးရေ၏ ၉၉ ရာခိုင်နှုန်းသည် လယ်သမားများဖြစ်ကြ ၏။ တောင်ကျရေကို အပြုခြေ၍ လယ်ယာ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။ တစ်နှစ်မှာ ၄ လသာစပါးစိုက်နိုင်ခွင့်ရှိ၏။ စမ်းချောင်း ကရေက မိုးမရှိလျှင် ရေမရ သိုဖြစ်ပါ၍ လယ်သမားတို့ရွာများခဲ့ပြီးဖြစ်ပါ ၏။မိုးကိုမျှော်ရသည်ကဒုက္ခ။ရွာပြန်တော့ လည်း မစို့မပို့ရယ်။ ခက်တော့နေပါပြီ။

လယ်သမားတို့ကတူးမြောင်းများနှင့် ရေသွယ်သည်။ အသင့်တင့်ပြည့်စုံသော လယ်သမားကရေ ရရှိရေးအတွက် ဂတ်တိုလင်း ရေစုပ်ပြွန်များမြစ်ချောင်းမှ ရေသွယ်သည်။ ရှည်လျားသော ပလက် စတစ်ပြွန်ရှည်များကို သုံးကြရသည်။ ရေရလောက်သောနေရာကိုရှာ၍ စိုက်ရ ပျိုးရ၏။ တစ်နှစ်မှာမြေနေရာ ၂ နေရာ ပြောင်းစိုက်ရသည်။ ပြောင်းစိုက်ရပေသိ၊ နေရာက မြေဆီလွှာရှိမရှိကိုကြည့်ရသေး သည်။ ထို့ကြောင့်ပင် ငွေကြေးကုန်ကျမှု များလာ၏။ မြေနေရာရှာရင်းမှ ပဋိပက္ခ တို့နှင့်ကြုံလာကြရသည်။ ရေသွယ်မြောင်း များ မြှုပ်နှံရန်ကလည်းငွေကြေးတတ်နိုင် သူများဖြစ်ဖို့လိုသည်။ မဟုတ်ပါလား။ စပါးထွက်နှုန်းကလည်း ၈ ဆမျှလျော့နည်း သွားခဲ့ရတော့သည်။ မိုးကို မျှော်ခဲ့ကြ သည်ဟုဆိုပါ၏။ တစ်ခါတစ်ရံမှာလည်း မိုးကျလာလျှင် တောင်ကျချောင်းရေက လျှံတော့သည်။ ဘယ်လိုမှမကောင်းနိုင် ပါလားဟု တွေးမိလာကြ၏။ မရွာတော့ လည်းမရွာလို့၊ ရွာပြန်တော်လဲရွာလို့ 'အက်ဂါလာ'ဆိုသူလူကြီးကဆိုခဲ့၏။ 'မိုး မကျခင်ကနေရာနှစ်နေရာပြောင်းခဲ့ရတယ်။ ဆောင်းမှာလဲစိုက်မရဘူး။ စားဖို့တောင် မရတော့တဲ့ စပါးကို စိုက်ဖို့တောင်အတော် တော်ခက်ခဲနေရပြီ'။

'ဘတ်လန်း'ဆိုသူလယ်သူမကြီးက လည်း 'ပဋိပက္ခတွေကတော့ တစ်နှစ်ထက် တစ်နှစ်ပိုပြီး ကြီးထွားနေတော့တာပါပဲ။ ရာသီဥတုကလည်း ပိုပြီးဆိုးဝါးလာတာ တစ်နှစ်ထက်တစ်နှစ်ပဲလေ။ တချို့ရွာတွေ ကတောင်ပေါ်ထိရေတက်ရာရတာ။ တွေ့ပြန်တော့လည်းသူရွာသားတောင် မလောက်ဘူး။ ကျွန်မတို့ရောက်သွားတော့ ရေတွေက ကုန်နှင့်ပြီ။ ရွာကလူကြီးတွေ ကဆိုရင် အနီးအနားရွာတွေကို ညဘက် သွားပြီး သူများရွာကချောင်းတွေ မြောင်း တွေကို ကိုယ့်ရွာဘက်ဖောက်ကြရတယ်။ ဒီလိုချည်းလုပ်နေရတာကောင်းတဲ့ကိစ္စ တော့မဟုတ်ဘူး။ မတတ်နိုင်ဘူးလေ'ဟု ဆိုပါ၏။

ဘူတန်ရွာသူကြီးများက ကုန်ကျငွေ ကို တွက်ချက်ကာတင်ပြခဲ့ကြသည်။ ၂ ဧကရှိသည့်လယ်သမားအတွက် ရေစုတ် ပန့်ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၀၀၀ ကုန်ကျခံရသည်။ ၂ ဧကစိုက်ပျိုးစရိတ် မှာ အမေရိကန်ဒေါ်လာ ၁၄၀ ကုန်ကျ ၏။ တစ်ရာသီခါသာဖြစ်သည်။ ရွာသား အချင်းချင်းနှင့် ရွာအချင်းချင်းမြေလုကြ သည်။ ရေလုကြသည်။ ရေရှားပါးသော ကြောင့် ရေသွယ်မြောင်းတို့ကလည်း ယခင်ကထားရှိသောနေရာမှာ ထား၍ သွယ်ရန် မဖြစ်နိုင်တော့။ယခင်ကထက် ၁၅ ဆမြင့်သောပြင်ဆင်ခငွေကြေးတက် လာတော့သည်။

စပါးကလည်းမြေအနိမ့်အမြင့်အလိုက် ထွက်နှုန်းကကွာခြားလာခဲ့၏။ ကမ်းရိုး တန်းမရှိရှာ၍ရေနံပင်သုံးစွဲရန်မရှိ၊ စပါး၊ မြောင်း၊ ဂျုံ ကို မှီခိုရရှာသည်။ လူအများ စုမှာ မိသားစုဖူလုံရေးအတွက်သာကြိုးစား ရှာဖွေရ၏။ ရာသီဥတုကတစ်နေ့တစ်ခြား ပို၍ ဆိုးဝါးလာခဲ့သည်က တစ်နှစ်ထက် တစ်နှစ်ပို၍ပင်ပန်းလာခဲ့ကြရသည်။

မုတ်သုန်ပုံစံပြောင်းလဲခြင်းသည် အသက်မွေးကြောင်းကို ပြောင်းပါမှ နိုမိ့ သာဆိုဒုက္ခနှင့် ကြုံရန်ဖြစ်ခဲ့ရပြီ။ အိန္ဒိယ နှင့် ဆက်စပ်သော်လည်း လုံလောက် သောနည်းပညာမရှိရှာ။ ရာသီဥတုပြောင်း လဲလာခြင်းက ဆင်းရဲသော နိုင်ငံများမှာ ပို၍ ခံကြရပါ၏။ ရာသီဥတုကြောင့် ဆင်းရဲတွင်းပို၍နက်လာခဲ့ရ၏။ ဟိမဝန္တာ တောင်တန်း၏အရှေ့မှာဘူတန်ရှိပါသည်။ မြန်မာသည်ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယ၏ အနောက်တွင်ရှိသည်။ ကျွန်မတို့ဆီမှာ လည်း နိုင်ငံ၏အရှေ့ အနောက်နှင့် မြောက်တွင်တောင်တန်းများက ဝန်းရံ ထားရာ တစ်နေ့သောအခါ ဘူတန်လို များဖြစ်ဦးမှာလား။ ကျွန်မတွေးကာပူလာ ရသည်။ မိုးရွာမယ်ဆိုရင်လေ သည်းလိုက် စမ်းပါကွယ်ဟုသာ။ သည်းပြန်ပါကလည်း ရေလျှံလေဦးမှာလား။

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul, 2013

# ငြိမ်းချမ်းရေးအတွက်လမ်းလျှောက်သူ(သို့မဟုတ်) ကျည်ဆန်ဘုရားနှင့်လက်ဝါးကပ်တိုင်ဖော်ဆောင်သူ ဦးဝင်းချိုနှင့်ခဏတာ

ဗုဒ္ဓရုပ်ပွားတော် တစ်ဆူနှင့် လက်ဝါးကပ်တိုင်တို့ကို မော်တော်ယာဉ်(၂)စီးဖြင့် သယ်ဆောင်လာသော ဦးဝင်းချိုနှင့် အဖွဲ့သည်ဇွန်လ(၁၈)ရက်နေ့ ည(၁၀)နာရီအချိန် ခန့်တွင် မိုးညှင်းမြို့သို့ရောက်ရှိခဲ့ကြပြီး နတ်ကြီးကုန်းရပ်ကွက်၊ဗုဒ္ဓပိယကျောင်းတိုက်၌ တစ်ညတာ ရပ်နားခဲ့သည်။စာရေးသူနှင့် မီဒီယာအဖွဲ့သည် ဇွန်လ(၁၉) ရက်နေ့ နံနက်(၇)နာရီအချိန်တွင် ငြိမ်းချမ်းရေးသမားကြီး ဦးဝင်းချိုနှင့်သွားရောက်တွေ့ဆုံ၍သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

"မင်္ဂလာပါ ဦးဝင်းချို"

"မင်္ဂလာပါ မိုးညှင်းမီဒီယာ"

"ဦးဝင်းချိုတို့ပင့်ဆောင်လာတဲ့ ဗုဒ္ဓရုပ်ပွားတော်နဲ့လက်ဝါးကပ်တိုင်အကြောင်း သိပါရစေ"

''အခုပင့်ဆောင်လာတဲ့ မနောဝိမုတ္တိရသ ငြိမ်းချမ်းရေးဆုတောင်းပြည့်ဗုဒ္ဓရုပ်ပွားတော်နဲ့လက်ဝါးကပ်တိုင်ကို ကျွန်တော်တို့ငြိမ်းချမ်းရေး အဖွဲ့ခြေလျင်ခရီးနဲ့လိုင်ဇာကိုသွားရောက်စဉ်က ဝိုင်းမော်မြို့နဲ့လိုင်ဇာအကြားမှာ တိုက်ပွဲဖြစ်စဉ်က လမ်းမပေါ်မှာ ပြန့်ကျဲနေတဲ့ကျည်ဆန်အခွံတွေကို ကောက်ယူစုဆောင်းထားတဲ့ ကျည်ဆန်တွေနဲ့ပုံဖော်ထားတာပါ။

''ဗုဒ္ဓရုပ်ပွားတော်သွန်းလောင်းဖို့ အတွက်ကျည်ဆန်အခွံ (၁၃)ပိဿာကို ကျိုချက်သန့်စင်လိုက်တဲ့အခါ သန့်စင်တဲ့ကြေး (၁၁)ပိဿာရရှိပါတယ်။ အဲဒီကြေး တွေနဲ့မန္တလေးမြို့က ကြေးသွန်း ပညာရှင်ဦးဖဲနီဗွာန်ကုန်ဆိုင်မှာအပ်နှံပြီးသွန်းလောင်းခဲ့ပါတယ်။လက်ခ ၁၀၅၀၀၀ကျပ်




ကျပါတယ်။

လက်ဝါးကပ်တိုင်ကိုတော့ ကျည်ဆန်အခွံ(၁၁၁၆)တောင့်ပုံဖော်ထားပါတယ်။ကြေးသွန်းလောင်းထားတဲ့ဗုဒ္ဓရုပ်ပွားတော်ကို ဇွန်လ(၁၆)ရက်နေ့မှာ မန္တလေးမြို့ရေတော်တိုက်မှာ အနေကဇာတင်ပြီး မနောဝိမုတ္တိရသငြိမ်းချမ်းရေးဆုတောင်းပြည့်ဗုဒ္ဓဆင်းတုတော်အဖြစ် ဘွဲ့အမည်ပေးခဲ့ပါတယ်။အဲဒီဇွန်လ(၁၆)ရက်နေ့မှာပဲ မန္တလေးမြို့မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ထံမှာ ရင်ငွေ့လှုံခဲ့ပြီး ကချင်ပြည်နယ်ဇာတိမြေကိုစခဲ့ပါတယ်"

''လိုင်ဇာမြို့ရောက်ရင် ဆောင်ရွက်မယ့်လုပ်ငန်းစဉ်ကလေး ပြောပြပါဦး"

"လိုင်ဇာမြို့ကိုရောက်ရင် အခုပင့်ဆောင်လာတဲ့ ဗုဒ္ဓရုပ်ပွားတော်နဲ့လက်ဝါးကပ်တိုင်ကို သက်ဆိုင်သူတွေထံပေးအပ်မှာပါ။ လက်ရှိ အဆက်အသွယ်အရ လက်ဝါးကပ်တိုင်ကိုလက်ခံမယ့် ဘာသာရေးအဖွဲ့ရှိထားပေမဲ့ ဗုဒ္ဓရုပ်ပွားတော်ကို လက်ခံမယ့် ဘာသာရေးအသင်းအဖွဲ့မရှိသေးပါဘူး။အဲဒီမှာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းမရှိဘူးလို့သိရပါတယ်"

"တကယ်လို့ ဗုဒ္ဓရုပ်ပွားတော်ကိုလက်ခံထိန်းသိမ်းကိုးကွယ်မယ့်လူမရှိရင်ဘယ်လိုဆောင်ရွက်မှာပါလဲ"

"အဲဒီလို လက်ခံမယ့်လူမရှိရင် အခြေအနေအရပြန်လည်ပင့်ဆောင်လာမှာပါ။အဲဒီလိုပြန်လည်ပင့်ဆောင်လာတဲ့ ဝိမုတ္တိရသ ငြိမ်းချမ်းရေးဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်ကို ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံအပ်နှံမှာ ဖြစ်ပါတယ်"

"နောက်ဆုံးအနေနဲ့ဦးဝင်းချို ပြောချင်တာလေးများရှိရင်ပြောပေးပါ"

''ဟုတ်ကဲ့ခင်ဗျာ။ ကျွန်တော်တို့နိုင်ငံမှာစစ်ပွဲတွေရပ်ပြီး တစ်နိုင်ငံလုံးငြိမ်းချမ်းစေချင်ပါတယ်။စစ်ပွဲတွေမှာ ကုန်ကျနေတဲ့ ကုန်ကျစရိတ်တွေကို ကျွန်တော်တို့ နိုင်ငံအတွက် အမှန်တကယ်လိုအပ်နေတဲ့ ပညာရေး၊ကျန်းမာရေး ကဏ္ဍတွေမှာသုံးစွဲနိုင်ရင် အလွန်တရာအကျိုးရှိမှာပါ။ ကျွန်တော်အနေနဲ့မြန်မာပြည်ကြီးသာမက တစ်ကမ္ဘာလုံးငြိမ်းချမ်းစေချင်ပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျွန်တော်ကလည်းပြောချင်တာလေးတွေ ပြောပြခွင့်ရတဲ့အတွက် မိုးညှင်းမီဒီယာအဖွဲ့ကို ကျေးဇူးတင်ပါတယ်"

အဆိုပါဦးဝင်းချိုနှင့်ငြိမ်းချမ်းရေးလိုလားသူများ အဖွဲ့သည် ဗုဒ္ဓရုပ်ပွားတော်နှင့် လက်ဝါးကပ်တိုင်ကို မော်တော်ယာဉ်(၂)စီးဖြင့် ပင့်ဆောင်၍မိုးညှင်းမြို့အတွင်း လှည့်လည်အပူဇော်ခံကာ မြစ်ကြီးနားဘက်သို့ဆက်လက်ထွက်ခွာသွားခဲ့ကြကြောင်းသိရှိရပါသည်။

**သစ္စာ(မိုးညှင်း)**



# ရှစ်လေးလုံးငွေရတုအခမ်းအနားသို့ သံရုံး(၅)ခုမှ သံအမတ်ဟောင်းများကို ဖိတ်ကြားသွားမည်

ရှစ်လေးလုံးငွေရတုအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်နှင့် ငွေရတုအခမ်းအနား သတင်းထုတ်ပြန်ရေးအဖွဲ့ဝင် ဦးတိုးကျော်လှိုင်ကို သံအမတ်ဟောင်းငါးဦး ဖိတ်ကြားမည့် ကိစ္စတွေ့ဆုံမေးမြန်းခဲ့ရာတွင်

"ကျွန်တော်တို့အနေနဲ့ ဩဂုတ်လ ၆၊ ၇၊ ၈ ရက်မှာ ကျင်းပမယ့် ရှစ်လေးလုံးငွေရတု အခမ်းအနားမှာ မြန်မာနိုင်ငံမှာ ရှိတဲ့ သံရုံးအားလုံးကို ဖိတ်ကြားသွားမှာ ဖြစ်ပါတယ်။ အထူးဧည့်သည်တော်ဖိတ်ကြား သင့်သူများကို စဉ်းစားတဲ့အခါ ၈၈ ကာလတုန်းက အမေရိကန်၊ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ အင်္ဂလန်သံရုံးတွေမှာ တာဝန်ထမ်းဆောင်တဲ့ သံအမတ်ဟောင်းတွေကို ဖိတ်ကြားသွားမှာဖြစ်ပါတယ်။ ဒီ သံအမတ်ကြီးတွေထဲက သက်ရှိ ထင်ရှား ရှိသေးသလား၊ မရှိဘူးလားဆိုတာကို သက်ဆိုင်ရာသံရုံးတွေကိုဆက်သွယ်ပြီး စုံစမ်းသွားပါမယ်။ ဒီသံအမတ်ငါးဦးကို ဖိတ်ရသလဲဆိုတော့ ၈၈ အရေးတော်ပုံကြီး ဖြစ်လာတဲ့အခါ အဲဒီခေတ် အဲဒီကာလတုန်းက ဘာလွတ်လပ်ခွင့်မှ မရှိခဲ့ဘူး။ မိတ္တူလေး ကူးချင်ရင်တောင် ခက်ခဲတယ်။ ကူးစရာနေရာ မရှိဘူး၊ စာရွက်စာတမ်းဖြန့်ချင်ရင်တောင် ကိုယ့်နည်း ကိုယ့်ဟန်နဲ့ မှန်ပြားပေါ်မှာ မီးချောင်းနဲ့ လိုမ့်ခဲ့ရတယ်။ သတင်းအချက်အလက်တွေကလည်း ကျပ်တည်းပိတ်ဆို့ထားတယ်။ စိတ်ဓာတ်နဲ့ အရေးတော်ပုံကြီးကို စတင်ခဲ့တာဖြစ်တယ်။ မြန်မာပြည်ရဲ့ သတင်းအချက်အလက်တွေကို ကမ္ဘာက သိအောင်၊ အထူးသဖြင့် ဒီသံရုံးငါးခုက ဒီမိုကရေစီအရေးတော်ပုံကြီးကနေ မြန်မာပြည်ဒီမိုကရေစီ ဖြစ်ထွန်းလာဖို့ သံတမန်ကျင့်ဝတ်တွေလည်း မထိခိုက်အောင် သူတို့တတ်နိုင်တဲ့ဘက်ကနေ ကူညီပေးခဲ့တယ်။ အမေရိကန်သံရုံးရှေ့မှာ ဖြစ်ခဲ့တာတွေကို အားလုံးသိကြပါတယ်။ သွေးထွက်သံယိုမှုတွေကို ကမ္ဘာကသိအောင်လုပ်ပေးခဲ့တယ်။ မြန်မာ့အရေးကို မြန်မာပြည်တွင်းမက ကမ္ဘာကသိအောင် လူပုဂ္ဂိုလ်ရေးအရရော စိတ်ဓာတ်ရေးရာအရရော သူတို့ ရဲ့ ကူညီပံ့ပိုးပေးမှုကြောင့် ၈၈ အရေးတော်ပုံကြီးဟာ သမိုင်းမှတ်တမ်းတိုင်တစ်ခုဖြစ်ခဲ့တယ်။ ဒီကျေးဇူးတွေကို တုံ့ပြန်တဲ့အနေနဲ့ ငွေရတုအခမ်းအနားကို ဖိတ်ကြားရခြင်း ဖြစ်ပါတယ်။ သူတို့ရဲ့ စိတ်ဓာတ်ရေးရာအရရော၊ နိုင်တဲ့ ဝန်ကို ကူညီပံ့ပိုးပေးမှုတွေအတွက် ကျေးဇူးတင်စကားမည်ဆိုချင်တယ်။ အမှတ်တရ စကားလက်ဆောင်လည်း ပေးခြင်းကို ဖိတ်ကြားရတာ ဖြစ်ပါတယ်။

ဒီသံအမတ်ငါးဦးအဖြစ် ဖိတ်ကြားသင့်သူတွေကို စဉ်းစားတဲ့အခါ ကျွန်တော်တို့ ကော်မတီအနေနဲ့ ဆုံးဖြတ်ချက်တော့ မချရသေးဘူး။ မြန်မာဒီမိုကရေစီ အရေးမှာ ချန်ထားလို့မရတဲ့လူတွေရှိတယ်။ ဥပမာ ခရစ်စတိုဖာဂန်းနက်စ်လို သတင်းထောက်တွေနဲ့ မြန်မာနိုင်ငံရဲ့ စေ့စပ်မှုတွေမှာ အများကြီး ကူညီဆောင်ရွက်ပေးခဲ့တဲ့ စတီဗင်ဂျေဆိုးလာ့စ်လို ပုဂ္ဂိုလ်မျိုးကိုလည်း ဖိတ်ကြားသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသွားခဲ့သည်။

**မျိုးကျော်**




# အိုင်းစတိုင်း၏ အတွေးများ

ဒေါက်တာအဲလ်ဘတ်အိုင်းစတိုင်းဆိုသည်မှာ (၂၀)ရာစုအကြီးမြတ်ဆုံး သိပ္ပံပညာရှင်ကြီးတစ်ယောက်ဖြစ်ခဲ့ဖူးလေ၏။

၁၉၃၉ ခုနှစ် မေလ (၁၉) ရက်က ဆရာကြီးသည် အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်ပရင်စတန်၊ တက္ကသိုလ်၌ အောက်ပါစကားစုကို ဟောပြောခဲ့ရာ---

"နောင် တစ်ချိန်ချိန်မှာ စကြာဝဠာ တစ်ခုလုံးကိုးကွယ်ကြတဲ့ ဘာသာတရားတစ်ခုဖြစ်ပေါ်လာလိမ့်မယ်။ အဲဒီဘာသာတရားဟာထာဝရဘုရားအယူအဆကို လွှမ်းမိုးသွားလိမ့်မယ်။

တစ်ယူသန်တရားသေဝါဒကိုလည်း ရှောင်လွှဲနိုင်လိမ့်မည်။

သဘာဝတရားနဲ့ဘာသာတရားနှစ်ခုလုံးကို လွှမ်းခြုံမိတဲ့ အဲဒီဘာသာတရားဟာ ရုပ်နာမ်(၂)ပါးကို ကိုယ်တွေ့ခံစားသိမြင်မှုနှင့် အဓိပ္ပာယ်ပြည့်ဝတဲ့ ပေါင်းစည်းညီညွတ်မှုပေါ်မှာ အခြေခံလိမ့်မည်။

တကယ်လို့သာ ခေတ်သစ်သိပ္ပံနည်းကျလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ဘာသာတရားတစ်ခုရှိတယ်ဆိုလျှင် အဲဒီဘာသာတရားဟာ ဗုဒ္ဓဘာသာပဲဖြစ်လိမ့်မည်"ဟူ၍ဖြစ်လေတော့သတည်း။

**အောက်တိုဘာအောင်ကြီး**

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul, 2013



# ဇော်နားပြတ်တွေ ဖြစ်မသွားကြဖို့လိုသည်

စောကျော်အေး(ပန်းဘဲတန်း)

ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့်ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ၏ကိုယ်စားလှယ်များနှင့် ရပ်/ကျေးအဆင့်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများကရွေးချယ်တင်မြှောက်ထားသည့်အစိုးရ ကခန့်ထားတာဝန်ပေးထားသော ဌာနဆိုင်ရာဝန်ထမ်းအကြီးအကဲများကို သူတို့ဟူ၍ သတ်မှတ်ကြပါစို့။

သူတို့သည်ပြည်သူတို့၏ဆန္ဒနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးတွင် တာဝန်ရှိ၍ တာဝန်သိစွာလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သူတို့သည်တည်ကြည်ရ၏။ ရိုးသားဖြောင့်မတ်ရ၏။ လုပ်ရည်ကိုင်ရည်ရှိရ၏။ ရဲရင့်ပြတ်သားရ၏။ စိတ်ကောင်းနှလုံးကောင်းရှိရ၏။ အပြောနှင့် အလုပ်ညီရ၏။ ထို့ကြောင့်လည်း လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် ပြည်သူများက စိတ်ချယုံကြည်သည်။ ဤသို့ထမ်းဆောင်ရင်းထမ်းဆောင်ရင်းဖြင့် ဤနေရာတွင် ဇော်နားပြတ်ပုံပြင်ကလေးကို တင်ပြလိုသည်။ ရှေးအခါကတောအုပ်တစ်ခုတွင် ဇော်ဂျီတစ်ပါးရှိသည်။ ဇော်ဂျီသည်ဖိုလ်ဝင်ရန်အတွက် ဆေးဥဆေးမြစ်များကို ရှာဖွေလျက်ရှိသည်။ ဆေးစုံသောအခါ တောမှ ထွက်၍ ဖိုလ်ဝင်လျှင် ဆေးပေါက်ပေးမည့်ရိုးသား၍ ဖြောင့်မတ်သူတစ်ဦးကိုရှာလေသည်။ တစ်နေ့သ၌ ဇော်ဂျီသည်ဆေးပေါက်ပေးမည့်သူကို ရှာရင်းဖွေရင်းရွာတစ်ရွာသို့ရောက်ရှိသွားသည်။ထိုရွာတွင်စိတ်နှလုံးသားကောင်းမွန်သည့်ရိုးသားတည်ကြည်သော အဘွားအိုတစ်ယောက်ရှိလေသည်။ အဘွားအို၏အမည်မှာ ဒေါ်စိတ်ကောင်းဖြစ်သည်။သူ့ကိုအမေကောင်းဟုခေါ်ကြသည်။ အမေကောင်းသည်ရိုးရိုးသားသားဖြင့် ဈေးရောင်းစားသူဖြစ်သည်။ နာမည်ဖြင့် လိုက်အောင်လည်းစိတ်ထားကောင်းသူဖြစ်သည်။

ဇော်ဂျီသည်ရွာသို့ရောက်သောအခါ အမေကောင်းဖြင့် တွေ့လေသည်။ အမေကောင်း၏စိတ်ဓာတ်ကို အလွန် သဘောကျသွားသည်။ မိမိ ဖိုလ်ဝင်ရာတွင် အမေကောင်းကို ဆေးပေါက် ခိုင်းရလျှင်မုချ ဖိုလ်အောင်မည်ကို တွေးမိသည်။ ထို့ကြောင့် အမေ ကောင်းနားသို့သူချဉ်းကပ်သည်။ ရွှေမန်ကျည်းတောင့် သုံးတောင့်ကိုပေး ၍ **'အမေမရှုမ်းသာချင်ဘူးလား'** ဟူ၍လည်းမေးလိုက်သည်။ **'လူပဲကွယ် ချမ်းသာချင်တာပေါ့'** ဟု အမေကောင်းက ဖြေသည်။ **'ဒီလိုဆိုရင် ကျွန်တော့်ကို ကူညီပါအမေ။ ကျွန်တော်ကဇော်ဂျီဖြစ်ပါတယ်။ကျွန်တော် ဖိုလ်ဝင်တဲ့အခါ အမေကဆေးပေါက်ပေးပါ။ ဖိုလ်အောင်တဲ့အခါကျတော့အမေတစ်သက် စားမကုန်နိုင်အောင်ကျွန်တော် မခဲ့ပါ့မယ်'** ဟု ဇော်ဂျီကပြောသည်။ **'အေးကွယ်။ဒီလိုဆိုလည်းကူညီရတာပေါ့'** ဟု အမေကောင်းကတာဝန်ယူလိုက်သည်။

ထိုအခါဇော်ဂျီက မနက်ဖြန်နံနက်အရုဏ်တက်တွင် ရွာပြင်တောစပ်သို့ ထွက်ခဲ့ပါမည့်အကြောင်းနှင့် ဖိုလ်ဝင်ရန် ပြင်ဆင်၍မိမိစောင့်နေမည်အကြောင်း မှာကြားလျက်ပြန်သွားသည်။ နောက်တစ်နေ့ အရုဏ်တက်တွင် ဇော်ဂျီမှာသည့် အတိုင်း အမေကောင်းတစ်ယောက်တည်း တောစပ်သို့သွားသည်။တောစပ်တွင် အလွန်ကြီးမား၍ ပွက်ပွက်ဆူနေသောရေနွေးအိုးကြီးတစ်လုံး ကိုတည်၍ မီးထိုး နေသော ဇော်ဂျီကို တွေ့ရသည်။ဇော်ဂျီသည် အမေကောင်းရောက်လျှင် ဆေးသုံးလုံးကို ပေး၍ "ဟောဒီဆေးသုံးလုံးကို ယူထားပါ အမေ။ကျွန်တော်ရေနွေးအိုးထဲ ခုန်ထားလို့ မြုပ်သွားတာနဲ့ တစ်ပြိုင်နက်ပထမဆေးလုံးကိုပေါက်လိုက်ပါ။ ပွက်ပွက်ဆူနေတဲ့ ရေနွေးဟာ အေးသွားပါလိမ့်မယ်။ ရေတွေအေးသွားတာနဲ့ ဒုတိယဆေးလုံး ဆက်ပေါက်ပါ။ ဇမ္ဗူရာဇ်ရွှေစင်အတိ ဖြစ်သွားပါလိမ့်မယ်။ ဘယ်လိုအဖျက်အဆီးလာလာ။ မကြောက်နဲ့နော်။ တတိယဆေးကိုသာဆက်ပေါက်၊ဇမ္ဗူရာဇ်ရွှေစင်တွေပျောက်ပြီး ကျွန်တော်ဘွားခနဲခုန်ထွက်လာခဲ့မယ်"ဟုမှာကြား၍ ရေနွေးအိုးထဲသို့ ခုန်ဆင်းသွားသည်။



အမေကောင်းသည်ဇော်ဂျီမှာသည့်အတိုင်းပထမဆေးကိုပေါက်လိုက်သည်။ ပွက်ပွက်ဆူနေသော ရေနွေးများသည် ပကတိငြိမ်သက်အေးစက်သွားသည်။ ရေများအေးသွားသောအခါ အမေကောင်း ဒုတိယဆေးလုံးကိုပေါက်သည်။ ထိုအခါ အေးမြကြည်လင်သော ရေများသည် တဖြည်းဖြည်းရွှေရောင် တောက်ပလာလျက်နောက်ဆုံးအလွန်အဖိုးထိုက်တန်၍ ရှားပါးသောဇမ္ဗူရာဇ်ရွှေစင်များဖြစ်သွားသည်။ အမေကောင်းသည် ဇမ္ဗူရာဇ်ရွှေစင်များကိုမြင်သောအခါ တတိယဆေးလုံးကိုမပေါက်သေးဘဲ အိုးနားသို့ကပ်၍ သေသေ ချာချာကြည့်သည်။ **'အောင်မယ်လေးလေး။ ဇမ္ဗူရာဇ်ရွှေစင်ဆိုတာကလည်း ကောင်းလှပါလားတဲ့။ ငါ့တစ်သက်နောက်ထပ်ဒါမျိုး တွေ့ရမှာမဟုတ်တော့ဘူး။ ကြုံတုန်း ကြုံခိုက်နည်းနည်းလောက်တော့ယူထားလိုက်ဦးမှ။ နည်းနည်းလေးယူရုံနဲ့တော့ ဇော်ဂျီလည်း ဘာမှဖြစ်မှာမဟုတ်ပါဘူးလေ'**ဟု တွေး၍ နွားကျောင်းသားများပစ်ထားသော အုန်းမှုတ်ခွက်ကလေးတစ်လုံးကို ကောက်ခါ တစ်ခွက်ခပ်၍ ဘေးသို့ဖယ်ထားလိုက်ပြီး တတိယဆေးလုံးကိုဆက်ပေါက်လိုက်သည်။ တတိယဆေးလုံးပေါက်ပြီးသည်နှင့် ဇမ္ဗူရာဇ်ရွှေစင်များ ရုတ်တရက်ပျောက်ကွယ်သွားလျက် မီးခိုးများထလာကာဒယ်အိုးတွင်းမှ ဇော်ဂျီသည်ဘွားခနဲ ခုန်ထွက်လာတော့သည်။

အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် **'ဘုရားဘုရားငါတော့တစ်ခုခုဖြစ်** ဟု ဇော်ဂျီတွေးမိသည်။ ထို့နောက်သူ့နားအုံကိုသူစမ်းကြည့်ရင်း 'ဟိုက်' ခနဲအသံထွက်သွားသည်။ အမေကောင်းလက်ချက်ရွှေတစ်ခွက်သည် နားရွက်တစ်ဖက်မပါတော့ပါကလား။ အမေကောင်းသည်စိတ်ထားနှလုံးသားကောင်းသည်။ရိုးသားသည် တည်ကြည်သည်။ ရဲရင့်သည်။သို့သော် 'တွေ့တုန်းတွေ့ခိုက်' ဆို၍ ရွှေစင်တစ်ခွက် ခပ်ထားမိသည့်အတွက် ကိုရွှေဇော်ဂျီနားရွက်ပြတ်ကလေးဖြင့် ဖြစ်သွားရရှာသည်။ ဇော်ဂျီနားရွက်ပြတ်ကလေးသည်ဤနေရာ၌ ဆုံးလေပြီ။သို့သော်ပြတ်သွားသောအစကို ပြန်၍ဆက်ဖို့လိုသေးသည်။

သူတို့သည်သမ္မတကြီးဦးသိန်းစိန်ခေါင်းဆောင်သောအစိုးရနှင့် အတူကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရအဖြစ်ဖြင့်နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ယူနေကြသူများဖြစ်သည်။ တည်ကြည်ရမည်။ ရိုးသားရမည်။ ဖြောင့်မတ်ရမည်။ လုပ်ရည်ကိုင်ရည်ရှိရမည်။ ရဲဝံ့ပြတ်သားရမည်။ စိတ်ကောင်းနှလုံးကောင်းရှိရမည်။ ငါ့ဖို့နှင့် တစ်ကိုယ်ကောင်းစိတ်မရှိစေရ။ ထို့ကြောင့်သူတို့အား နိုင်ငံတည်ဆောက်ရေးအပိုင်း၌ စိတ်ချယုံကြည်စွာ တာဝန်များလွှဲအပ်ထားကြသည်။ သူတို့သည်ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရင်းထမ်းဆောင်ရင်းဖြင့် **ကြုံတုန်းကြုံခိုက် ရတုန်းရခိုက်'** ဟူသော စိတ်ဓာတ်ကလေးဝင်လာလျက် အမေကောင်းကဲ့သို့ရွှေစင်တစ်ခွက်ခပ်မိကြလျှင် ရွှေဇော်ဂျီနားရွက်ပြတ်သကဲ့သို့မိမိ၏ထမ်းဆောင်ရာတာဝန်ပိုင်း၌ တစ်စုံတစ်ရာ၊ တစ်ခုခုအဂ်ါချွတ်ယွင်းမှုများဖြစ်လာမည်မှာအမှန်။ထို့ကြောင့် ဇော်နားပြတ်တွေဖြစ်မသွားကြဖို့လိုသည်။

အချုပ်အားဖြင့် တင်ပြရလျှင် တိုင်းသစ်ပြည်သစ်နိုင်ငံတော်သစ်တည်ဆောက်ရာတွင် စွမ်းစွမ်းတမံပါဝင်လှုပ်ရှားနေကြသော သူတို့အားလုံးသည် ရဲရဲဝံ့ဝံ့ ရိုးရိုးသားသားကြိုးကြိုးစားစားရှိရုံမျှမက တာဝန်သိသိသစ္စာရှိရှိသဘောတရားမိမိပကတိသန့်ရှင်းစွာအလုပ်လုပ်ကြဖို့ အသိနှင့် သတိရှိစွာအလုပ်လုပ်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြရပါသတည်း။

# ဥဒလသာကျန်တော့သည်ဟု သမ္မတဆို

SYN

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီမံကိန်းကော်မရှင်အစည်းအဝေးကို ဇွန်လ (၂၆)ရက် (၉း၃၀)အချိန်တွင်နိုင်ငံတော်သမ္မတအိမ်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ဆက်လက်ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် စီမံကိန်းကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်သမ္မတ ဦးသိန်းစိန်နိဂုံးချုပ်အမှာ စကားပြောကြားရာတွင် မိမိတို့အစိုးရသည် စနစ်သစ်တစ်ခုကို ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပထမဆုံး အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရခဲ့သည့် အစိုးရ အဖွဲ့ဖြစ်ပါကြောင်း။

ပြစ်တင်ဝေဖန်မှုများ၊ဆန္ဒပြတောင်းဆိုမှုများကမူ ဒီမိုကရေစီနိုင်ငံများမှာ ဖြစ်လေ့ဖြစ်ထရှိသည့် ကိစ္စများဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ရင့်ကျက်နေသည့်နိုင်ငံများမှာပင်လျှင်တွေ့ကြုံရသည်ဖြစ်ပါကြောင်း။

အပြုသဘောဆောင်သည့် ပြည်သူများ၏ ဆန္ဒကိုမူမိမိတို့အလေးထားရမည်ဖြစ်ပါကြောင်း၊ အတတ်နိုင်ဆုံး ဆန္ဒများပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ သို့သော်လည်း ပြစ်တင်ဝေဖန်မှုများကြောင့် မိမိတို့ယနေ့ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတုံ့ဆိုင်းသွားသည်မျိုးမဖြစ်ရအောင် သတိပြုရမည်ဖြစ်ပါကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးသည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သည့်အတွက် ကိုယ့်ဒေသအတွင်း တည်ငြိမ်အေးချမ်းအောင်၊တရားဥပဒေစိုးမိုးမှုရှိအောင် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊လွတ်လပ်မှုနှင့် အတူ တာဝန်သိမှု၊တာဝန်ရှိမှု၊တရားဥပဒေလေးစား လိုက်နာမှုများ ကို ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့အောင်နေလည်းအုပ်ချုပ်ရေးအပိုင်းက ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။တရားဥပဒေစိုးမိုးရေး အတွက်ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့သည် အဓိကကျသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ကမ္ဘာ့အဆင့်မီရဲတပ်ဖွဲ့ဖြစ်အောင် အဘက်ဘက်က မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာရဲတပ်ဖွဲ့များ၏ တရားဥပဒေနှင့်ညီညွတ်သည့် လုပ်နည်းလုပ်ဟန်များကို နမူနာရယူကြရမည်ဖြစ်ပါကြောင်း။

တရားဥပဒေ စိုးမိုးမှုရှိလာသည်နှင့်အမျှဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊အချိန်ဥဒလသာ ကျန်ရှိပါကြောင်း၊ ယင်းဥဒလတာ ကာလအတွင်း

> **အချိန်ဥဒလသာ ကျန်ရှိပါကြောင်း၊ ယင်းဥဒလတာ ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး၊ အုပ်ချုပ်ရေး အခြေခံကောင်းများ ချခဲ့ရမည်ဖြစ်ပါကြောင်း**

နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး၊ အုပ်ချုပ်ရေး အခြေခံကောင်းများ ချခဲ့ရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်အတွက်၊ပြည်သူတွေအတွက် အကောင်းဆုံးဖြစ်အောင် မိမိတို့အစိုးရအဖွဲ့အနေဖြင့်ကြိုးစားပြီးလုပ်ဆောင်ပေးရမည်ဖြစ်ပါကြောင်း။မိမိတို့အစိုးရလက်ထက်နိုင်ငံရေးတည်ငြိမ်အောင်ကြိုးပမ်းဆောင်ရွက်မှုနှစ်ပေါင်းရှည်ကြာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းအောင် ကြိုးပမ်းဆောင်ရွက်မှု၊အစိုးရအဆက်ဆက်တင်ရှိခဲ့သည့် ကြွေးမြီများထဲမှ ဒေါ်လာ သန်းပေါင်း၆၀၀၀ ကျော်ပယ်ဖျက်ပေးအောင် ဆောင်ရွက်နိုင်ခဲ့မှုနှစ်ပေါင်း ၂၀ ခန့် တားဆီးပိတ်ဆို့ထားသည့် စီးပွားရေး ပိတ်ဆို့ထားမှုများကို ဖယ်ရှားနိုင်မှု၊ဖွံ့ဖြိုးရေးအတွက် အတိုးနှုန်းသက်သာသော ချေးငွေများ၊ထောက်ပံ့ငွေများ ရရှိအောင် ဆောင်ရွက်နိုင်မှုနှင့် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာက လက်ခံလာအောင်၊ နိုင်ငံတကာ၏ အားပေးကူညီထောက်ခံမှုများရအောင် ဆောင်ရွက်နိုင်ခြင်းတို့သည် သိသာမြင်သာသော အောင်မြင်မှုများ ဖြစ်သည်ဆိုသည်ကို ဘယ်သူမျှ ငြင်းမရနိုင်သော ပြယုဂ်များဖြစ်ပါကြောင်း၊ သက်သေအထောက်အထားများ ဖြစ်ပါကြောင်း။ထို့ကြောင့်မိမိတို့ တိုင်းပြည်အတွက်ကြိုးပမ်းဆောင်ရွက်ချက်များသည် အမှန်တကယ်တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိ စေသော လုပ်ငန်းများဖြစ်သည် ဆိုသည့် ယုံကြည်မှုအပြည့်နှင့် ရှေ့သို့ဆက်လက်ပြီး ရဲရဲတင်းတင်းဆောင်ရွက်သွားကြရန်တိုက်တွန်းပါကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းသိရှိရသည်။

■

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul, 2013

# ဟိုတုန်းက ဇူလိုင် ၇ ရက်

ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားတွေ ဆန္ဒပြကြဖို့စုရုံးနေကြတယ်ဆိုတဲ့ သတင်းအစရတာကြောင့် ရန်ကုန်တက္ကသိုလ်နယ်မြေကို အပြေးအလွှားရောက်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်တဲ့ တော်လှန်ရေးကောင်စီအစိုးရတက်လာပြီး လေးလနဲ့ ငါးရက်အကြာ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ၊ (၇) ရက်နေ့၊ ၁၁ နာရီကဖြစ်ပါတယ်။ တက္ကသိုလ်နယ်မြေကို ရောက်တော့တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီး အပေါ်ထပ်က အစည်းအဝေးခန်းမကြီး အတွင်းမှာကျောင်းသားတွေကစုရုံးရောက်ရှိ နေပြီဖြစ်ပါတယ်။ တက္ကသိုလ် သမဂ္ဂအဆောက်အအုံကြီးကတက္ကသိုလ်ရိပ်သာလမ်းမကြီးနှင့် အဓိပတိလမ်းမကြီး ထိပ်ညာဘက်ထောင့်မှာ ရှိခဲ့တာဖြစ်ပါတယ်။ အစည်းအဝေးက စတင်တော့မှာ ဖြစ်လို့ အခမ်းအနားမှူးကအစည်းအဝေးအစီအစဉ်များစတင်ကြေညာနေပြီဖြစ်ပါတယ်။

(ဗကသ)ဥက္ကဋ္ဌ ကိုဗဆွေလေးနဲ့ (တကသ) ကိုခင်မောင်အုန်းတို့မိန့်ခွန်းပြောနေချိန်မှာ ကျောင်းသားထုက အေးချမ်းငြိမ်သက်စွာ နားထောင်နေကြသော်လည်း (ရကသ) ဥက္ကဋ္ဌ ကိုသက်မိန့်ခွန်းပြောတဲ့အခါမှာတော့ 'ကျုပ်တို့ကျောင်းသားခေါင်းဆောင်တွေကို တော်လှန်ရေးကောင်စီဝင် အာဏာရှင်ကြီးတွေက ဖိတ်ကြားပြီး သူတို့နဲ့ လက်တွဲသွားပြီး အေးချမ်းစွာ ပညာသင်ကြားကြဖို့ဆွေးနွေးကြပါတယ်လို့ ပြောကြားပြီး ကျုပ်ကတော့ အာဏာရှင်တွေနဲ့ ဘယ်တော့မှ လက်မတွဲဘူး၊ ခင်ဗျားတို့ရော လက်တွဲကြမှာလားလို့ မေးလိုက်တဲ့ အမေးကြောင့် ငြိမ်သက်နေတဲ့ကျောင်းသားထုက 'ဘယ်တော့မှ အာဏာရှင်တွေနဲ့ လက်မတွဲဘူး'ဆိုတဲ့ ဆန့်ကျင်အော်ဟစ်သံတွေဟာ အစည်းအဝေး ကိုထိန်းရခက်လောက်အောင် ဆူညံနေပါတော့တယ်။ အဲဒီဆူညံစွာအော်ဟစ်နေတဲ့ အသံတွေကြားက 'အာဏာရှင်တွေနဲ့ ဘယ်တော့မှ လက်မတွဲဘူးဆိုတဲ့ ကျောင်းသားများ စီတန်းလမ်းလျှောက်ဆန္ဒပြပွဲ ပြုလုပ်ဖို့ အဆိုတင်သွင်းပါတယ်' ဆိုတဲ့ အဆိုပြုချက်အသံတစ်သံထွက်ပေါ်လာပါတယ်။ ထိုအဆိုကို ဝိုင်းထောက်ခံလိုက်ကြပြီး အခမ်းအနားမှူးက အစည်းအဝေးရုပ်သိမ်းကြောင်း ကြေညာလိုက်ပါတယ်။

အစည်းအဝေးကြီးရုပ်သိမ်းလိုက်ပြီးတော့ ကျောင်းသားများဟာ သမဂ္ဂအဆောက်အဦးကြီးရှေ့အဓိပတိလမ်းမကြီးပေါ်မှာ စုရုံးတန်းစီရပ်ကြပြီး ရှေ့ဆုံးက အလံနက်ကြီးကိုင်ဆောင်ကာတွဲနှင်းသဘင်ခန်းမကြီးရှေ့အထိစီတန်းလမ်းလျှောက်ဆန္ဒပြကြပါတယ်။ သမဂ္ဂအဆောက်အဦးကြီးရှေ့ပြန်ရောက်ကြတော့ တန်းစီဆန္ဒပြပွဲကို ရုတ်သိမ်းလိုက်ကြပြီး လူစုခွဲလိုက်ကြပါတယ်။ အဆောင်ပြန်သူတွေကပြန်သွားကြပြီး သမဂ္ဂအဆောင်အဦးကြီးအောက်ထပ်က ကန်တင်းစားသောက်ဆိုင်မှာ စားသောက်နေကြသူတွေကလည်း စားသောက်နေကြပါတယ်။

> ❝ အဲဒီညရဲ့ညဉ့်သန်းခေါင်ယံနှစ်ချက်တီးအချိန်ရောက်တော့ ရန်ကုန်မြို့တော်ကြီးတစ်ခွင်လုံးသိမ့်သိမ့်တုန်လှုပ်ခါသွားတဲ့ ဗုံးပေါက်ကွဲသံကြီးမြည်ဟီးစွာထွက်ပေါ်လာပါတယ်။ တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီးကိုမိုင်းဗုံးနဲ့ဖြိုခွဲလိုက်တဲ့ဗုံးပေါက်ကွဲသံကြီးဖြစ်ပါတယ်။ ❞

ကျောင်းသားထုစီတန်းလမ်းလျှောက်ဆန္ဒပြပွဲ ပြီးဆုံးသွားပြီဖြစ်တာကြောင့် မိမိနှင့် ကိုဝင်းဋ္ဌေးတို့လည်း တက္ကသိုလ်နယ်မြေကို ကျောပေးပြီး ပြန်ခဲ့ကြပါတယ်။ ကိုတင်ကြိုင် (ဓာတ်ပုံကြေးမုံ)နဲ့ ကိုထွန်းမင်း (ဓာတ်ပုံဂါးဒီယန်း) တို့က သတင်းဓာတ်ပုံအချိန်မီဆေးကူးကြဖို့ပြန်နှင့် ကြပြီးဖြစ်ပါတယ်။ အဓိပတိလမ်းမကြီးထိပ်တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်သို့ရောက်ကြတော့ ကျောင်းသားခေါင်းဆောင်တွေကို ဖမ်းကုန်ကြပြီ၊ ခေါင်းဆောင်တွေပြေးကြ၊ ဖမ်းတဲ့ ကောင်တွေကို ဝိုင်းထားကြ၊ ဝိုင်းချကြဆိုတဲ့အော်ဟစ်သံတွေကိုကြားရတာကြောင့် ရပ်ကြည့်နေလိုက်ကြပါတယ်။

တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီးရှေ့မှာ ပြေးလွှားနေကြသူတွေက ပြေးလွှားနေကြပြီး စောစောကလူစုခွဲပြီး ပြန်သွားကြတဲ့ ကျောင်းသားတွေလည်း ပြန်ရောက်လာကြပြီး လူစုမိကြကာ မိနစ်ပိုင်းအတွင်းမှာ ကျောင်းသားထုဆန္ဒပြပွဲကြီးအဖြစ်သို့ရောက်သွားပါတော့တယ်။ လက်သီးလက်မောင်းတန်းပြီး ဒေါသထွက်နေကြတဲ့ ကျောင်းသားတွေက ပြန်လည်စုရုံးရောက်လာတဲ့ ကျောင်းသားတွေကို ဦးဆောင်ပြီး ပါမောက္ခချုပ်ဦးကာအိမ်ဘက်သို့ချီတက်ဆန္ဒပြကြပါတယ်။ အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်တွေလည်းရောက်လာကြပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေက လူစုခွဲကြဖို့ အသံချဲ့စက်နဲ့အော်ပြော တားမြစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်တို့ရဲ့ တားမြစ်မှုကို ဂရုမပြုဘဲ ဆက်ပြီး ချီတက်ဆန္ဒပြကြပါတယ်။ ပါမောက္ခချုပ် ကြီးဦးကာအိမ်ရှေ့ကိုရောက်တော့ ကျောင်းသားအချို့က ဦးကာရဲ့ကားကို ဒေါင်းအတွင်းက ကားတစ်စီးကို တွန်းထုတ်လာကြပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီအချိန်မှာ မိုးကသည်းထန်စွာရွာသွန်း လာပါတယ်။ ကားဂိုဒေါင်ထဲက တွန်းထုတ်လာတဲ့ကား အဓိပတိလမ်းမကြီးပေါ်ကို ရောက်တော့သည်းထန်စွာရွာသွန်းနေတဲ့ မိုးရေပေါက်တို့အောက်မှာ မော်တော်ကားကို မီးရှို့လိုက်ကြပါတယ်။ အဓိကရုဏ်း နှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များကလည်း မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်ပြီး လူစုခွဲပါတော့တယ်။ ရဲတပ်ဖွဲ့ဝင်တို့ရဲ့ ပစ်ခတ်လူစုခွဲတဲ့ မျက်ရည်ယိုဗုံးပစ်ခတ်မှုကို ကြောက်ရွံ့နောက်ဆုတ်မသွားကြဘဲ ဆန္ဒပြကျောင်းသားများက မျက်ရည်ယိုဗုံးများကို အဝတ်ရေစို၊ ပုဆိုးရေစိုများ ဖြင့် အုပ်ယူပြီး ရဲများကို ပြန်လည်ပစ် ပေါက်ကြပါတယ်။

မိုးကလည်း သည်းထန်စွာ ရွာသွန်းနေပါတယ်။ ရဲတပ်ဖွဲ့တို့ ပစ်ခတ်တဲ့ မျက်ရည်ယိုဗုံးမီးခိုးငွေ့များ၊ မီးလောင်နေတဲ့ ကား၊ မီးခိုးငွေ့များကြားသည်းထန်တဲ့ မိုးရေပေါက်တို့အောက်မှာ ဆန္ဒပြကျောင်းသားများနဲ့ ရဲတပ်ဖွဲ့ဝင်တို့



အထောက်တော်သိန်းရွှေ

တစ်ဖက်နှင့် တစ်ဖက်သည်းထိတ်ရင်ဖိုဖွယ်ကောင်းလောက်အောင်နာရီဝက်ကျော် တစ်နာရီနီးပါးတိုက်ခိုက်ကြပါတယ်။ တဖြည်းဖြည်းလူစုကွဲသွားပြီး ဆန္ဒပြပွဲကြီးဟာပြီးဆုံးသွားပါတယ်။ သည်းထန်စွာရွာသွန်းနေတဲ့ မိုးကလည်း ရပ်စဲသွားပါတယ်။

ညနေ (၃) နာရီ အချိန်လောက်မှာတော့ အဓိပတိလမ်းမကြီးပေါ်မှာ သွားလာနေကြတဲ့ ကျောင်းသားအနည်းငယ်နှင့် မန္တလေးကျောင်းဆောင်ရှေ့က အလံတိုင်ကွင်းမြက်ခင်းပြင်မှာ တက္ကသိုလ်အရံတပ်ရင်းက ကျောင်းသားတစ်ယောက်ဆောင်းလာတဲ့ ဦးထုပ် (ဖိုင်ဘာဟက်) ကိုလုယူပြီး ဘောကန်ဆော့ကစားနေကြတဲ့ ကျောင်းသားလေးငါးယောက်လောက်ပဲ ရှိပါတော့တယ်။ အဲဒီအေးချမ်းသွားပြီးဖြစ်တဲ့အချိန်မှာ ပြည်ထဲရေးဝန်ကြီးဌာနကတွဲဖက်အတွင်းဝန်ဒုတိယဗိုလ်မှူးကြီးစိန်လွင် အစောင့်ရဲဘော်နှစ်ဦးနဲ့ တက္ကသိုလ်နယ်မြေသမဂ္ဂအဆောက်အအုံကြီးရှေ့ကို ရောက်လာပါတယ်။ ဗိုလ်မှူးကြီးစိန်လွင်ရောက်လာတော့ မန္တလေးကျောင်းဆောင်ရှေ့က အလံတိုင်ကွင်းမြက်ခင်းပြင်မှာ (ဖိုင်ဘာဟက်) ဦးထုပ်ကို ဘောကန်ဆော့ကစားနေတဲ့ ကျောင်းသားလေးငါးဦးထဲက ပုဆိုးခါးတောင်းကျိုက်၊ အကျီဗလာကိုယ်လုံးတီးနဲ့ အသားမည်းမည်းတောင့်တောင့် ကျောင်းသားတစ်ယောက်ဟာ ဗိုလ်မှူးကြီး စိန်လွင်ဆီကို ရောက်လာပြီး မင်းက ဘယ်သူလဲ၊ ဘာလာလုပ်တာလဲလို့ မေးလိုက်ပါတယ်။ ဗိုလ်မှူးကြီး စိန်လွင်က ပြည်ထဲရေးဝန်ကြီးဌာနကတွဲဖက်အတွင်းဝန်ဖြစ်ပါတယ်၊ ကျောင်းသားခေါင်းဆောင်တွေနဲ့ တွေ့ပြီးဆွေးနွေးချင်လို့ လာတာဖြစ်ပါတယ်လို့ ပြောလိုက်ပါတယ်။ကိုယ်လုံးတီးပုဆိုးခါးတောင်းကျိုက်နဲ့ ကျောင်းသားက 'ဘာတွေမှ ပြောမနေနဲ့၊ မင်းနဲ့ ငါတစ်ယောက်ချင်းချမလား'ဆိုပြီး လက်ခမောင်း (လက်ပန်းပေါင်း) ခတ်ဟန်ရေးပြစိန်ခေါ်ပါတော့တယ်။ ဗိုလ်မှူးကြီး စိန်လွင်လည်း ဘာမှဆက်မပြောဘဲ နောက်လှည့်ပြန်သွားပါတယ်။ ဗိုလ်မှူးကြီး စိန်လွင်ပြန်သွားပြီး နာရီဝက်လောက် အကြာရောက်တော့ တပ်ခွဲတစ်ခွဲလောက်ရှိတဲ့ တပ်မတော်သားများ ရောက်လာပါတယ်။ တပ်မတော်သားအချို့က တက္ကသိုလ်ရိပ်သာလမ်းပေါ် အဓိပတိလမ်းမကြီးထိပ်မှာ ရှိခဲ့တဲ့ အဝိုင်းလေးပေါ်မှာ အဝိုင်းလိုက်တန်းစီမတ်တတ်ရပ်နေရာ ယူလိုက်ကြပါတယ်။ ကျန်တဲ့တပ်မတော်သားအချို့က မန္တလေးကျောင်းဆောင်အရှေ့ကတက္ကသိုလ်နယ်ကို ဝန်းရံထားတဲ့ သံတိုင်တွေကြားက ကျောင်တိုင်တွေမှာ နေရာယူကျောမှီထိုင်နေလိုက်ကြပါတယ်။

ရပ်ကြည့်နေကြတဲ့ ကျောင်းသားတွေ တဖြည်းဖြည်းသုံးဆယ်လောက်စုရုံးမိလာကြတော့ အဝိုင်းလေးပေါ်မှာ သေနတ်ကိုယ်စီနဲ့ ရပ်နေကြတဲ့ တပ်မတော်သားတွေကို ဟေ့ကောင်တွေ မင်းတို့ ဘာလာလုပ်ကြတာလဲ၊ မင်းတို့ကို ဘယ်သူကလွှတ်လိုက်တာလဲ ပြန်ကြဆိုပြီး တစ်ယောက်တစ်ပေါက်အော်ဟစ်လာကြပါတယ်။ အော်ဟစ်ပြောဆိုနေတဲ့ကျောင်းသားထဲမှ ကျောင်းသားတစ်ယောက်က ခဲနဲ့ပေါက်လိုက်ပါတယ်။ရဲဘော်တစ်ယောက်ရဲ့ ဦးခေါင်းမှာဆောင်းထားတဲ့ ဖိုင်ဘာဟတ်ကို ထိမှန်သွားပါတယ်။ နောက်တစ်ချက်ထပ်ပစ်လိုက်တဲ့ခဲလုံးက ဦးခေါင်းထိမှန်ခံရတဲ့ ရဲဘော်ရဲ့ခြေသလုံး ညို့သကျည်းကိုထပ်ပြီးထိသွားပြီး နာကျင်သွားတဲ့အတွက် ရဲဘော်ကကျောင်းသား အုပ်စုအတွင်းကို သေနတ်နဲ့ နှစ်ချက်ထိုးပစ်လိုက်ပါတယ်။ကံကောင်းထောက်မစွာ သေနတ်ကျည်ဆန်ကမမှာရုံဝင်းဂိတ်တံခါးအောက်ကဒူးပိတ်သံပြားကိုဖောက်ထွက်သွားပါတယ်။ တာဝန်ကျဗိုလ်ကြီးကမင်းကိုဘယ်သူပစ်ခိုင်းလို့လဲကွဆိုပြီး သေနတ်နဲ့ ပစ်ခတ်လိုက်တဲ့ရဲဘော်ကိုဆဲ ဆိုရိုက်နှက်ပြီးသေနတ်ကိုသိမ်းယူကာ ကားပေါ်တင်နောက်တန်းပြန်ပို့လိုက်ပါတယ်။

စောစောက ဆန္ဒပြပွဲနဲ့ အပြိုင်သည်းထန်စွာရွာသွန်းခဲ့တဲ့ မိုးရေစက်တို့ကြောင့် တက္ကသိုလ်နယ်မြေအတွင်းသန့်ရှင်းအေးမြနေပြီး အဓိပတိလမ်းမကြီးပေါ်မှာ မီးရှို့ခံထားရတဲ့ကားတစ်စီးသာ မီးခိုးငွေ့တလူလူနဲ့ ကျန်ရှိနေပါတော့တယ်။ ကိုဝင်းဋ္ဌေး (ကြေးမုံ)နဲ့ မိမိတို့လည်း အဓိပတိလမ်းမကြီးထိပ်မှာ တာဝန်ကျဗိုလ်ကြီးနဲ့အတူ ရင်းနှီးစွာစကားပြောဆိုပြီး ဗိုလ်ကြီးနဲ့ အတူနေလိုက်ကြပါတယ်။

တာဝန်ကျဗိုလ်ကြီးနဲ့ အတူရင်းနှီးစွာ စကားများပြောဆိုနေရင်း ညနေခြောက်နာရီထိုးဖို့ ၁၅ မိနစ်အလိုရောက်တော့ တာဝန်ကျဗိုလ်ကြီးက '၆ နာရီထိုးရင် သေနတ်နဲ့ ပစ်ရတော့မယ်။ ပစ်မိန့်ရောက်လာပြီ။ အစ်ကိုတို့အပြင်ထွက်ပေးကြတော့' လို့ပြောလာတာကြောင့် မိမိတို့နှစ်ဦးလည်း လှည်းတန်းလမ်းဆုံကြက်လျှာစွန်းပေါ်မှာ ဟိုတုန်းက ရှိခဲ့တဲ့ ရဲစခန်းဘက်သို့ထွက်လာကြပါတယ်။ မန္တလေးကျောင်းဆောင်ရှေ့က တက္ကသိုလ်ရိပ်သာလမ်းမပေါ်က အမှတ် (၇) ကားမှတ်တိုင်ရှေ့ကိုရောက်တော့ အချက်ပေးသေနတ်သံတစ်ချက်နဲ့ အတူသေနတ်ကြီးသံများတစ်ဆက်တည်းထွက်ပေါ်လာပါတယ်။ မိမိတို့နှစ်ယောက်လည်း လမ်းဘေးကမြောင်းထဲ ခုန်ချပြီး ဝပ်နေလိုက်ကြပါတယ်။ စက္ကန့်ပိုင်းအတွင်း သေနတ်သံများ ရပ်စဲသွားတော့ မန္တလေးကျောင်းဆောင်အတွင်းက ဒဏ်ရာရသူကျောင်းသားများရဲ့ အော်ဟစ်သံတွေကို ကြားရပါတယ်။ ဒဏ်ရာရသူများရဲ့ စာရင်းကို ရယူကြဖို့ ရဲစခန်းရှေ့ဓာတ်ဆီဆိုင်ဘေးဝင်ပေါက်မှ ကျောင်းဝင်းအတွင်းပြန်ဝင်ကြပါတယ်။ ဒဏ်ရာရသူတွေ သယ်ထုတ်လာတာကို တွေ့ရပြီး တက္ကသိုလ်နယ်မြေအတွင်းသို့ ပြန်ဝင်ခွင့်မရတော့ပါ။

အဲဒီညရဲ့ညဉ့်သန်းခေါင်ယံနှစ်ချက်တီးအချိန်ရောက်တော့ ရန်ကုန်မြို့တော်ကြီးတစ်ခွင်လုံးသိမ့်သိမ့်တုန်လှုပ်ခါသွားတဲ့ ဗုံးပေါက်ကွဲသံကြီးမြည်ဟီးစွာထွက်ပေါ်လာပါတယ်။ တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီးကိုမိုင်းဗုံးနဲ့ဖြိုခွဲလိုက်တဲ့ဗုံးပေါက်ကွဲသံကြီးဖြစ်ပါတယ်။ မိုးသောက်လင်းလို့ တက္ကသိုလ်နယ်မြေသို့ပြန်ရောက်ခဲ့တော့ မနေ့က ကျောင်းသားများစုဝေးစည်းဝေးခဲ့ကြတဲ့တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီးက တိုက်ပျက်အုတ်ပုံကြီးအဖြစ်သို့ ပြောင်းလဲသွားပြီးမြေပြင်ပေါ်မှာ ပုံ့ပုံ့ကြီး အိပ်မောကျနေကြပါတယ်ဗျာ။

The HOT NEWS

Vol - 3, No - 147, 5 - 11 Jul, 2013



# ချမ်းချမ်း နှင့် မေးမေးပြေပြေ

**International Model တန်းဝင်တဲ့ မော်ဒယ်တစ်ယောက် အနေနဲ့ ဒီဘက်ခေတ် မော်ဒယ်ရေစီးကြောင်းအပေါ် ဘယ်လို များ သုံးသပ်မိလဲ။**

အရင်ခေတ်တုန်းကဆိုရင် နေရာတစ်နေရာရဖို့က သိပ်မလွယ်ကူဘူး။ အဲဒီလို မော်ဒယ်လို့ သတ်မှတ်ရကောင်းမှန်းမသိကြဘူး။ မြန်မာနိုင်ငံမှာက လှယဉ်ကျေးမယ်လို ပုံမျိုးကိုပဲ မော်ဒယ်လို့ သတ်မှတ်ထားတယ်။ နိုင်ငံခြားက ဆောင်းဦးဖက်ရှင်၊ နွေဦးဖက်ရှင်ကို စလောင်းတွေကပြမှ ညီမတို့အတွက် နေရာလေး တစ်နေရာရခဲ့တာပါ။ အဲဒီတော့မှပဲ မြန်မာပြည်မှာ မော်ဒယ်တွေကို ကွဲကွဲပြားပြားထင်ထင်ရှားရှား သိလာကြတယ်ထင်တယ်။

**မြန်မာမော်ဒယ်တွေကိုရော ညီမအနေနဲ့ ဘယ်လို သုံးသပ်ချင်လဲ။**

ဒါက ချမ်းချမ်းရဲ့ အမြင်ပေါ့နော်။ မော်ဒယ်ဆိုတာ ကအတိုအပြတ်ဝတ်မှ မဟုတ်ပါဘူး။ တကယ်တမ်း မော်ဒယ်တွေဆိုရင် အဲဒီလို အတိုအပြတ်တွေ မဝတ်ကြဘူး။ အပြင်မှာဆိုရင် ဂျင်းအကျီနဲ့ ဘောင်းဘီရှည်တွေနဲ့ နေကြတာများတယ်။ ညီမတို့က ပွဲမှာသာ ဒီဇိုင်နာထွင်တဲ့ အတိုတွေ၊ အပြတ်တွေ ဝတ်ဖြစ်တာပါ။ အဲဒီလိုမျိုးတွေ လုပ်ရမယ်ဆိုတော့ ဒီဘက်ခေတ်က ကလေးတွေနဲ့က နည်းနည်းလွဲနေတယ်။ အဲဒီလို ဒီဇိုင်နာတွေက အကျီပြချင်တာဆိုတော့ ပြဖို့အတွက် ခန္ဓာကိုယ်အနေအထားက စံပုံစံ ဖြစ်နေရမယ်။ အဆီပို မရှိရဘူး။ ရင်ဆို ၃၂၊ ခါးဆို ၂၄၊ တင်ဆို ၃၆ ရှိကို ရှိနေရမယ်။ အဲဒါမျိုးက စံနာမူနာ သဘောမျိုးပဲ။ ပြီးတော့ စိတ်ဓာတ်တွေကလည်း မော်ဒယ်မို့လို့ကလပ်တက်မယ်၊ ဆေးချမယ်ဆိုတာမျိုးတွေ မဖြစ်သင့်ဘူး။ ဒီဟာတွေက မော်ဒယ်တစ်ယောက်ရဲ့ စံနှုန်းတွေနဲ့ မသက်ဆိုင်ဘူး။ ဘယ်လို အလုပ်လုပ်မယ်။ ဘယ်လို Fit ဖြစ်အောင်နေမယ်။ ဘယ်လိုစားသောက်မယ်ဆိုတာမျိုးကမှ မော်ဒယ်တစ်ယောက်ပဲ။ ရီဟာဇယ်တွေလုပ်ကြမယ်။ အမြင့်ဆုံး ဒေါက်ဖိနပ်နဲ့ဘယ်လို လမ်းလျှောက်ကြမယ်။ ဖိနပ်ကျွတ်သွားတာ မျိုးဆိုတဲ့ မတော်တဆမှုတွေ ဖြစ်လာရင် ဘယ်လိုဆက်ပြီး ထိန်းသိမ်းရ မယ်ဆိုတာမျိုးလေးတွေကို ပြင်ဆင်ထားသင့်တယ်။ အဲဒါမျိုးလေးတွေ ကလွဲလို့ အခြားအပျော်အပါးတွေက မလိုအပ်ဘူး။ အဲဒါတွေက လူ ပုဂ္ဂိုလ်နဲ့ပဲ သက်ဆိုင်တယ်လို့ ပြောလို့ရတယ်။ ဒီမှာက မော်ဒယ်ဆိုရင် အဲဒီလိုမျိုး အယူအဆလေးတွေ လွဲနေတာကများတယ်။

**Show တစ်ခုဆိုတော့မယ်ဆိုရင် ဘာတွေ ပြင်ဆင်ဖြစ်လဲ။**

သီချင်းတိုက်တဲ့အခါကျရင် ညီမကကိုယ်ဆိုမယ့် ကီးတွေကိုတစ်ခါတည်း ညှိထားတယ်။ အဲဒီတော့ စင်ပေါ်မှာသိပ်မလွဲဘူးပေါ့။ တစ်ခါတလေမှာ တိုက်ထားတာတောင် အခြေအနေအရလွဲသွားတာလေးတွေ ရှိတယ်။ အဓိက အသံပိုင်းမှာဆိုရင်တော့ ရေနွေးကြမ်းနဲ့ ဆားနဲ့ သောက်တယ်။ သံပရာရည်လည်း သောက်ဖြစ်တယ်။ အဆီပါတာတွေ သိပ်မစားဖြစ်ဘူး။ အသံကတော့ ဒီလောက်ပဲပေါ့။ အပြင်အဆင်က တော့ အရင်က မိတ်ကပ်ဆရာတွေနဲ့ ပြင်ဖြစ်တယ်။ ခရီးတွေအရမ်းထွက်ရတော့ နောက်ပိုင်း မခေါ်နိုင်တော့ဘူး။ အဲဒါနဲ့ အလေ့အကျင့် ဖြစ်အောင် ပြင်ရင်းနဲ့မှ ပြင်တတ်လာတယ်။ ဆံပင်ပိုင်းက အစဖြောင့်တာ၊ လိပ်တံနဲ့ လိပ်တာမျိုးလေးတွေ လုပ်တတ်လာတယ်။ အဖော်တွေ နဲ့ပါတော့ အဆင်ပြေနေတယ်။ အဝတ်အစားက ကိုကောင်းမြတ်ဆီမှာ ချုပ်ဖြစ်တယ်။ နောက်ပြီး ဘန်ကောက် သွားရင် ဝယ်ဖြစ်တယ်။ ဒီ လောက်ပါပဲ။ ပါဖောမန့်စ်က အမြူးသီချင်းတွေဆိုရင် Twin's Brother နဲ့က ဖြစ်တယ်။ ကိုဂျွန်လွင့်ဆီက ညီမလေးတွေနဲ့လည်း ကဖြစ်တယ်။

**ညီမရဲ့ သီချင်းတွေက ခံစားမှုနဲ့ သက်ဆိုင်တဲ့ သီချင်းလေးတွေ များတယ်နော်။ ဘယ်လိုမျိုး Mood ထည့်ပြီးတော့ ဆိုဖြစ်တာလဲ။**

တော်တော်များများလည်း ညီမကိုမေးကြတယ်။ ဒီလိုသီချင်းတွေဆိုတဲ့အခါ ကိုယ်ကိုတိုင် အဲဒီလိုမျိုး လွမ်းမောပြီးတော့ သီချင်းတွေကို ဆိုဖြစ်တာလား။ အလုပ်လုပ်နေတဲ့ အတူတူ စိတ်ခံစားချက်ကို သွင်းထားရတယ်။ အသည်းကွဲတဲ့သီချင်းဆိုပြီးတော့ လူက အရမ်းပျော်နေလို့မရဘူး။ Feel တော့သွင်းရတယ်။ နောက်ပြီးတော့ ကိုယ်အော်ရမယ့်အပိုင်းလေးတွေကို ပြင်ဆင်ရတယ်။ စင်ပေါ်မှာ မဆိုခင် အသံပျောက်သွားမှာစိုးလို့ အောက်မှာ အရင်အအော်ကျင့်ရတယ်။ ကိုယ်လိုချင်တဲ့ အသံအနေအထား ရောက်လား။ မရောက်ဘူးဆိုရင် ကီးချရမယ်။ အဲဒါမျိုးလေးတွေ လုပ်ရတယ်။

**အောင်မြင်မှု လမ်းကြောင်းပေါ် ရောက်လာတဲ့ လူတစ်ယောက် အနေနဲ့ အရင် Life နဲ့ အခုလက်ရှိပိုင်ဆိုင်ထားတဲ့ Life အကြား သုံးသပ်မိ တာကရော ဘယ်လိုရှိမလဲ။**

ကွာဟ သွားတာက အလုပ်တွေ အရမ်းလုပ်ရတဲ့အတွက်ကြောင့် လူမှုရေးပိုင်းမှာ လစ်လပ်သွားတယ်။ သူငယ်ချင်းတွေနဲ့ ချိန်းထားပြီးရင် မသွားဖြစ်တာတို့လို ကတိလေးတွေ ပျက်လာတယ်။ မိသားစုမွေးနေ့ပွဲတွေတောင် ကိုယ်က မရှိဘူး နယ်ရောက်နေတယ်။ လွတ်လပ်မှုကတော့ ကိုယ်ခံယူတတ်ရင် ခံယူတတ်သလိုပဲ။ ညီမကတော့ အဆိုတော်ဖြစ်သွားလို့ လမ်းဘေးမှာ ဝက်သားတုတ်ထိုး မစားတော့ဘူးလို့ မရှိဘူး။ ကြုံရင်စားတယ်။ တုတ်ထိုး၊ မုန့်တီ အဲဒါတွေက ကြိုက်လို့ အမြဲတမ်းကို စားဖြစ်တယ်။ သီချင်းဆိုနေတဲ့ အပိုင်းမှာပဲ အဆိုတော်ဆိုတာ ဖြစ်နေတာပါ။ ကျန်တဲ့အချိန်မှာတော့ အေးအေးဆေးဆေးပါပဲ။

**သိပ်ပင်ပန်းလာတဲ့အခါတွေမှာ စိတ်ရော လူရောကို ဘယ်လို Relax ယူဖြစ်လဲ။**

သိပ်ပင်ပန်းလာရင် မလုပ်တော့ဘူးဆိုပြီးတော့ ဆုံးဖြတ်လိုက်တယ်။ အဲဒါဆိုရင် အမေတို့က သမီးရယ် ဒီအောင်မြင်မှုရဖို့ ဘယ်လိုမျိုး ကြိုးစားထားရတာလဲပေါ့။ အဲဒီတော့ ခုနောက်ပိုင်း အလုပ်တွေ သိပ်ရှုပ်လာတယ်။ ခေါင်းတွေ သိပ်နောက်လာတယ်ဆိုရင် ဖုန်းပိတ်ပြီး နှစ်နှစ် ခြိုက်ခြိုက် အိပ်ပစ်လိုက်တယ်။ နောက်ပြီး သီချင်းရေးတယ်။ သူငယ်ချင်းတွေနဲ့ အပြင်တွေ ဘာတွေ ထွက်တယ်။



## တိတ်တခိုး ချစ်သူ

ပြီးခဲ့တဲ့ဇွန်လတတိယပတ် အတွင်း အမေရိကန်ရဲ့နာမည် ကျော် Las Vegas ကိုရောက်လာတဲ့ နှုတ်ခမ်းနီမလေးတွေ အသည်းစွဲအဆိုကျော် ဂျပ်စတင်ဘီဘာ တစ်ယောက် Selena Gomezမဟုတ်တဲ့ ကောင်မလေးတစ်ယောက်နဲ့မို့ မီဒီယာ စာမျက်နှာတွေထက် အရမ်းကို အကျယ်တဝံ့ဖြစ်သွားပါတယ်။ LasVegas ရဲ့လေထီးအား ကစားရုံ တစ်ခုအတွင်း ဂျပ်စတင်ဘီဘာဟာ သူရဲ့အပေါင်းအပါတွေနဲ့အတူ ရောက်ရှိလာတာဖြစ်ပြီး ချစ်သူအသစ်လို့ယူဆရတဲ့ မိန်းမချောလေးတစ်ယောက်အပါအဝင်ပဲ လို့မျက်မြင်တွေ့ရှိခဲ့သူကဆိုပါ တယ်။ "ဂျပ်စတင်နဲ့အဲဒီမိန်းမချော လေးအနမ်းပန်းတွေခြွေနေတာ ကျွန်တော်မျက်မြင်တွေ့ခဲ့ရတာ ဗျ"လို့မျက်မြင်တွေ့ရတဲ့ဝန်းထမ်း တစ်ဦးက E! News ကိုဆိုပါတယ်။

**နိုင်မာ**Ref:E! Online



## ပရိသတ်အတွက်ရင်ဖွင့်ထားတဲ့ Demi Lovato

"Heart Attack"သီချင်းနဲ့ ပရိသတ်တွေရဲ့အသည်းနှလုံးကို ဖမ်းစားနိုင်ခဲ့ပြီးအထူး အောင်မြင်ခဲ့တဲ့ အလန်းဇယားမလေး Demi Lovato ကသူမရဲ့အောင်မြင်မှုတွေနဲ့ရရှိတဲ့အကျိုးအမြတ်တွေကို အများအကျိုးအတွက်အသုံးချသွားမည်ဆိုပြီး မြင့်မြတ်တဲ့ စိတ်ထားကို ထုတ်ပြောသွားပါတယ်။ ပထမဆုံးအဆင့်အနေနဲ့တော့ အရည်အချင်းရှိတဲ့ လူငယ်တွေအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးသွားမယ် လို့ဆိုပါတယ်။ဒါနဲ့ပတ်သက်ပြီး "စိတ်ပိုင်းဆိုင်ရာဝေဒနာခံစားနေရတဲ့ ကလေးတွေ၊ ထူးချွန်တဲ့ကျောင်း သားတွေကို Lovato Scholaship အနေနဲ့ ကျွန်မ ထောက်ပံ့ပေးသွားမှာပါ"လို့ GMA ရဲ့အင်တာဗျူးမှာပြောသွားပါတယ်။

**နိုင်မာ** Ref:Gssip Center

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul, 2013



# နှစ်(၅၀)ပြည့် မောင်မျိုးမင်း (ရင်တွင်းဖြစ်)

## မှားခဲ့သည်များဖွင့်ဟ၊ မှန်ခဲ့သည်များ ထုတ်ပြော



**ကိုမျိုးက အသက်၅၀ တန်းရောက်လာတဲ့ လူတစ်ယောက်ပေါ့။ အဲဒီတော့ ကိုမျိုး ငယ်စဉ်ကနေစပြီးတော့ ကိုယ့်အသက်အရွယ်နဲ့ အသက် ၅၀ မွေး နေ့ အမှတ်တရ အနေ နဲ့ အမှတ်တရ အင်တာဗျူးမယ်ပေါ့။**

**လတ်တလောလုပ်ခဲ့တဲ့ အနုပညာတွေနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတာလေးတွေကို ကျွန်တော်မမေးချင်ဘူး။ကိုမျိုးဖြတ်သန်းခဲ့ရတဲ့ ဘဝမှာ ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေ၊ရခဲ့တဲ့ သင်ခန်းစာတွေ၊ လောကဓံတွေ၊ အဲဒီ မှာ အပြောင်းအလဲတွေ၊ အချိုး အကွေ့တွေ၊ ကျွန်တော် အဲဒါတွေကို အရမ်းသိချင်တယ်။ ဥပမာ ပထမဆုံးမေးခွန်း လေးပေါ့နော်။**

**ကျွန်တော်မေးကြည့်ချင်တယ်။ ဒါဘာလဲဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ မေတ္တာတရားက အကောင်းဆုံးလို့ ပြောတာပေါ့နော်။အဲဒီတော့ ကိုမျိုးဖြတ်သန်းလာတဲ့ သက်တမ်းတစ်လျှောက်မှာ မေတ္တာတရားဟာ အရာရာ ကို အောင်မြင်ခဲ့ရဲ့လား။ တကယ် တော့ မေတ္တာတရားဟာ တ ကယ့်အကောင်းဆုံး အောင်နိုင်မှု လက်နက်ဟုတ်ရဲ့လား။**

ကျွန်တော်တို့ မြန်မာစကားလေးရှိတယ်။ စေတနာဟာ လူတိုင်းနဲ့ မတန်ဘူးတဲ့။ အဲဒီစကားလေး ကြားဖူးမှာပေါ့နော်။ အဲဒီစေတနာဟာ လူတိုင်းနဲ့ မတန်ဘူးဆိုတဲ့စကားကို တော်တော်များများလဲ ကြားဖူးတယ်။ အဲဒါဟာ ဘာလဲဆိုတော့ ကိုယ်ကစေတနာတစ်ယောက်ယောက်အပေါ်မှာ ထားလိုက်တယ်။ တုံ့ပြန်တာမကောင်းတဲ့ အခါတိုင်းမှာ အသုံးမကျတော့ဘူး။ အဲဒီတော့ ကျွန်တော်တို့ အဲ ဒီနေရာမှာ ကိုယ်ထားတဲ့ စေတ နာဟာ လူတိုင်းနဲ့ မတန်ဘူးဆိုတော့ကိုယ်ထားလိုက်တဲ့ စေတနာဟာ လူတိုင်းအတွက် တန်ဖိုးရှိတဲ့ စေတနာ ဟုတ်ရဲ့လား။ ကိုယ့်ကိုယ် ကို အရင်ပြန်စဉ်း စားဖို့လိုအပ်တယ်။ ကိုယ်ထားလိုက်တဲ့ စေတနာထဲမှာ အတ္တကင်းစင်ရဲ့လား။ ကိုယ်ထားလိုက်တဲ့ စေတနာက တစ်စုံတစ်ဦးတစ်ယောက်အပေါ်ပဲ ထားလိုက်တဲ့ စေတနာလား လူတိုင်းအတွက် ထားလိုက်တဲ့ စေတနာလား။ အဲဒီမေးခွန်းတွေ အများကြီးဖြစ်လာတယ်။ မေတ္တာတရားဆိုတာလဲ။ ခုန အဲဒီလိုပါဘဲ။ ကိုယ်ကမေတ္တာထားတယ်။ မေတ္တာဆိုတာက သူ့အကျိုးကိုလိုလားခြင်း။ သူ နစ်နာအောင်မလုပ်ဖို့ဆိုတော့ အဲလိုမျိုးတွေရှိတာပေါ့။အဲဒီတော့ ကျွန်တော်တို့ ဒီဘက်ခေတ်ကို နည်းနည်းလေးပြောင်းလာတဲ့အချိန်မှာ လူတိုင်းဟာ အဲသလို ကျင့်သုံးနိုင်ရင် အဲဒီစကားဟာ အမြဲတန်း မှန်ကန်နေမှာပါ။ ဒါပေမဲ့ ကိုယ်ထားတဲ့မေတ္တာဟာ ဘယ်မှ မရောက်ဖူး။ကိုယ့်ဆီကို အချိန်တန်ရင်တော့ မေတ္တာတန်ပြန်သက်ရောက်တယ် လို့ ယူဆကြတယ်။ သဘောကတော့ ကျွန်တော်တို့ ထားလိုက်တဲ့ စေတနာသော်လည်းကောင်း၊ မေတ္တာသော် လည်းကောင်း၊ သူ နားလည်နိုင်တဲ့ တစ်နေ့မှာ နားလည် သွားတဲ့အချိန်မှာ သူက ကိုယ့်ဆီကို ပြန်လာတယ်ဆိုတဲ့ သဘောပါဘဲ။ တစ်ချို့မေတ္တာ တချို့စေတနာဟာအချိန်ကာလကို စောင့်ရတယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီအတိုင်း ပြောကြည့်ရအောင် ဥပမာ ကျွန်တော်တို့ ဟိုငယ်ငယ်တုန်းကဆို သူတို့ ကိုယ်တိုင်လည်း အသတ်မခံရ အောင်နေရတယ် ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားတာ။ အဲဒီလိုဘဲ ကျွန် တော်တို့ သူများပစ္စည်း ကို မခိုးဘူး။ ဒါပေမဲ့ ကိုယ်ကိုတိုင်လဲ အခိုးမခံရ အောင်ဂရုစိုက် တတ်ရတယ်။ မခိုးတာနဲ့တင် မပြည့်စုံ လောက်ဖူး။ ကိုယ်တိုင်လဲ အခိုးမခံရ အောင် ဂရုစိုက်တတ် ရမယ်ဆိုတဲ့ အဲဒါတွေပါလာတယ်။ အဲဒီလိုပဲ ကိုယ်က သူများသားမယား မပြစ်မှားဘူးဆိုပါ တော့၊ ဒါပေမဲ့ ကိုယ်ကိုယ်တိုင်လဲအစော်ကားမခံရအောင် နေရ မယ်ဆိုတဲ့ အဲဒီခုနတုန်းက ခေတ်ကာလ အရ ပြောင်းလဲလာတဲ့ အခြေအနေလေးတွေရှိတယ်။ အဲဒါကြောင့် မေတ္တာတရားဟာ ကိုယ်ထား လိုက်တိုင်း တုံ့ပြန်မှု စေတ လုပ်ကြံခဲ့တဲ့ ဦးစောက သူကိုယ်တိုင် မှားမှန်း နောက်မှ သိသွားတယ်။ ဒါ ဆို ဗိုလ်ချုပ်ရဲ့ မေတ္တာတရားကို နားလည်သွား တယ်။ အဲဒီလိုမျိုးဆိုတော့ အချိန်ကာလတစ်ခုက အရာရာကို ပြောင်းလဲစေနိုင်တယ်ဆိုတဲ့ သဘောကို သက် ရောက်တယ်။ ခြုံကြည့်လိုက်လို့ ရှိရင် ဘာလဲဆိုတော့ ဘယ်အရာမှ ကျွန်တော်တို့က အတည်တကျမမြဲဘူး။ အမြဲတမ်းပြောင်းလဲနေတယ်။ အဲဒီ ပြောင်းလဲတဲ့ အချိန် အခြေနေသာလျှင် အမှန်တရား ဖြစ်တယ်လို့ ယူဆလို့ရတယ်။ အဲဒီအတွက် ခုန မေတ္တာတရားဆိုတဲ့ စကားလုံးအတွက် ကိုယ်က ထားစရာရှိတဲ့ မေတ္တာကို ထား ပါ။ ဒါပေမဲ့ အဲဒီဟာအတွက် မျှော်လင့်မထား ပါနဲ့။မျှော်လင့် ထားပြီဆိုရင် သင်ရတဲ့ ငါးပါးသီလမှာပေါ့နော်။ သူများအသက်သတ်ခြင်းရှောင်ကြဉ်ပါ၏။ အခုလို ပြောင်းလဲလာတဲ့ကာလမှာ သူများအသက်သတ်ခြင်း ရှောင်ကြဉ်ပါ၏ ဆိုတဲ့စကား လူတိုင်းလိုက်နာနိုင်ရင် ကောင်းတာပေါ့။ လူတိုင်းမလိုက်နာနိုင်တဲ့အတွက်ကြောင့် သူ များအသက်ကို မသတ်ပေမဲ့ ကိုယ်ကိုယ်တိုင်လည်း အသတ်မခံရအောင် နေတတ်ရတယ်ဆိုတဲ့ ခေတ်ကာလကို ရောက်သွားတယ်။ ဒါက ရှင်းပါတယ်။ သံဃာဆိုတာသူများအသက်ကို ဘယ်တော့မှ မသတ်ဖူး။ ဒါပေမဲ့ နာရရဲ့လား။ တချို့မေတ္တာ တရားတွေအတွက် အချိန်ကာလကို စောင့် ရတယ်။ အဲဒီအချိန်ကာလကို နားလည်သွားမှ အဲဒီမေတ္တာတရားရဲ့ တန်ဖိုးကိုသိတာတွေရှိတယ်။ ရှိတယ်ဆို တော့ အခု ဖြတ်သန်းလာတဲ့ အသက်အရွယ်အရ၊ ကိုယ်ထားတဲ့ စေတနာနဲ့ ကိုယ်ထားတဲ့ မေတ္တာက သူ့ဘာသူ တန်ဖိုးရှိတယ်။ ဒါပေမဲ့ အဲဒါကအချိန်ကာလတစ်ခုစောင့်ရတယ်။စောင့်ပြီးမှ နားလည်သွားတာမျိုးရှိတယ်။ အချို့ဆို လက်လွန်ပြီးမှ သိသွားတာမျိုးပေါ့နော်။ ဥပမာ ဗိုလ်ချုပ်အောင်ဆန်းကို ကတည်း ကမေတ္တာတရား မစစ်တော့ဘူး။



**ကောင်းပါတယ်။ ကိုမျိုးနဲ့ ကျွန်တော်ဖုန်းထဲမှာ ပြောတုန်းက အမုန်အတိုင်း ပြောချင်တာတွေလည်းရှိတယ်။ မလိမ်မညာဘဲ၊ မဖုံးမကွယ်ဘဲနဲ့ အမုန်အတိုင်း ပြောချင်တာတွေရှိတယ်လို့ ပြောတယ်။ ဒါပေမဲ့ အဲဒါကြီးကလည်း ကျွန်တော်တို့ လိမ်ပြီးတော့လည်း မကောင်းဘူးပေါ့နော်။ တချို့ လောကဓံဆိုတာ ကျွန်တော်တို့ ဗုဒ္ဓဘာသာအရ ကြည့်မယ်ဆိုရင် အတိတ်ကံကြောင့် ဖြစ်တာတွေ ရှိတယ်။ တချို့လောကဓံကြီးက ကိုယ်အသုံးမကျလို့ ရင်ဆိုင်နေရတာလည်းရှိတယ်လေ။ အဲဒီတော့ ကိုယ်ပြုမိတဲ့ အမှားတစ်ခုကြောင့် ကြုံတွေ့ခဲ့ရတဲ့ လောကဓံကြီးကို ကိုမျိုး ၅၀အရွယ် မှာရှိခဲ့လား။ ဒီ အဖြေကို ကျွန် တော် ဘာကြောင့် လိုချင်လဲဆိုရင် ကိုမျိုးရဲ့သားသမီးတွေ၊ နောက်ပိုင်းတက်သစ်စ လူငယ်တွေ ဖတ်ဖြစ်ခဲ့ရင် သိစေချင်လို့ပါ။ အတုယူလို့ရအောင်ပါ။**

ရှိခဲ့တာပေါ့။ ရှိခဲ့တယ်ဆိုတာ ဥပမာ ကျွန်တော်တို့က လောကဓံကို ဖြတ်သန်းလာတဲ့အချိန်မှာ ကျွန်တော်တို့ဟာ လူလူဆိုတာက အမှားလဲရှိနိုင်တယ်။ အမှန်လဲရှိနိုင်တယ်။ အဲဒီအမှားတွေကို အမှားမှန်းသိလို့ အချိန် မီပြုပြင်တဲ့လူကို လူတော်လို့ ခေါ်ကြတာကိုး။ တချို့ဟာတွေကြတော့လဲ ခုချိန်ထိ ငါမမှားဘူး။ ရထားတာရှိတယ်။ ဘာလဲဆိုတော့ အဲဒီအမှန်တရား ကို တချိန်ချိန်မှာ သူတို့သိလိမ့်မယ်လို့ တင်း ခံထားခဲ့တဲ့ အရာတွေပေါ့။ ဥပမာ ဘယ်လိုဟာတွေလဲဆိုတော့ ကျွန်တော်တို့ ဗီဒီယို ပျက်စီးတော့မယ်။ ဗီဒီယိုဟာ မကြာခင် ပျက် စီးလိမ့်မယ်ဆိုတဲ့ ကာလပေါ့။ ဗီဒီ ယိုတစ်ကားကို ၁၀ရက် ရိုက်ရ မယ်လို့ သတ်မှတ်တယ်လို့ ကျွန်တော်တို့ ပြောခဲ့တယ်။ တကယ်တော့ ၁၀ရက် သတ်မှတ်ခြင်းဟာလဲ ဗီဒီယို တစ်ကားကို ၄-၅ရက်နဲ့ ပြီးအောင် ရိုက်နေတဲ့သူတွေ ရှိတယ်။ အဲဒီက အရည်အသွေးတွေနိမ့်တော့မယ်လို့ ပြောခဲ့တယ်။ နိမ့်ပြီးရင် ပျက်စီးသွားလိမ့်မယ်လို့ ပြောခဲ့တယ်။ အခု အဲဒီဟာက အဲဒီတုန်းက ကျွန်တော်ပြောခဲ့တဲ့ စကားဟာ သက်သက်လောဘကြီးသလို ဖြစ်နေတယ်။ ဒါပေမဲ့ခုတော့ အမှန်တရားဖြစ်လာပြီဆိုတော့ အဲဒီကိစ္စကို တချို့က ကျွန်တော် အဲဒီတုန်းကမှားတယ်လို့ ယူဆတယ်။ ဒါပေမဲ့ မမှားဘူးလို့ ကျွန်တော်က ယူဆတယ်။ အခုချိန်ထိ မမှားဘူးဆိုတာ သေချာပါတယ်။ ခု အဲဒီ ၁၀ရက်တောင် ပြီးအောင် မရိုက်ဖူး။ ၁၀ပြည့်အောင် ရိုက်ကြပါလို့ ပြန်ပြီးလုပ်နေရတဲ့ အခြေအနေ တကယ်ဆိုရင် တချို့ဇာတ်ကားတွေဟာ ၁၀ရက်မက ကြာနိုင်တဲ့ ကားတွေရှိတယ်။ အဲဒီတော့ အဲလိုဘာကြောင့် ကြာလဲဆိုတော့ ကျွန်တော်တို့ စရိုက်ကတည်းကိုက ဗီဒီယို တိမ်ပြိုမိုးကို ၁၈ရက် ကြာခဲ့တယ်။ နှင်းဆီပိုင်ဆိုရင် ၇ရက် ရိုက်ခဲ့တယ်။ အဲဒီတော့ ကြာတိုင်းလည်း သူကပေါက်တာမျိုး ဖြစ်ချင်မှဖြစ်မယ်။ မြန်မြန်ရိုက်ပြီး ပေါက်တာလည်းရှိတယ်။ သူက အဲလိုမှန်းရ ချိန်ဆရခက်တယ်။ ဒါ ပေမဲ့ သေသေသပ်သပ်နဲ့ ကောင်း ကောင်းမွန်မွန်နဲ့က တော့ လိုအပ်တဲ့ အချိန် လိုအပ်တယ်။ အဲဒီဟာ အသုံးမပြုသေးသ၍ ဘယ်တော့မှ သေသေသပ်သပ်နဲ့ ကောင်းကောင်း မွန်မွန်ထွက်လာ ဦးမှာ မဟုတ်သေးဘူး။ ဒါကိုလဲ ဒီနေ့ထိ ကျွန်တော် မမှားဘူးလို့ယူဆတယ်။ ဥပမာ မှားခဲ့တဲ့ ကိစ္စမျိုးပေါ့နော်။ ဘယ်ဟာမျိုးလဲဆိုတော့ အကယ်ဒမီပွဲတက်ကြတယ်။ တက်တော့ ထိုင်ကြည့်နေတယ်။ မင်းသားတွေ စပွန်ဆာပေးကြတယ်။ မင်းသမီးတွေ စပွန်းဆာပေးကြတယ်။ ကောင်းပါတယ်။ သူတို့အတွက် အဝတ်အစား ဒီဇိုင်နာတွေကနေ အဝတ် အစားတွေ ချုပ်ကြတယ်။ အဲလို ချုပ်ကြတယ်။ ချုပ်ကြတဲ့ အချိန် အခါမှာ ဩော်. . . ငါတို့ ဒါရိုက်တာတွေကြတော့ ကိုယ့်ဟာကိုယ်ဘဲ ဘယ်သူမှ စပွန်ဆာ မလုပ် ကြဘူး။ တကယ်တော့ ငါတို့က သူတို့တွေရဲ့ ဆရာတွေ၊ သူတို့က နာမည်ကြီးတော့ နာမည်ကြီးတဲ့ သူတွေဝတ်တဲ့ဟာကို လုပ်ချင်တယ်။ အဲဒီတော့ ဆရာကျတယ်ဆိုတာ ဘာ လဲဆိုတော့ ဒီမှာကြည့်စမ်း။ ဩော်နေမကောင်းတဲ့ ကြားထဲက တိုက်ပုံ အင်္ကျီမှာ ဒီလို ဖျက်ရလွယ်အောင်ခြစ်တာ ခြစ်ပြီးရော အဲဒီအရောင် လေးပန်းသွား ထိုးလိုက်ဆိုပြီး လုပ်လိုက်တယ်။ အဲဒီ လိုလုပ်လိုက်တဲ့ အချိန်မှာ အဲဒီဒီဇိုင်းကပေါက်သွားတယ်။ ပေါက်ပြီးတော့ နောက်ပိုင်းမှာ ကျွန်တော့်ကို စပွန်ဆာပေးချင်တဲ့သူ အများကြီးဖြစ်သွားတယ်။ တန်းကိုစီနေတာဘဲ ဒီနှစ်ဘာဒီ ဇိုင်းလုပ်မလဲဆရာ၊ ဒီနှစ်ဘာ ဒီဇိုင်းလုပ်မလဲ ဆရာနဲ့ ကျွန်တော် ၃-၄နှစ်လောက် လုပ်ပြလိုက် တယ်။ လုပ် ပြလိုက်ပြီးတဲ့အချိန်မှာ အဲဒီအလုပ်က အမှားတစ် ခုဆိုတာကို ဘာသွားတွေ့လဲဆိုတော့ နောက်ပိုင်းလူငယ်တွေက သူ့ထက်သူသာအောင်လုပ်တယ်။ ဒီဇိုင်းတွေလို့ အဲဒီလိုမျိုးစုံ၊ အလက်အလက်တွေ ကျောက်တွေစီ ဘာတွေ၊ ညာတွေလုပ်နဲ့ အမျိုးသားဝတ်စုံတွေဆိုတာ ပျောက်လာတယ်။

**ဆက်လက်ဖော်ပြပါမည်။**

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul 2013

**သန်လျင်က လျှပ်စစ်**

'Hot News ဂျာနယ်ကပါလားရှင်။ ကျွန်မသန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သန္တာလမ်းမှာ နေပါတယ်'

'ဟုတ်ကဲ့။ ပြောပါခင်ဗျ'

'ဒီလိုပါရှင်။ကျွန်မအိမ်သုံးမီးလျှောက်ထားက ဒီနှစ် မတ်လ ၁၉ ရက်ကတည်းကပါ။ အဲဒါ ခုထိမရသေးဘူး။ သူတို့ကိုသွားမေးတော့ သူတို့ပြောတာက ဟိုနေ့ဒီနေ့နဲ့ ဒါပေမဲ့ ခုထိကို မရဘူး။ ဒါပေမဲ့ ကျွန်မကသာ မရတာ။ တစ်ယောက်ဆို မေလထဲမှာ အိမ်ဆောက်တယ်။ ဇွန်လထဲမှာ မီးရသွားပြီ။ အဲဒါရေးပေးပါရှင်'

'မီးရသွားတဲ့ တစ်ယောက်က နည်းဗျူဟာ ကျွမ်းလို့ထင်ပါရဲ့။ ဟုတ်ပါပြီခင်ဗျာ။ ရေးလိုက်ပါ့မယ်'

***

သားသူတွေပဲ။ တကယ်တော့ပဲပေးခွင့်ရသင့်တယ်'

'ဟုတ်ပြီဗျာ။ ကျွန်တော်သိချင်တာဖြတ်မေးပါရစေ။ ကျန်တဲ့ အိမ်ထောင်စုတွေက ဘာလို့အိမ်ထောင်စုဇယားမရှိရတာလဲ။ နေတာပဲ ဆယ်နှစ်ကျော်ဆို'

'အဲဒါ အရင်ကျေးရွာဥက္ကဋ္ဌအဆက်ဆက်ကတည်းကပဲ။ လုပ်ပေးမယ်ဆိုပြီး ပိုက်ဆံလေးကောက်လိုက်၊ စာရင်းတွေကောက်လိုက်နဲ့ သံသရာလည်နေတာ'

***

**ရွှေမန်းမေယာဉ်လိုင်း**

'နားတစ်ရာလားခင်ဗျာ။ ကျွန်တော် ရွှေမန်းသူယာဉ်လိုင်းအကြောင်းပြောချင်လို့ပါ'

'နားထောင်ပါရစေခင်ဗျ'

သိန်းကျော် (ငြိမ်း)ကို သွားပြောတော့ ရှာပေးပါတယ်။ တွေ့ရင်အကြောင်းကြားပေးပါ့မယ်ပြောတာပဲ။ ဒါပေမဲ့ ခုချိန်ထိ လုံးဝမထူးဘူး။ ကျွန်တော်ဖုန်းဆက်ရင်တောင်မကိုင်တော့ဘူးဗျာ'

***

**သဃ်န်းကျွန်းက အိမ်အို**

'ကျွန်တော် သဃ်န်းကျွန်းမြို့နယ်၊ (ခ) ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ် ၁၆/၅ ဆိုတဲ့ အိမ်အကြောင်းပြောချင်လို့ပါ'

'အများပြည်သူနဲ့ မသက်ဆိုင်ဘဲ ပုဂ္ဂိုလ်ရေးဆိုရင်ဒီစာမျက်နှာက မဖော်ပြပါဘူးဗျာ'

'ပုဂ္ဂိုလ်ရေးမဟုတ်ပါဘူး။ အဲဒီ အိမ်က အချိန်မရွေးပြိုကျနိုင်ပြီး လမ်းထောင့်မှာလည်း ဖြစ်နေတဲ့အတွက် လူတွေ




**ဖားကန့်က ဆယ်ဇင်းကျေးရွာ**

'ကျွန်တော်ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ ဆယ်ဇင်းကျေးရွာမှာ နေပါတယ်'

'ဟုတ်ကဲ့။ ပြောပါ'

'ဒီလိုခင်ဗျ။ ဆယ်ဇင်းကျေးရွာမှာ ဆယ်အိမ်စုမှူးရွေးပါရော။ ကျွန်တော်တို့ ရွာမှာ အိမ်ထောင်စုပေါင်း (၅၃၆) ရှိတယ်ခင်ဗျ။ ဒါပေမဲ့ လဝကကနေပြီး ပုံစံ ၆/၆၆ ထုတ်ပေးထားတဲ့ အိမ်ထောင်စုက (၈၇) စုပဲရှိတယ်။ အဲဒီမှာ ဆယ်အိမ်စုမှူးရွေးရာမှာ အဲဒီ (၈၇) အိမ်ပဲ မဲပေးပိုင်ခွင့်ရှိတယ်ဆိုပြီး မဲကို သူတို့အချင်းချင်းပဲပေးလိုက်ကြလေရဲ့။ ကျန်တဲ့ ပုံစံ ၆/၆၆ မရှိတဲ့ သူတွေဆိုတာကလည်း ဒီရွာမှာ အိုးပိုင်၊ အိမ်ပိုင်နဲ့ ဆယ်နှစ်ကျော်နေထိုင်ပြီး

'ဒီလိုပါ။ ၂၀၁၃၊ မေလ၊ ၃ ရက်နေ့ည ၁၀း၃၀ ထွက်တဲ့ရွှေမန်းသူယာဉ်အမှတ် ၉၀/၄၉၇၇ နဲ့ နေပြည်တော်ကနေ မန္တလေးကိုသွားခဲ့ပါတယ်။ မန္တလေးကို နောက်တစ်နေ့ နံနက် ၄း၁၀ ဝန်းကျင်ရောက်ပါတယ်။ ယာဉ်ဝန်ထမ်းတွေက ပစ္စည်းတွေကို ချပေးပါတယ်။ အိမ်ရောက်လို့ပြန်စစ်တော့ တစ်အိတ်လိုနေတယ်ဗျ'

'အိတ်ထဲမှာ ဘာတွေပါလဲ'

'ကျွန်တော်တပ်ထွက်စာအုပ်ရယ်၊ ရေး ၃၆ ပုံပန်းသဏ္ဌာန်ဖော်ပြချက်၊ ကျွန်တော့်သားရဲ့ ကျောင်းသားကတ်နဲ့ စာရွက်စာတမ်းတွေပါပါတယ်'

'တခြားတန်ဖိုးကြီးပစ္စည်းမပါဘူးပဲ။ အဲတော့ ဘာဆက်လုပ်လဲ'

'မန္တလေးရွှေမန်းသူဂိတ်က ဗိုလ်ကြီး

အန္တရာယ်ဖြစ်နိုင်လို့ပါ'

'ခင်ဗျားတို့က စည်ပင်အကြောင်းမကြားဘူးလား'

'အဲဒီအိမ်က နှစ်ထပ်၊ သွပ်မိုး၊ ထရံကာ၊ အိမ်ရှင်က မည်သူ့ကိုမှ ပြင်ဆင်ခွင့်မပြုဆိုပြီး စည်ပင်ခွင့်ပြုချက်မရှိဘဲ ဆိုင်းဘုတ်ချိတ်ထားသေးတယ်။ အဲဒါ စည်ပင်ကို အကြောင်းကြားတာ (၅) ကြိမ်လောက်ရှိပြီ။ စာရေး၊ ဓာတ်ပုံရောပူးတွဲတင်တာ။ ဒါပေမဲ့ စည်ပင်ကလည်း ပေါ်မလာ။ အိမ်အိုကြီးကလည်း မိုးထဲလေထဲမှာ အန္တရာယ်။ နောက်ဆုံး Hot News ကို အားကိုးလိုက်တာပါ'

'ဟော့လူ ကျုပ်တို့က ဘာမှလုပ်မပေးနိုင်ဘူး။ ရေးရုံပဲရေးပေးလို့ရမှာ။ ကျန်တာ တာဝန်ရှိသူတွေရဲ့ ကိစ္စ' **နားတစ်ရာ**

နားတစ်ရာ ဖော်ကောင်လုပ်သည့် ဖော်ချင်သူများ ဆက်သွယ်ကြပါ။ဖုန်း၀၁- ၇၀၃၃၁၇၊ ၀၁- ၅၀၄၂၉၃၊ ၀၉- ၄၂၁၀၅၁၁၁၀

## အလုပ်သမားရေးရာကိစ္စများအချိန်ပြည့် ကူညီဖို

အလုပ်သမားရေးရာကိစ္စများနှင့်ပတ်သက်ပြီး အချိန်ပြည့် ဖြေရှင်းပေးနိုင်ရန်အတွက်အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက Complaint Mechanism ကို ဇွန် (၂၇)ရက်က နေပြည်တော်နှင့်ရန်ကုန်မြို့တို့မှာ စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

အလုပ်ရှင်နှင့်အလုပ်သမားကြား လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုအချိန်မရွေးဆက်သွယ်မေးမြန်းရန် အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ချက်ချင်းဖြေရှင်းပေးနိုင်သောကိစ္စရပ်များကိုချက်ချင်းဖြေရှင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာဦးစီးဌာနများသို့တင်ပြဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက ချက်ချင်းတင်ပြဆောင်ရွက်ပေးနိုင်ရန်အတွက် အလုပ်သမားများ အားကိုးအားထားပြုရန် Complaint Machanism တစ်ခုဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ အလုပ်သမားရေးရာကိစ္စ ရပ်များနှင့်ပတ်သက်ပြီးဖုန်း နံပါတ် ၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄ နှင့် Email-complaint moles@ gmail.com သို့ အချိန်ပြည့် ဆက်သွယ်မေးမြန်းပြီး တိုင်ကြားနိုင်ကြောင်းလည်း သိရသည်။

HNT

## ပြည်တွင်း၌ရင်းနှီးမြှုပ်နှံနိုင်ရန်ဟောင်ကောင်မှ စီးပွားရေး လုပ်ငန်းရှင်များလာရောက်

ဟောင်ကောင်မှစီးပွားရေးလုပ်ငန်းရှင်(၂၆)ဦးသည်မြန်မာပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများမှာ ထပ်မံရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ဆွေးနွေးပွဲတစ်ခုကို ဇွန် (၂၇)ရက်က Chatrium Hotel ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းရှိဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေအကျိုးဆောင် ဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ဓာတုထုတ်ကုန်အမျိုးမျိုးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းအစရှိသည့်လုပ်ငန်းများတွင်အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လာရောက်ဆွေးနွေးကြခြင်းဖြစ်ကြောင်း သိရသည်။ ဟောင်ကောင်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များသည် ပြည် တွင်း ၌လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံများထဲတွင် နံပါတ်(၃)နေရာ၌တည်ရှိပြီး လက်ရှိတွင် ပြည်တွင်း၌(၁၅) ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်းလည်းသိရသည်။

HNT

# Hot News စာလွှင်ပြင်

စွန်ရဲနက်(ရွှေမှော်ဝန်း)

## စွန့်စားမှုလျှောက်လမ်းပေါ်မှ ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားဆောင်းပါးများ

### ဝင်းသိန်းဦး




စာရေးသူ မီဒီယာဝမ်းဂျာနယ်တွင် ဒုတိယအယ်ဒီတာချုပ်တာဝန်ထမ်းဆောင်စဉ်က အဆိုပါဂျာနယ်တွင် ရေးသားထားသော ဆောင်းပါးများဖြစ်ပြီး ထိုဆောင်းပါးအများစုသည် ပါမောက္ခကမ္ဘောဇဝင်း၊ ဘာတေးလစ်တနာ၊ ဒေးဗစ်အိုင်စတိန်းဘတ်၊ ဖရန်း စစ်ဖူကူးယားမားနှင့် သောမတ်ဖူးလားအစရှိသည့်မြန်မာ့အရေးကိုထဲထဲဝင်ဝင် လေ့လာဆန်းစစ်နားလည်သိရှိကြသောနိုင်ငံတကာအဆင့်မီပညာရှင်၊ စာရေးဆရာ၊ သတင်းထောက်၊ အယ်ဒီတာနှင့်သုတေသီများက အင်္ဂလိပ်ဘာ သာဖြင့် ကမ္ဘာ့ဂုဏ်သိက္ခာ ရှိသောမီဒီယာများတွင် ရေးသားခဲ့သည့် မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဝေဖန်အကဲခတ် ရေးသားထားချက်များကို မှီငြမ်းကိုးကား၊ ဘာသာပြန်ဆိုရေးသား ထားခြင်းဖြစ်သည်။ ထိုဆောင်းပါးများထဲမှ စာဖတ်ပရိသတ်များ အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းမည်ဟု ယူဆရသောဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ FUTURE Publishing House က ထုတ်ဝေဖြန့်ချိပြီး ရောင်းဈေးမှာ ၂၅၀၀ ကျပ်ဖြစ် သည်။

## ခွပ်ဒေါင်းများကိုကစေချင်သူ(သို့မဟုတ်) မောင်စိန်ဝင်း (ပုတီးကုန်း)နှင့် တွေ့ဆုံခြင်း



### မြန်မာလူငယ်တစ်ဦး

လက်ရှိကာလစာပေဟော ပြောပွဲများ၏အခြေအနေ၊ရသစာပေ၏ အခန်းကဏ္ဍစသည့် အကြောင်းအရာများနှင့် ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပ စာပေဟောပြောပွဲများကိုစဉ်ဆက်မပြတ် လိုက်ပါဟောပြောပေးနေ ရသူတစ်ဦးဖြစ်သည့် ကဗျာဆရာ၊ စာရေးဆရာမောင်စိန်ဝင်း (ပုတီး ကုန်း)နှင့် တွေ့ဆုံမေးမြန်းထားသည်များကို စာအုပ်အဖြစ်ထုတ် ဝေထားခြင်းဖြစ်သည်။

'ကျွန်တော်တို့စာရေးဆရာအများစုက စာပေဟောပြောပွဲ စင်မြင့်ပေါ်ကနေ နိုင်ငံရေးတွေ ဟောပြောနေတာ မဟုတ်ဘူးဗျ။ အမျိုးသားရေးအကြောင်းအရာတွေကိုပဲ ဟောပြောတာပါ။ အမျိုးသားရေးဆိုတာ နိုင်ငံရေးထက်အများကြီးမြင့်ပါတယ်'ဟု ဆရာမောင်စိန်ဝင်းက ပြောထားသည်။ ရိုးမချယ်ရီစာပေကဖြန့်ချိ၍ ရောင်းဈေးမှာ ၁၀၀၀ ကျပ် ဖြစ်သည်။

## အိပ်မက်စေရာ

### ချစ်နိုင်(စိတ်ပညာ)




ခေတ်ရေစီးကြောင်း ပြောင်းလဲမှုတွေကတစ်ဟုန်ထိုးဖြစ်နေပါသည်။ဘာမှမပြောင်းဘူး၊ လုံးဝမပြောင်းလဲပါဘူးဟုပြောဆိုရေးသားနေကြသူတွေလည်းတွေ့ရ ပါ၏။ ရှိပါစေသူမြင်ရာသူပြော ခြင်း၊ သူထင်ရာသူရေးသားခြင်း၊ငြင်းမနေပါ အချိန်ကအဖြေပေးပေလိမ့်မည်။ ငါးနှစ်/ဆယ်နှစ်ကြာလျှင်သိသာသဲကွဲသွားမည်။ နိုင်ငံရေးစနစ်ပြောင်းပြီးပြီ၊ စီးပွားရေးစနစ်ပြောင်းနေပြီ။ ဤကဲ့သို့ လျှင်မြန်စွာပြောင်းလဲနေသော အခြေအနေအရပ်ရပ်အတွက် ကျွန်တော်တို့ လူငယ်လူရွယ်များမှာ အဆင်သင့်ဖြစ်ကြပါသလားဟု သုံးသပ်ကြည့်လိုက်လျှင် စိတ်မကောင်းစရာ မြင်ကြရပါမည်။

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul, 2013



# သမ္မတအိမ်တော်ဝင်းထိ ချဉ်းနင်းဝင်ရောက်လာသည့် တာလီဘန်များ

ကျော်စိန်




နိုင်းအလဲဗင်း (၉/၁၁) ရဲ့ အဓိကလက်သည်ဟာ အိုစမာဘင်လာဒင်ဦးဆောင်တဲ့ အယ်လ်ကေဒါအဖွဲ့ရဲ့ လက်ချက်ဖြစ်တယ်ဆိုပြီး ၂၀၀၁ ခုနှစ် အောက်တိုဘာလကစလို့အာဖဂန်နစ္စတန်ကို ဝင်ရောက် ထိုးစစ်ဆင်ခဲ့တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ "ဘင်လာဒင်သုတ်သင်ရေး" စစ်ဆင်ရေးဟာ အခုဆိုရင် ဆယ်စုနှစ်တစ်စု ကျော်ခဲ့ပါပြီ။ ၂၀၁၁ ခုနှစ်၊ မေလ ၁ ရက်မှာ အိုစမာဘင်လာဒင်ကို အပြီးအပိုင်သုတ်သင်နိုင်ခဲ့ပေမဲ့ မပြီးသေးတာကတော့ အာဖဂန်စစ်ပွဲပါပဲ။ အခုလောလောဆယ်မှာတော့ ဒီနှစ်ကုန်ရင် အမေရိကန်တပ်တွေ အာဖဂန်ကထွက်မယ်၊ အာဖဂန်လုံခြုံရေးအတွက် တာလီဘန်တွေနဲ့ ဆွေးနွေးမယ် ဆိုတာတွေ လုပ်လာပါတယ်။ သို့သော် တာလီဘန်တို့အနေနဲ့ အမေရိကန်တွေ ရဲ့ကမ်းလှမ်းချက် ကို စိတ်လိုလက်ရ ရှိဟန်မတူဘဲ မနေ့က (ဇွန်လ ၂၅ ရက်နေ့မှာ) တော့ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်မှာ အမြင့်ဆုံး လုံခြုံရေးစနစ်ကျင့်သုံးရတဲ့၊ ကျင့်သုံးနေကြတဲ့ "နိုင်ငံတော်သမ္မတ အိမ်တော်ဝင်း" (The Presidential Palace) အထိပါ ချဉ်းနင်းဝင်ရောက်တိုက်ခိုက်ခဲ့ကြတယ်။ ဖြစ်စဉ်ကတော့ ဇွန်လ ၂၅ ရက်မနက် ၆နာရီ ခွဲခန့်မှာ တာလီဘန်လက်နက် ကိုင် ၃/၄ ယောက်ဟာ အာဖဂန်နစ္စတန် သမ္မတအိမ်တော်ဝင်း (Presidential Palace) ကို ဝင်ရောက်ခွင့် ကတ်ပြားအတုလုပ် အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်များကဲ့သို့ အသွင်ယူ ဝင်ရောက်ပြီးလက်နက် ငယ်/ လက်ပစ်ဗုံးတွေနဲ့ ဒလစပ် ပစ်ခတ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အခင်းဖြစ်ပွားချိန်မှာတော့ နိုင်ငံတော်သမ္မတ အိမ်တော်ဝင်းအတွင်းမှာ သမ္မတဟာမစ်ကာဇိုင်း ရှိသလား/ မရှိဘူးလားဆိုတာ တပ်အပ်သေချာမဆိုနိုင်ပေမဲ့ တိုက် ခိုက်မှုအပြီးမနက် ၉ နာရီအချိန် သတင်းစာရှင်းလင်းပွဲမှာတော့ သမ္မတကိုယ်တိုင်တက်ရောက်ခဲ့တာတွေ့တယ်လို့ရိုက်တာသတင်းက ဆိုပါတယ်။

သမ္မတအိမ်တော်ဝင်းထဲမှာ နိုင်ငံတော်သမ္မတကြီးရဲ့ အိမ်တစ်လုံးတည်း ထီးထီးကြီးရှိနေတာ မဟုတ်ပါဘူး။ အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာန အမေရိကန်ဗဟိုထောက်လှမ်းရေးတပ်ဖွဲ့ (စီအိုင်အေ) ရဲ့ အာဖဂန်ဒေသဆိုင်ရာ ကွပ်ကဲမှုဌာနချုပ်ရုံးကြီး လည်းရှိနေ ပါတယ်။ ဒါ့အပြင် အာဖဂန်ဒေသဆိုင်ရာ နေတိုး (NATO) ကွပ်ကဲ မှုဌာနချုပ်လည်း ရှိနေပါတယ်။ လုံခြုံရေးအရ အထူးတင်းကြပ်ထားတဲ့ ပရိဝုဏ်တစ်ခုပါ။ တာလီဘန်လက်နက်ကိုင်တစ်စုဟာ စီအိုင်အေကွပ်ကဲမှုရုံးကိုလည်း မောင်းပြန်ရိုင်ဖယ်တွေနဲ့ ပစ်ခတ်ခဲ့ကြပါတယ်။ စီအိုင်အေတွေ အသေအပျောက်မရှိပေမဲ့ ကမ္ဘာကျော်စုံထောက်အဖွဲ့ကြီး တစ်ခုအတွက်တော့ မဟာအရှက်တော် ကွဲခဲ့ရတဲ့ ဖြစ်ရပ်ပါ။ လို့ပဲ ဆိုလိုက်ပါရစေ။

# ဗုံးခွဲပြီးလူသတ်တမ်းကစားနေကြတဲ့ အီရတ်



၂၀၀၃ ခုနှစ် မတ်လမှာ အီရတ်ကို ကျူးကျော်စစ်ဆင်နွှဲခဲ့တဲ့ အမေရိကန်တပ်တွေဟာ ၈နှစ်နီးပါးထိုး စစ်ဆင်တိုက်ခိုက်ခဲ့ရာမှာ အီရတ်တစ်နိုင်ငံလုံးထောင်းလ မောင်းကြေ၊သေလိုက်ကြတာလည်း သောက်သောက်လဲပါပဲ။ အီရတ် သမ္မတဆာဒမ်ဟူစိန်ကိုလည်း လက်ရအရှင်ဖမ်းနိုင်ခဲ့တဲ့ အပြင်ကြိုးစင်ပေါ်အရောက်ပို့နိုင်ခဲ့ပြီး အမေရိကန်အလိုကျ မာလီကီ ဦးဆောင်တဲ့အီရတ် အစိုးရအဖွဲ့ကိုတင်မြှောက်နိုင်ခဲ့ပါပြီ။ ၂၀၁၁ခုနှစ်ဒီဇင်ဘာ၃၁ရက်နေ့မှာ အမေရိကန်တပ်တွေအားလုံး အီရတ်က ပြန်လည်ရုတ်သိမ်းနိုင်ခဲ့တာကြောင့် အမေရိကန်၊အီရတ်စစ်ပွဲ အဆုံးသတ်သွားပြီလို့ ဆိုနိုင်တယ်။သို့သော် ယနေ့တိုင်မပြီးဆုံးသေးတာကတော့ အမေရိကန်ကျူးကျော်မှုရဲ့ဆိုးမွေတစ်ခုဖြစ်တဲ့ အီရတ်ပြည်တွင်း ရှီးယိုက်နဲ့ ဆွန်နီမူဆလင်တွေအကြား လူမျိုးရေး၊ဘာသာရေးအစွဲတွေ ပိုမိုကြီးထွားခဲ့ရပြီးတစ်ဖွဲ့နဲ့တစ်ဖွဲ့အကြားအသေခံဗုံးခွဲတိုက်ခိုက်မှုတွေကို အပြိုင်းကြီးကြီးဖြင့်လုပ်နေကြတဲ့ အီရတ်မြင်ကွင်းများဟာဖြင့် တကယ့်ကိုကျောချမ်းစရာကောင်းလှပါတယ်။ ၁၀စုနှစ်တစ်စုကို မဆိုထားနဲ့လွန်ခဲ့တဲ့မေလ တစ်လတည်း မှာကိုပဲ အသေခံဗုံးခွဲတိုက်ခိုက်မှုတွေကြောင့် သေဆုံးခဲ့ရတဲ့ အီရတ်ပြည်သူ ၁၀၀၀ကျော်ရှိပါတယ်။ ဒီလမှာလည်း လူ၅၀၀နီးပါးသေဆုံးခဲ့ရပြီဖြစ်ပါတယ်။ဇွန် လ ၁၀ရက်တစ်ရက်ထဲမှာတင် အီရတ်နိုင်ငံတစ်ဝန်းဗုံးတွေကွဲလို့ လူ၉၄ယောက်သေပြီး၊လူ၃၀၀နီးပါးဒဏ်ရာရခဲ့တယ်။ဇွန်လ၁၆ရက်နေ့မှာ အီရတ်မှာကားဗုံးခွဲတိုက်ခိုက်လို့ လူ၅၄ယောက်သေပြီး လူ၁၇၀ဒဏ်ရာရခဲ့တယ်။ဒါ့အပြင် ဒီလအတွင်း ကြိုကြား၊ကြိုကြားဗုံးကွဲမှုတွေကလည်း နေ့စဉ်ရက်ဆက်ဆိုသလို ကြားနေရတာကြောင့် ကမ္ဘာ့ယဉ်ကျေးမှုစတင်ထွန်းကားခဲ့ရာဒေသ တစ်ခုဖြစ်ခဲ့တဲ့ တိုက်ဂရစ်နဲ့ ယူဖရေးတီးမြစ်နှစ်သွယ်အကြား ယနေ့ အီရတ်ဒေသမှာ လူ့ယဉ်ကျေးမှုတွေမှေးမှိန်လာပြီး အကြင်နာတရားတွေခေါင်းပါး၊ မေတ္တာတရားတွေကင်းကွာ၊ခန္တီ တရားတွေ ယွင်းပါးကာ မတူကွဲပြားတဲ့ လူမျိုးစုတွေအကြား အသေခံဗုံးခွဲတိုက်ခိုက်မှုတွေက "ဗုံးခွဲပြီး လူသတ်တမ်းကစားနေ ကြရှာသလား" လို့ဆိုရလောက်အောင်ပါပဲ။

ကျော်စိန်

■

THE HOT NEWS
Vol - 3, No - 147, 5 - 11 Jul, 2013





# ပါးကိုက်၍ နားကိုက်ကြသည်

ယခုရက်ပိုင်းများတွင် အစိုးရအား ဆန္ဒပြမှုအရှိန်မြင့်မားနေတဲ့ တူရကီနိုင်ငံမှာ ဆန္ဒပြသမားများကို အစိုးရက အင်အားသုံးဖြိုခွဲနေမှုနှင့်ပတ်သက်လို့ တူရကီနိုင်ငံကို ဂျာမနီက ပြင်းထန်စွာဝေဖန်လိုက်ခြင်းကြောင့် ၂နိုင်ငံဆက်ဆံရေးမှာ အက်ရာထင်ခဲ့ရပါတယ်။

ဂျာမနီနိုင်ငံအဓိပတိ အင်ဂျယ်လ်မာကဲလ်က တူရကီအစိုးရဟာ ဆန္ဒပြသမားများအပေါ် အင်အားသုံးဖြိုခွဲနေမှုကိုပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်းနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒီကိစ္စကို လျစ်လျူမရှုသင့်ကြောင်းပြောကြားခဲ့ပါတယ်။

မာကဲလ်က တူရကီနိုင်ငံဟာ ဂျာမနီရဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်ပါ။ ဒါပေမဲ့အီးယူအဖွဲ့ဝင်နိုင်ငံတစ်ခုတော့ မဟုတ်ဘူးလို့လဲ ပြောသွားပါတယ်။ နောက်တစ်နေ့မှာပဲ တူရကီအစိုးရဟာအရေးပေါ်ဝန်ကြီးများအစည်းအဝေးတစ်ရပ် ပြုလုပ်ကျင်းပကာ ဂျာမနီအဓိပတိကြီးအား "သူ့ရဲ့ပြောဆိုမှုတွေဟာ မှုမမှန်ဘူး၊ အီးယူနိုင်ငံများအပေါ် တူရကီနိုင်ငံရဲ့ ဆက်ဆံမှုတွေကို ထိခိုက်အောင်လုပ်ခြင်းဖြစ်တယ်။ သူဟာ လာမယ့်ရွေးကောက်ပွဲမှာ သူ့ပြည်သူတွေရဲ့ ထောက်ခံမှုကို ရရာရကြောင်းအတွက် နိုင်ငံရေးထွင်လုံးဖြစ်တယ်။ နောက်တစ်ကြိမ် အရွေးမခံရမှာကို အတော်ထိတ်လန့်စိုးရွံ့နေတဲ့ အမျိုးသမီးကြီးဖြစ်တယ်" စသည်ဖြင့် ဝေဖန်ပြောကြားခဲ့ပါတယ်။

ဒီလို ၂နိုင်ငံအကြား အပြန်အလှန် စွပ်စွဲပြောကြားမှုများကျယ်လောင်နေချိန်မှာပဲ ဇွန်လ ၂၂ရက်မှာတော့ တူရကီနိုင်ငံက ဂျာမနီရှိ သူ့သံအမတ်ကို အင်ကာရာသို့ ဆင့်ခေါ်လိုက်ပါတယ်။ အလားတူပဲ ဂျာမနီနိုင်ငံကလည်း တူရကီရှိသူရဲ့ သံအမတ်ကို ဘာလင်သို့ ဆင့်ခေါ်လိုက်တာကြောင့် ဒါဟာ တစ်ဖော်တက် (tip for tat) "ပါးကိုက်ရင်နားကိုက်မယ်" ဆိုတာပါပဲ။ အီးယူနိုင်ငံအချို့ကတော့ တူရကီအစိုးရကို "ဒါတော့လွန်တာပေါ့" (Strong reaction from Ankara) လို့ မှတ်ချက်ပြုကြပါသဗျ။

**ကျော်စိန်**
**ကိုးကား - ရိုက်တာ**

# မူဆလင်သူပုန်များတိုက်၍ထိုင်း စစ်သည် ၈ ဦးသေ



လာမည့်ဇူလိုင် လဆန်းပိုင်းအတွင်းကျရောက် မည့်မူဆလင် ဘာသာဝင်များ၏ရာမာဒန် ဥပုသ်ရက်များအတွင်း ထိုင်းအစိုးရနှင့်မူဆလင်သူပုန်များ အကြား အပစ်အခတ်ရပ်စဲရေးမူ အရသဘောတူထားသော်လည်း ဇွန်လ ၂၉ရက်နေ့က မူဆလင်သူပုန်များသည်ထိုင်းစစ်သည်များ ကင်းလှည့်နေသည့် စစ်ယာဉ်တစ်စီးကို ယာလာမြို့အတွင်းဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ကြောင့် စစ်သည်၈ဦးသေဆုံးခဲ့ရသည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ထိုင်းအစိုးရက ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူချက်ကို ဖျက်သိမ်းလိုက်သည်။

ထိုင်းနိုင်ငံသည် ဗုဒ္ဓဘာသာဝင် အများစုနေထိုင်လျက်ရှိသော်လည်း၊ ထိုင်းနိုင်ငံတောင်ပိုင်း ယာလာ၊ပတ္တာနီနှင့်နာရာသီဝပ် ပြည်နယ်များတွင် မူဆလင်များ အတူနေထိုင်လျက်ရှိသည်ကိုလည်း ဥပဒေအ အကာအကွယ်ပေးထားသည်။ ထိုင်းနိုင်ငံအနေဖြင့် မူဆလင်များလွှမ်းမိုးမှုမရှိစေရန်ကိုတော့ အစဉ်ကာကွယ်လျက်ရှိသည်။ သို့သော် တောင်ပိုင်းရှိမူဆလင်များသည် ၂၀၀၄ခုနှစ်မှစ၍ ဗုဒ္ဓဘာသာဝင်များနှင့် မကျေလည်မှုများဖြစ်လာရာမှ ပဋိပက္ခများပြင်းထန်လာခဲ့သဖြင့် ထိုင်းနိုင်ငံတောင်ပိုင်းတွင် ယနေ့ထိသေဆုံးသူ၅၃၀၀ကျော်ရှိပြီဟုဆိုသည်။ ထိုင်းအစိုးရအနေဖြင့် မူဆလင်သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ရန်ကမ်းလှမ်းလျက်ရှိသော်လည်း မူဆလင်များကဖမ်းဆီးထားသူ မူဆလင်များအားလုံးလွှတ်ပေးရေးတောင်းဆိုမှုများကြောင့် ဆွေးနွေးပွဲများပျက်ပြားခဲ့ရသည်ဟုဆိုသည်။

**ကျော်စိန်**
**ကိုးကား-ရိုက်တာ**




# ကျွန်တော်စနိုးဒင်ကို အမေရိကန်ဆီ လွှဲမပေးနိုင်ပါဘူး

ဖင်လန်နိုင်ငံကို ရောက်ရှိနေတဲ့ ရုရှားသမ္မတကြီးပူတင်ဟာ ဇွန်လ ၂၆ရက်နေ့သတင်းစာရှင်းလင်းပွဲတစ်ရပ်မှာ"ကျွန်တော်အနေနဲ့တော့ အမေရိကန်တွေတောင်းဆိုသလို စနိုးဒင်ကို အမေရိကန်ဆီ လွှဲပေးဖို့ဆိုတာမဖြစ်နိုင်ပါဘူး၊ ဒီအတွက် အမေရိကန် တွေက ကျွဲမြီးတိုလည်းမတတ်နိုင်ဘူးပေါ့ဗျာ"လို့ရယ်ရယ်မောမောပြောခဲ့ပါတယ်။

အမေရိကန်တို့ရဲ့ လျှို့ဝှက်ချက်တွေကို ဟောင်ကောင်မှာ ဖွင့်ချခဲ့တဲ့ အမေရိကန်ထောက်လှမ်းရေး ဝန်ထမ်းဟောင်း တစ်ယောက်ဖြစ်တဲ့ စနိုးဒင်ဟာ ဟောင်ကောင်မှာ တိမ်းရှောင်နေခဲ့ပြီး ဟောင်ကောင်မှ တစ်ဆင့် ရုရှားသို့ ထွက်ခွာခွင့်ပြုခဲ့တဲ့အတွက်စနိုးဒင်ဟာ ဇွန်လ ၂၅ရက်နေ့မှာ ရုရှားနိုင်ငံကို ရောက်ရှိသွားပြီဖြစ်ပါတယ်။ ရုရှားနိုင်ငံအနေနဲ့တော့ စနိုးဒင်ဟာ ရုရှားနိုင်ငံအတွင်းမှာ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိတာကြောင့် အမေရိကန်ထံ လွှဲပြောင်းပေးရမယ်ဆိုတာ ဘောင်မဝင်ဘူးလို့ပြောထားပါတယ်။ ဒါဟာအမေရိကန်တွေ အနေနဲ့ သွေးရူးသွေးတန်းနဲ့ပြောတာ၊ ဂယောင်ဂတန်းနဲ့တွေ့ကရာရှစ်သောင်းပြောတာပါလို့ သမ္မတပူတင်က အခိုင်အမာ ပြောသွားလေရဲ့။ အမေရိကန်က စနိုးဒင်ကို ပြန်ပို့ရန် တရုတ်နှင့်ရုရှားတို့ကပြင်းဆိုခြင်းမှာ ကမ္ဘာ့နိုင်ငံများအကြား စောင့်ထိန်းလိုက်နာရမည့် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အမေရိကန်က ပြောကြားသည်။ အီကွေဒေါ်နိုင်ငံခြားရေးဝန်ကြီးကလည်း စနိုးဒင်အား နိုင်ငံရေးခိုလှုံခွင့်ပေးခြင်းမှာ လူသား၏အခြေခံလွတ်လပ်ခွင့်ကို ကာကွယ်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

**ကျော်စိန်**
**ကိုးကား-ရိုက်တာ**

■

# ၂၀၁၇ တွင် အမေရိကန်တပ်မဟာ ၁၂ ခုကိုဖျက်သိမ်းမည်





အမေရိကန်ပြည်ထောင်စုတွင် ဘဏ္ဍာရေးလိုငွေပြနေမှုကြောင့် စစ်အသုံးစရိတ် လျှော့ချရေးအစီအစဉ်အရ အီရတ်နှင့် အာဖဂန်စစ်မြေများမှ တပ်များ ရုတ်သိမ်းပြီးချိန်တွင် အမေရိကန်(ကြည်း)တပ်၏ အမာခံတပ်မဟာ (Core Conbat Brigades) ၁၂ ခုကို ဖျက်သိမ်းသွားမည်ဟု ဇွန် ၂၆ ရက်တွင် ပင်တဂွန်က ထုတ်ပြန်ကြေညာသည်။ လောလောဆယ် တပ်မဟာ ၄၅ ခုရှိရာမှ ၂၀၁၇ ခုနှစ်အရောက်တွင် တပ်မဟာ ၃၃ ခုမျှသာထားရှိသွားမည်ဟု ဆိုသည်။ လက်ရှိအမေရိကန်(ကြည်း)တပ်တွင် အမြဲတမ်းစစ်မှုထမ်းဆဲစစ်သည် ၄၉၀၀၀၀ ရှိရာမှ ယခုတပ်မဟာ ၁၂ ခုမှ လျှော့ချမည့်စစ်သည်အင်အားမှာ ၈၀၀၀၀ နီးပါးရှိမည်ဟုဆိုသည်။ အမေရိကန်၏ စစ်အသုံးစရိတ်မှာ ဆယ်ခုနှစ်တစ်ခုအတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ နီးပါးလျှော့ချရမည်ဖြစ်သဖြင့် ယင်းသို့တပ်အင်အားလျှော့ချရခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးချပ်ခ်ဟေဂယ်လ်က ဆိုသည်။ လျှော့ချမည့်တပ်မဟာ ၁၂ ခုတွင် ဂျာမနီအခြေပြု "Grafenwoehr"တပ်မဟာဌာနချုပ်နှင့် Baumholder တပ်မဟာဌာနချုပ် ၂ ခုလည်းပါသည်။ ထို့အပြင် အီရတ်စစ်ပွဲတွင် အမာခံတပ်မကြီးတစ်ခုဖြစ်သည့် အမှတ် (၈၂)လေကြောင်းချီတပ်မမှ အမှတ်(၄)ခြေမြန်တပ်မဟာတစ်ခုနှင့် ဖို့ဒ်ဒရမ်အခြေစိုက် အမှတ်(၃)ခြေလျင်တပ်မဟာတစ်ခုတို့လည်း ဖျက်သိမ်းရာတွင် ပါဝင်မည်ဖြစ်သည်။ **ကျော်စိန်**

Ref; Bloomberg.

Hot News

Vol - 3, No - 147, 5 - 11 Jul, 2013

# ကာကွယ်ရေးဦးစီးချုပ် သွားရောက်လေ့လာခဲ့သည့် ရုရှားလက်နက်စက်ရုံအကြောင်း တစ်စေ့တစ်စောင်း

မောင်ယသသ



ဇွန် ၂၆ရက်က မြန်မာနိုင်ငံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားနိုင်ငံ တူလာ ပြည်နယ်ရှိ KBP လက်နက်စက်ရုံနှင့် ပတ်သက်သည့် အချက်အလက်အချို့ကို အများပြည်သူ သိရှိစေရန်အတွက် တင်ပြလိုက်သည်။

KBP သည် လက်နက်ဒီဇိုင်းမျိုးစုံ ကိုရေးဆွဲပြီး ပုံစံထုတ်သည့် ဗျူရိုတစ်ခု ဖြစ်သည်။ အဆိုပါဗျူရို၏ ညွှန်ချုပ်မှာ ကိုနိုပလက်ဗ်ဖြစ်သည်။ ရုရှားနိုင်ငံ၏ ကာကွယ်ရေးစက်ရုံများတွင် ထိပ်တန်းစာရင်းဝင်သည့်ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။ လက်နက်ပုံစံ ၁၄၀ ကျော်နှင့်စစ်ဆင်ရေး သုံးပစ္စည်းများစွာကို တီထွင်နိုင်ခဲ့သည်။ အချို့မော်ဒယ်များကို တစ်ဆင့်မြှင့်ကာ ရုရှားစစ်တပ်အတွက် အတွဲလိုက်အသုံးပြုနိုင်ရန် စီစဉ်ပေးနိုင်ခဲ့သည်။

လတ်တလောတွင် ပဲ့ထိန်းလက်နက်များကိုထုတ်လုပ်ရန်စီစဉ်နေ၏။ ပစ်မှတ်ကိုတိကျစွာ ထိမှန်နိုင်ရန်အတွက် ပဲ့ထိန်းစနစ်ပါသော လက်နက်များကိုထုတ်လုပ်ရန်နည်းပညာအဆင့်မြှင့်နေသည်။ တီထွင်မှု ၅၀၀၀ ကျော်ကိုလည်း ပူးပေါင်းလုပ်ဆောင်နေသည်။

KBP ၏အဆင့်မြင့်လက်နက်များတွင်-

-တင့်ဖျက်ဒုံးကျည်စနစ်နှင့် တွဲဖက်ပစ္စည်းများ

-တိုက်ပွဲဝင်တင့်ကားများအတွက် လက်နက်စနစ်နှင့် လက်နက်တပ်ဆင်ထားသော အပေါ့စားယာဉ်ငယ်များ

-ပဲ့ထိန်းအမြောက်ကျည်နှင့် ပဲ့ထိန်းဒုံးကျည်စနစ်

-တာကိုလေကြောင်းကာကွယ်ရေးစနစ်

-သေနတ်တပ်ဆင်ပစ္စည်းများနှင့် ခဲယမ်းမီးကျောက်များ

-တိုက်ပွဲဝင်လက်နက်ငယ်များ

-အမဲလိုက်သေနတ်နှင့် အားကစားပြိုင်ပွဲဝင်သေနတ်များပါဝင်သည်။

အနီးကပ်တိုက်ပွဲများအတွက် တိကျမှုမြင့်မားပြီး ကျည်ထွက်မြန်သည့် လက်နက်ငယ်များ၊ ပုခုံးထမ်းလောင်ချာများကို သိပ္ပံနည်းကျပြုလုပ်နေသည်။ နိုင်ငံခြားလက်နက်များနှင့် ပုခုံးချင်းယှဉ်နိုင်ရန်အတွက်လည်း နည်းဗျူဟာပိုင်းဆိုင်ရာသေချာမှုရှိစေမည့် လက်နက်များ ထုတ်လုပ်ရန် ဒီဇိုင်းများရေးဆွဲထားသည်။ ပြည်သူပိုင်စနစ်ဖြင့် ပြုလုပ်ထားသော လက်နက်စက်ရုံဖြစ်ပြီး ၁၉၂၇ ခုနှစ်မှ စတင်တည်ထောင်ထားသည်။ စက်ရုံ လည်ပတ်ဝင်ငွေမှာ ရူဘယ် ၁၄ ဘီလီယံ ရှိသည်။ GSh အတွဲ အမြောက် ၅ မျိုး၊ 9K နှင့် 9M တင့်ဖျက်ဒုံးကျည် ၄ မျိုး၊ SA အတွဲလေယာဉ်ပစ်ဒုံးကျည် ၃မျိုး၊ USK အတွဲ စနိုက်ပါရိုင်ဖယ် ၂မျိုး၊ PP အတွဲစက်သေနတ် ၄ မျိုး၊ GSh ပစ္စတို အတွဲ၃မျိုးနှင့် အခြားသောလက်နက်ကြီး၊ လက်နက်ငယ်များကိုထုတ်လုပ်ခဲ့သည်။

KBP ၏ရည်မှန်းချက်မှာ ပစ်မှတ်ကိုတိကျစွာပစ်နိုင်မည့် မြေပြင်ပစ်၊ မြေပြင်မှ ဝေဟင်ပစ်၊ ဝေဟင်မှမြေပြင် ပစ်လက်နက်များ ထုတ်လုပ်နိုင်ရေးဖြစ်သည်။ ၎င်းလက်နက်များစွာကို ဒီဇိုင်းရေးဆွဲပြီးဖြစ်သည်။ လေကြောင်း ကာကွယ်ရေးဒုံးကျည်သေနတ်စနစ်ကို နည်းပညာအဆင့်မြှင့်နိုင်ခဲ့ပြီး လက်နက်တပ်ဆင်ထားသော ယာဉ်ငယ်များနှင့် ပဲ့ထိန်းအမြောက်စနစ်မှာ ထင်ရှားနေပြီဖြစ်သည်။

KBP မှ တီထွင်လိုက်သော လက်နက်ငယ်များကို ရုရှားစစ်တပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လုံခြုံရေးဌာနများနှင့် ကမ္ဘာအနှံ့တင်ပို့လျက်ရှိသည်။ ပြီးခဲ့သည့်နှစ်များကာလအတွင်း ကမ္ဘာ့စီးပွားရေး အကျပ်အတည်းဖြစ်ချိန်တွင် KBP က ၎င်းထုတ်ကုန်ပစ္စည်းများကို နည်းပညာအဆင့်မြှင့်နေခဲ့သည်။ နိုင်ငံခြားဈေးကွက်အတွင်းသို့ပစ္စည်းများ ကျယ်ကျယ်ပြန့်ပြန့်ပို့ဆောင်နိုင်ရန် ကြိုးစားနေရင်း ရုရှားနိုင်ငံစီးပွားရေးအတွက် စစ်လက်နက်ပစ္စည်းများပြုလုပ်ရောင်းရင်း တစ်ဖက်တစ်လမ်း အကူအညီပေးနေကြောင်း သိရသည်။

## Trademark Caution

**Mega Lifesciences Limited** (formerly known as **Medicap Limited**), a company organized and existing under the laws of Thailand and having its registered office at 384 Soi 6, Pattana 3 Road, Bangpoo Industrial Estate, Samutprakarn 10280, Thailand (hereinafter called the "Company") hereby declare that the company is the Owner and Sole Proprietor of the following trademarks.

MAXXCARE **( Reg. No. 4/12063/2011)**

MAXXCARE We Know How **( Reg. No. 4/12061/2011)**

We Know How **( Reg. No. 4/12062/2011)**

The above trademarks are used in respect of:

" Pharmaceutical and veterinary preparations; sanitary preparations for medical purposes; dietetic substances adapted for medical use, food for babies; plasters, materials for dressings, material for stopping teeth, dental wax; disinfectants; preparations for destroying vermin; fungicides, herbicides in **International Class 5** ".

" Meat, fish, poultry and game; meat extracts; preserved, frozen, dried and cooked fruits and vegetables; jellies, jams, compotes; eggs, milk and milk products; edible oils and fats in **International Class 29** ".

Any fraudulent imitation or unauthorized use of the above marks or other infringements whatsoever will be dealt with according to law.

For **Mega Lifesciences Limited,**
**U Kyaw Swa Myint**
**Advocate ( license no. 7266 )**
**LL.B, MPA.**
**Dated: July,4, 2013.**

## Trademark Caution

**Mega Lifesciences Limited** (formerly known as **Medicap Limited**), a company organized and existing under the laws of Thailand and having its registered office at 384 Soi 6, Pattana 3 Road, Bangpoo Industrial Estate, Samutprakarn 10280, Thailand (hereinafter called the "Company") hereby declare that the company is the Owner and Sole Proprietor of the following trademarks.

MEGA

**( Reg. No. 4/9139/2012 )**

MEGA We care

**( Reg. No. 4/9138/2012 )**

The above trademarks are used in respect of:
" Bleaching preparations and other substances for laundry use; cleaning, polishing, scouring and abrasive preparations; soaps; perfumery, essential oils, cosmetics, hair lotions; dentifrices in **International Class 3** ".
" Pharmaceutical and veterinary preparations; sanitary preparations for medical purposes; dietetic substances adapted for medical use, food for babies; plasters, materials for dressings, material for stopping teeth, dental wax; disinfectants; preparations for destroying vermin; fungicides, herbicides in **International Class 5** ".
" Meat, fish, poultry and game; meat extracts; preserved, frozen, dried and cooked fruits and vegetables; jellies, jams, compotes; eggs, milk and milk products; edible oils and fats in **International Class 29** ".
" Coffee, tea, cocoa, sugar, rice, tapioca, sago, artificial coffee; flour and preparations made from cereals, bread, pastry and confectionary, ices; honey, treacle; yeast, baking- powder; salt, mustard; vinegar, sauces (condiments); spices; ice in **International Class 30** ".
Any fraudulent imitation or unauthorized use of the above marks or other infringements whatsoever will be dealt with according to law.

For **Mega Lifesciences Limited,**
**U Kyaw Swa Myint**
**Advocate ( license no. 7266 )**
**LL.B, MPA.**
**Dated: July,4, 2013.**

The HOT NEWS
Vol - 3, No - 147, 5 - 11 Jul, 2013






## ဂျော်ကီကိုခါချ၍ပြိုင်ပွဲဝင်သောမြင်း

ဘဲလ်မောင့်မြို့၌ ဇွန်လ ၂၅ ရက်ကကျင်းပခဲ့သော ဆဋ္ဌမပြိုင်ပွဲတွင် အသက် ၆ နှစ်အရွယ်ရှိ မြင်းမ 'ဒေါင်းတောင်းဟော်တီ'က ယခုနှစ်များအတွင်း ၎င်း၏ကျောပေါ်တွင်ထိုင်ကာ ထိန်းချုပ်ထားပြီး ကျော၏နောက်ပိုင်းအားနှင်တံနှင့်ရိုက်ကာ မည်သည့်ဘက်သို့ ပြေးရမည်၊ မည်မျှမြန်အောင်ပြေးရမည်ဟူသော အမိန့်ပေးသံများသည် လုံလောက်ခဲ့ပြီဟု ယူဆဟန်တူသည်။

ထို့ကြောင့် ဂျော်ကီဖြစ်သူကို ခါချခဲ့ပြီး အနိုင်ရရှိရေးအတွက် ပို၍ လွတ်လပ်လျှင်မြန်စွာဆက်လက်ပြေးလွှားခဲ့သည်။ 'ဒေါင်းတောင်းဟော်တီ'၏ ဦးခေါင်းသည် အရင်ဆုံးပန်းဝင်နိုင်ခဲ့သော်လည်း ထိုပြိုင်ပွဲအပြီးတွင် ဆွေးနွေးညှိနှိုင်းမှုများအရ သူမအနိုင်မရရှိခဲ့ပေ။ 'ဒေါင်းတောင်းဟော်တီ' သည် သူမအတွက် ဝန်ထုပ်ဝန်ပိုးကိုဖယ်ရှားပစ်ရန်အတွက် အကောင်းဆုံးနမူနာပြခဲ့သည်။ သူမအား နားပူနားဆာလုပ်နေသော ဂျော်ကီကို ကျောပေါ်မှ အပြီးခါချခဲ့သည်။ သို့သော် ဒေါင်းတောင်း ဟော်တီသည် ဂျော်ကီကိုခါချခဲ့မှုအတွက် တန်ပြန်အကျိုးသက် ရောက်မှုကိုကား ခံစားခဲ့ရသည်။ အရှုံးအနိုင်ကြေညာသူက သူမအမည်အား အနိုင်ရရှိသည့်မြင်းအဖြစ်မကြေညာနိုင်ခဲ့ဘဲ ဓာတ်ပုံသမားများကလည်း ကျောပေါ်တွင် ဂျော်ကီမရှိတော့သောသူမကို ဆက်လက်၍ ရိုက်ကူးခြင်း မပြုကြတော့ပေ။

ဥက္ကာအောင်



## ကမ္ဘာ့ရုပ်အဆိုးဆုံးခွေး

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်တွင် ကျင်းပသည့် ၂၅ ကြိမ်မြောက် ကမ္ဘာ့ရုပ်အဆိုးဆုံးခွေးပြိုင်ပွဲတွင် ကြီးမားသောဦးခေါင်းရှိသည့် အိမ်မွေးအမဲလိုက်ခွေးပုလေး 'ဝါလေ'က အနိုင်ရရှိခဲ့သည်။ ကာလီဖိုးနီးယားပြည်နယ် ချီကိုမြို့မှ အသက် ၄ နှစ်အရွယ်ရှိ ဝါလေက ပြိုင်ပွဲစတင်ခါနီး အချိန်တွင်မှ ပြိုင်ပွဲဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ကာလီဖိုးနီးယား ပြည်နယ်မြောက်ပိုင်းတွင်ကျင်းပ ပြုလုပ်သည့် ထိုပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သည့် ခွေးပေါင်း ၃၀ အနက် ရုပ်အဆိုးဆုံးခွေးအဖြစ် ဝါလေကို ဒိုင်လူကြီးများက ဆုံးဖြတ်ခဲ့ကြသည်။ ဒိုင်လူကြီးဘရိုင်ဆိုဘယ်လ်ကထို ခွေးမှာ ခွေးအများအပြားနှင့် အခြားသောတိရစ္ဆာန်များ၏ အစိတ် အပိုင်းများကိုပေါင်းစပ်ပုံဖော်ထားသကဲ့သို့ဖြစ်နေကြောင်းပြောကြား လိုက်သည်။ ထိုခွေးကလေးဝါလေကို ပိုင်ရှင်ဖြစ်သူ တမ်မီဘာတီက အသက် ၃ လသားအရွယ်တွင် ရရှိထားခဲ့ခြင်းဖြစ်သည်။ လူများက ဘာဘီအားထိုခွေးသည် ပုံမှန် မဟုတ်ကြောင်းပြောကြားကြသော်လည်းဘာဘီကမူ ထိုခွေးကလေးကို ချစ်ကြောင်း ပြန်လည်ပြော ကြားခဲ့သည်။

ဥက္ကာအောင်

## ဩစတြေးလျသည် ကမ္ဘာပေါ်တွင် အပျော်ရွှင်ဆုံး



ဩစတြေးလျနိုင်ငံသည် ကမ္ဘာပေါ်တွင် အပျော်ရွှင်ဆုံးနိုင်ငံအဖြစ် ၃ နှစ်ဆက်တိုက်ရွေးချယ်ခြင်းခံခဲ့ရသည်။ ၎င်း၏နောက်တွင် ဆွီဒင်နိုင်ငံက ဒုတိယ၊ ကနေဒါနိုင်ငံက တတိယလိုက်နေသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအသင်း၏ အဆင့်သတ်မှတ်ချက်အရ ဩစတြေးလျနိုင်ငံသည် ၎င်း၏ စီးပွားရေးတောင့်တင်းခိုင်မာမှု၊ ကျန်းမာရေးကောင်းမွန်မှု၊ လုံခြုံမှုနှင့် နေထိုင်မှုအဆင့်အတန်းများအရ ထိပ်ဆုံးမှရပ်တည်နေနိုင်ခြင်းဖြစ်သည်။

နိုင်ငံပေါင်း ၃၀ ကို အခြေခံထားသော ထိုလေ့လာမှုတွင် အလုပ်အကိုင် ဘဝညီညွတ်မျှတမှု၊ အဖွဲ့အစည်းများနှင့်လူနေမှုဘဝ ကျေနပ်ဖွယ်ရှိမှုတို့အပေါ် ရှုမြင်သုံးသပ်ထားသည်။ ထိုလေ့လာမှုအရ ကမ္ဘာ့အပျော်ရွှင်ဆုံးနိုင်ငံ(၁၀)နိုင်ငံမှာ-

ဩစတြေးလျ၊ ဆွီဒင်၊ကနေဒါ၊နော်ဝေး၊ဆွစ်ဇာလန်၊ အမေရိကန်ပြည်ထောင်စု ဒိန်းမတ်၊ နယ်သာလန်၊ အိုက်စလန်၊ယူနိုက်တက်ကင်ဒမ်းတို့ဖြစ်ကြသည်။

ဥက္ကာအောင်

## ဝက်ဝံ၏ တိုက်ခိုက်မှုမှ ကယ်တင်ပေးခဲ့သောမျက်မမြင်မိန်းကလေး




လွန်ခဲ့သော သီတင်းပတ်အကုန်က ဗားမောင့်မြို့မှ အသက် ၁၁ နှစ်အရွယ်ရှိ အိုင်ရီကမ်းဘဲနှင့် သူငယ်ချင်းဖြစ်သူ ပိုက်ပါတို့သည် အိုင်ရီ၏အသက် ၅ နှစ်အရွယ်ရှိမောင်ငယ် ဖိလစ်နှင့်အတူ ၎င်းတို့၏နေအိမ်အနီးရှိ တောအုပ်အတွင်းကစားနေစဉ် ရက်ကွန်းဝက်ဝံက အိုင်ရီကို တိုက်ခိုက်ခဲ့ကြောင်း အိုင်ရီက ဒဗလျူစီအေအိတ်စ်သတင်းသို့ ပြောကြားလိုက်သည်။

ရက်ကွန်း၏ တိုက်ခိုက်မှုကြောင့် အိုင်ရီ၏လက်တွင် ၄ ချက်ချုပ်ခဲ့ရသည်။ အကယ်၍သာ အိုင်ရီ၏သူငယ်ချင်းပိုက်သည်သတ္တိမရှိခဲ့ပါက အခြေအနေသည် ထိုထက်ပို၍ဆိုးပေလိမ့်မည်။ ပိုက်ပါမှာ မွေးရာပါအမြင်အာရုံချို့ယွင်း၍ မျက်မမြင်အဖြစ် တရားဝင်အသိအမှတ်ပြုခံထားရသူဖြစ်သည်။ ပိုက်ပါက ရက်ကွန်းတိုက်ခိုက်ချိန်တွင် သူမ၏လက်တွင်း၌ တုတ်တစ်ချောင်းရှိနေကြောင်း၊ သူမသည် စဉ်းစားမနေတော့ဘဲ ထိုတုတ်ဖြင့်ရိုက်ခဲ့ကြောင်း ပြောကြားသည်။ ဖိလစ်ကလည်း ၎င်းအနေဖြင့်အကူအညီပေးလိုကြောင်း၊ ထို့ကြောင့် တုတ်ကြီးကြီးတစ်ချောင်းကိုရှာကြောင်း၊ တွေ့ရသည့်တုတ်မှာ သူ့အတွက်ကြီးလွန်းနေသဖြင့် အသုံးမပြုရဲကြောင်း၊ ထို့ကြောင့် ပါးစပ်မှသာ 'ရက်ကွန်း-သွားစမ်း' ဟုအော်လိုက်ကြောင်းပြောကြားသည်။

ဥက္ကာအောင်

## ဒီဇိုင်း ဆန်းဆန်းဆိုင်ကယ်ဦးထုပ်များ ဆောင်းကြမလား



ဆိုင်ကယ်ဦးထုပ်ဆိုတာနယ်မြို့ကြီးတွေနဲ့ မြို့ငယ်တွေမှာတော့ မဆောင်းမဖြစ်အသုံးပြုရတဲ့ အရာပါပဲ။ ဦးထုပ်မဆောင်းရင် ကံမကောင်းအကြောင်းမလှလို့ မတော်တဆထိခိုက်မှုဖြစ်ရင် အန္တရာယ်ကြီးပါတယ်။

အခုနောက်ပိုင်းတော့ဆိုင်ကယ်ဦးထုပ်တွေကို လူငယ်တော်တော်များများဖက်ရှင်ကျတဲ့ ပုံစံဒီဇိုင်းခပ်မိုက်မိုက်တွေကို ရွေးချယ်လာကြပါတယ်။ အခုဖော်ပြထားတဲ့ ဦးထုပ်တွေကတော့ ရုရှကြော်ငြာကုမ္ပဏီတစ်ခုဖြစ်တဲ့ GOOD က ဖန်တီးထားတဲ့ ဒီဇိုင်းတွေပါ။ ရိုးရိုးဆိုင်ကယ်ဦးထုပ်ကိုပဲ စိတ်ကူးကောင်းကောင်းနဲ့ 3D ဆန်ဆန်ပုံဖော်လိုက်တဲ့အခါဒီဇိုင်းဆန်းဆန်းနဲ့ ဆိုင်ကယ်ဦးထုပ်လေးတွေရလာပါတယ်။ ဆိုင်ကယ်ဦးထုပ်လေးတွေဆောင်းရင်းအန္တရာယ်ကင်းနိုင်ကြပါစေ။

HN-NI

# လာဘ်ပေးလာဘ်ယူအတွက် မီဒီယာနှင့်ပူးပေါင်းဖော်ထုတ်သွားမည် စာ ၃ သို့



ဆက်သွယ်ရေးလိုင်း စင်ရွေးချယ်ခြင်းနှင့်ပတ်သက်ပြီး ကာတာအခြေစိုက်ကုမ္ပဏီကို လိုင်စင်ရွေးချယ်ပေးအပ်ခြင်းကြောင့် မလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာများပေါ်ပေါက် လာနိုင်ကြောင်း၊ ဘာသာခြားအဖွဲ့အစည်းတစ်ခုဖြစ်၍ ပြည်သူများက ကန့်ကွက်မှုမျိုးကြုံလာနိုင်ကြောင်းကို အင်တာနက်စာမျက်နှာများတွင် ဝေဖန်မှုများရှိနေကြောင်း၊ သိရသည်။ ရင်းနှီးမြှုပ်နှံမှုတွေကိုဖိတ်ခေါ်ရာမှာတန်းတူညီမျှ အခွင့်အရေးပေးရကြောင်း၊ ဆက်သွယ်ရေးလိုင်စင်မှာဆို မလေးရှားလည်းဝင်ပြိုင်၊ အင်ဒိုနီးရှားလည်းဝင်ပြိုင်ကြောင်း၊ ကော်မတီက အသင့်တော်ဆုံးလို့ ယူဆသူကိုရွေး ကြောင်းသဘော မတူမကျေနပ်ရင်ရွေးတဲ့အဖွဲ့မေးလို့ရကြောင်း၊ တရားစွဲလို့ရကြောင်း··· စာ ၄ သို့

## ဆက်သွယ်ရေးတင်ဒါကိစ္စမကျေနပ်လျှင် တရားစွဲနိုင်ဟုဆို



“ တစ်ချိန်က နိုင်ငံ့တာဝန်များဖြင့် မြန်မာနိုင်ငံတစ်နံတစ်လျားလှည့်ပတ်သွားလာပြီးတည်ဆောက်ပြုပြင်လုပ်ငန်းများ ဆောင်ရွက်ခဲ့ရသာကြောင့် မိမိမြို့နယ်၊ ကျေးရွာများအား နှံ့နှံ့စပ်စပ်၊ များများစားစား ရောက်ရှိဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ ယခုအခါ မိသားစု အေးအေးချမ်းချမ်းနေထိုင်ရချိန်တွင် ကိုယ့်ရပ်ကိုယ့်ရွာအတွက် ဘာသာရေး၊ လူမှုရေး၊ ပညာရေးအတွက် တတ်နိုင်သလောက်ကူညီဆောင်ရွက်ပေးမယ်ဆိုပြီးသန္နိဋ္ဌာန်ချမှတ်··· ” စာ ၈ သို့

## ဘာသာသာသနာနှင့် ရပ်ကျိုးရွာကျိုးကိုသာဆောင်ရွက်နေပါသည်ဟု ဦးခင်ညွန့်ပြော



“ KNUကကျွန်တော်တို့ရဲ့ ကျောင်းသူကိုမုဒိမ်းကျင့်လို့ တုတ်နဲ့ရိုက်ပြီး သတ်လိုက်တယ်၊ KNU ရဲ့သေနတ်ကို လုပြီး ထွက်ပြေးလို့ဆိုပြီး ဝါးခြမ်းနဲ့ ရေးသားခဲ့တယ်။ KNU ဟာ ကျောင်းသားတွေ တိုက်ကို လုံးဝ လာပိုင်ခွင့် မရှိဘူး။ လာရင်အမေး အမြန်းမရှိ ပစ်သတ်လို့ရတယ်။ ဒီအဖြစ်မျိုးက ရပ်ရှင်ထဲမှာတော့ ရှိတာပဲလို့ ပါပီမ ဇာတ်ကားအရ တော့ လုပ်လို့ရမှာပါ··· ” စာ ၁၇ သို့

## တစ်ချိန်ကအင်အားချည့်နဲ့ လူစုခွဲခံခဲ့ရတဲ့ ကျွန်တော်တို့ကျောင်းသားများသပိုင်းအမှန်တည်မတ်ချိန် ရှင်းတမ်း (၁)

### တရားရေးအကျိုးဆောင်တွေ သမ္မတကြီး၏ တရားရေးလမ်းညွှန်မှုနှင့်သွေဖည်ဟုဆို စာ ၁၈ သို့

### ဇော်နားပြတ်တွေ ဖြစ်မသွားကြဖို့ လိုသည် စာ ၂၉ သို့

### အစိုးရလူကြီးတွေ ပြည်သူတွေအတွက် ရည်ရွယ်ချက်ကောက်ကောက်ကွေ့ကွေ့တွေ မထားဘဲ ရိုးသားဖြောင့်မတ်စွာလုပ်စေချင်တယ် စာ ၃၅ သို့

### ဝန်ကြီးတွေလာရင် ပျော်တယ် စာ ၂၇ သို့

### ၁၁ လသား အတွင်းအခြေခံကောင်းများချခဲ့ရမည်ဟုသမ္မတဆို စာ ၂၉ သို့

### ပုဂံခေတ်က နိုင်ငံတော်လုပ်ကြံမှုနှစ်မှု စာ ၁၀ သို့

### စစ်ဘေးရှောင်တွေ မလုံခြုံသေးလို့ ပြန်မလာသေးတာ စာ ၅ သို့



## ဟိုတုန်းကာရူလိုင်ရရက်

“ အဲဒီညရဲ့ညဥ့်သန်းခေါင်ယံနှစ်ချက် တီးအချိန်ရောက်တော့ ရန်ကုန်မြို့တော်ကြီးတစ်ခွင်လုံး သိမ့်သိမ့်တုန်လှုပ်ခါသွားတဲ့ဗုံးပေါက်ကွဲသံကြီးမြည်ဟီးစွာထွက်ပေါ်လာပါတယ်။ တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီးကိုမိုင်းဗုံးနဲ့ဖြိုခွဲလိုက်တဲ့ဗုံးပေါက် ကွဲသံကြီးဖြစ်ပါတယ်။ မိုးသောက်လင်းလို့ တက္ကသိုလ်နယ်မြေသို့ပြန်ရောက်ခဲ့တော့မနေ့က ကျောင်းသားများစုဝေးစည်းဝေး ခဲ့ကြတဲ့တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီးက တိုက်ပျက်အုတ်ပုံကြီးအဖြစ်သို့ ပြောင်းလဲသွားပြီးမြေပြင်ပေါ်မှာ ပုံပုံကြီး အိပ်မောကျနေကြပါတယ်ဗျာ . . . ” စာ ၃၀ သို့

### နှစ် (၅၀) ပြည့်ဖောင်မျိုးမင်း (ရင်တွင်းဖြစ်) မှားခဲ့သည်များဖွင့်ဟ၊ မှန်ခဲ့သည်များထုတ်ပြော စာ ၃၃ သို့



